

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- အတတ်ပညာသည်
ရှာဖွေနေသမျှ ရရှိနေမည်သာဖြစ်၏။
မိမိပြည့်စုံပြီဟု ယူဆလိုက်သည်နှင့်
ရှိသမျှအတတ်ပညာများပါ
ပျောက်သွားတတ်ပေသည်။

- လက်ဖြင့် ရိုက်သောအခါ အသားနာ၏။
အချစ်ဖြင့် နှိပ်စက်သောအခါ အသည်းနာ၏။
အသားနာခြင်းက ဖြေဖျောက်၍ ရနိုင်သေးသည်။
အသည်းဒဏ်ရာရလျှင် ကုရန်မလွယ်တော့ပေ။

- ရသင့်သောငွေကို...
မလိုချင်ခြင်းသည် မသိသောကြောင့်ဖြစ်သည်။
မရသင့်သောငွေကို လိုချင်ခြင်းသည်
ဝဋ်သိက္ခာမဲ့ခြင်းသာဖြစ်သည်။

# ဒဿနလက်ဆောင်

- ငွေသည် အရာအားလုံးကို ပြီးစေနိုင်သည်။
အချစ်သည် ဘဝတစ်ခုလုံး ပျော်ရွှင်စေနိုင်သည်။
သံသယနှင့် မိုက်မဲမှုသည်
ထိုအရာနှစ်ခုစလုံးကို ဖျက်ဆီးပစ်နိုင်သည်။

- ရွှေကို မှတ်ကျောက်တင်ပြီး သိနိုင်သည်။
ရိုးသားခြင်းကို ငွေဖြင့် စမ်းကြည့်နိုင်သည်။
အချစ်ကိုတော့...
ဆင်းရဲနွမ်းပါးခြင်းဖြင့် သိနိုင်လေ၏။

- ကံကောင်းခြင်းသည်
လေထဲမှာ ပျံသန်းနေသော
လိပ်ပြာတစ်ကောင်နှင့် တူသည်။
သာမန်ဖမ်းရုံနှင့်တော့ အလွယ်တကူ မရဘဲ
ကြိုးကြိုးစားစား ဖမ်းမှ ရရှိနိုင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | နန်းကောသီဆိုသောမိန်းကလေး |
| အခန်း(၂) | အထူးတာဝန်ပေးအပ်ခြင်း |
| အခန်း(၃) | ဇင်မာဝေနှင့်တွေ့ရခြင်း |
| အခန်း(၄) | အမှောင်ရိပ်အတွင်းမှ အန္တရာယ် |
| အခန်း(၅) | လျှို့ဝှက်သောသဲလွန်စ |
| အခန်း(၆) | အသက်ယူမည့်သေမင်း |
| အခန်း(၇) | သဲယောဇဉ်မြစ်ဖျား |
| အခန်း(၈) | စစ်ရှေ့ဘုန်းနှင့်တွေ့ရခြင်း |
| အခန်း(၉) | သက်စွန့်ဆံဖျားတိုက်ပွဲများ |
| အခန်း(၁၀) | ချိုမြိန်သောအနမ်းများ |
| အခန်း(၁၁) | အန္တရာယ်တွင်းသို့ဝင်ရောက်ခြင်း |
| အခန်း(၁၂) | ဒေါက်တာဇီဝနှင့် အန္တရာယ်ကွန်ရက် |
| အခန်း(၁၃) | ကြုံတွေ့ရသောအသက်ဘေး |
| အခန်း(၁၄) | အန္တရာယ်နိဂုံး အပြုံးမျက်နှာ |


## ဝန်ခံချက်

သရာတို့စက္ကူ၏ ငယ်မူပြန် လျှို့ဝှက်စုံထောက် လက်ရာတစ်ခုဖြစ်ကာ ပရိသတ်နှစ်သက်မည့် ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်ပါသည်။

စိစဉ်သူ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# နန်းကေသီဆိုသောမိန်းကလေး

နန်းကေသီ. . .

အမျိုးသမီးက အတော်လှသည်။

ရှမ်းသွေးပါသူဖြစ်သဖြင့် သူမအသားက ပန်းနုရောင် သမ်းလျက်ရှိသည်။

ပါးပြင်နှစ်ဖက်ဆိုလျှင် ချယ်ရီပွင့်ဖတ်ကလေးများ တင်ထားသလို ပန်းနုရောင်ပြေပြေကလေး။

အရပ်က ငါးပေကျော်မြင့်ပြီး ရှိုက်ဖိုကြီးငယ် အသွယ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်တို့က ပုရိသယောက်ျားတိုင်း ငေးကြည့်ရလောက်အောင် လှသည်။ ချယ်ရီပန်းနုကလေးလို လှသော နန်းကေသီက ယခု သူ့အနားမှာ ရှိနေသည်။

ဒေါက်တာမင်းထင်ကျော် ကုတင်ပေါ်တွင် လှဲရင်း ဒူးယား စီးကရက်တစ်လိပ်ကို ဖွာကာ နန်းကေသီ၏အလှကို တစိမ့်စိမ့် ကြည့်နေသည်။

နန်းကေသီက ပိုးသားအင်္ကျီပါးပါးလေးကို ဝတ်ထားကာ မှန်တင်ခုံ ရှိရာမှ ဆင်းလာသည်။

မှန်တင်ခုံ ရှိရာမှ ဒေါက်တာမင်းထင်ကျော်ဆီသို့ လျှောက်လာဟန်မှာ ဆင်မယဉ်သာကဲ့သို့ နွဲ့နှောင်းညင်သာလှသည်။

သူမသည် ကုတင်အနီးသို့ ရောက်သောအခါ ကုတင်စွန်းတွင် တင်ပလွဲ ဝင်ထိုင်၍ ဒေါက်တာမင်းထင်ကျော်ပေါ်မှ ကျော်ပြီး လက်ထောက်ကာ ငုံ့ကြည့်နေသည်။

သူမ မျက်လုံးအစုံက ကြယ်ပွင့်များကဲ့သို့ အရောင်တောက်ပလျက်ရှိသည်။

သူမက ဒေါက်တာမင်းထင်ကျော်ကို စိုက်ကြည့်နေသလို ဒေါက်တာမင်းထင်ကျော်ကလည်း သူမကို ပြန်၍စိုက်ကြည့်နေသည်။

အဘယ်မျှကြာအောင် စိုက်ကြည့်နေမိသည်မသိ။ လက်ကြားတွင် ညှပ်ထားသော စီးကရက်က တိုပြီး လက်ကို ပူတော့မှ သတိရကာ နေရာမှ ထသည်။





သူ့အမူအယာကို ကြည့်ပြီး နန်းကေသီက အံ့ဩသွားဟန်ရှိသည်။

"ဟင်. . . ဘယ်သွားဦးမလို့လဲ"

"အပြင်ခဏသွားမလို့ပါ"

နန်းကေသီမျက်နှာပေါ်တွင် မကျေနပ်မှု အရိပ်အယောင်ကလေးများ ယှက်သန်းသွားသည်။

ဒေါက်တာမင်းထင်ကျော်က သူမလက်မောင်းများကြားမှ လျှိုကာ အပြင်သို့ ထွက်လိုက်သည်။

ထို့နောက်. . .

ကုတင်ပေါ်မှ ဆင်းကာ နံရံတွင် ချိတ်ထားသော အင်္ကျီကို အပေါ်မှ ဝတ်သည်။

လူဂါပစ္စတို ထည့်ထားသောအိတ်ကို ချိုင်းအောက်တွင် လွယ်သည်။ ပေါက်ကွဲစာကလေးများ ထည့်ထားသောအိတ်ကို လက်မောင်းတွင် ပတ်ချည်သည်။

ပြီးမှ အပေါ်မှ ကုတ်အင်္ကျီ ထပ်ဝတ်လိုက်သည်။

ပစ္စည်းများ နေသားတကျ ဖြစ်သောအခါ နန်းကေသီ ရှိရာသို့ လျှောက်လာပြီး သူမ၏နဖူးကလေးကို ငုံ့နမ်းလိုက်သည်။

"ငါ့ကို ခွင့်လွှတ်ပါကွာ၊ တကယ်လို့ အပြင်က ကိစ္စပြီးလို့ အချိန်မီ ပြန်ရောက်လာရင် မင်းဆန္ဒပြည့်အောင် လိုက်ဖြည့်ပေးပါ့မယ်"

"ရှင်က အပြင်က ဘယ်အချိန်ပြန်လာမှာလဲ"

နန်းကေသီ မကျေမနပ်ဖြင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမေးခွန်းကို ငါ့ကိုယ်ငါ ပြန်မေးရင်တောင် ဖြေတတ်မှာ မဟုတ်ဘူး၊ ငါ အခန်းကို ပြန်ရောက်တာနဲ့ မင်းကို ခေါ်ပါ့မယ်၊ ကဲ. . . အပြင်ထွက်ကြရအောင်"

နန်းကေသီက မကျေမနပ်ဖြင့် သူမ၏အဝတ်အစားများ ပြန်လဲပြီးနောက် အခန်းအပြင်သို့ ပြန်ထွက်သွားလေတော့သည်။ သူမခြေသံ အတော်ဝေးဝေးရောက်သွားတော့မှ အခန်းထဲမှာ လုပ်စရာရှိတာများ လုပ်ကာ ရုပ်ဖျက်၍ အပြင်သို့ ထွက်ခဲ့လေသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအတုများနှင့် မျက်မှန်ဝိုင်းကလေး တပ်ထားသော သူ့ကို ဟော်တယ်စာရေးက လှမ်းကြည့်ကာ ဇဝေဇဝါဖြစ်သွားပုံရသည်။

သူထွက်သွားသောအခါ ဟော်တယ်အခန်းများတွင် တည်းခိုနေသူများ၏မှတ်တမ်းဓာတ်ပုံများကို လှန်၍ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့်လူကို ရှာနေပေလိမ့်မည်။

သိန္နီမြို့ကလေးမှာ မှုန်ဝါးသောမီးရောင်များ အောက်ဝယ် လှုပ်ရှားမှုများ လေးကွေးနေသယောင်ရှိသည်။

တစ်ခါတစ်ရံ တဝီဝီ ဖြတ်မောင်းသွားသော ကိုယ်ပိုင်ကားများမှလွဲ၍ လမ်းများပေါ်တွင် လူအသွားအလာ သိပ်မရှိလှပေ။

ဒေါက်တာမင်းထင်ကျော်သည် ဦးထုပ်ဝိုင်းကြီးကို ခပ်စိုက်စိုက် ဆောင်းကာ ကုတ်အင်္ကျီအိတ်အတွင်းသို့ လက်နှိုက်ကာ တစ်လှမ်းချင်း လျှောက်လာသည်။





ထိုအခိုက်. . .

သူ့နောက်ဘက်မှ သူ့အရိပ်မဟုတ်သော အရိပ်ပွားတစ်ခု ကပ်ပါလာသည်ကို လှည့်မကြည့်ဘဲ သူသတိပြုမိလိုက်သည်။

လမ်းထောင့်ရောက်သောအခါ ရပ်၍ ဒူးယားစီးကရက်တစ်လိပ်ကို ထုတ်ယူ၍ ပါးစပ်တွင် တေ့ကာ မီးညှိလိုက်သည်။

ဇစ်ပိုမီးခြစ်အဖုံးတွင် တပ်ထားသော မှန်ဝိုင်းကလေးမှ တစ်ဆင့် နောက်သို့ ကြည့်လိုက်သောအခါ သစ်ပင်ကွယ်တစ်ခုတွင် ကပ်ရပ်နေသော လူရိပ်တစ်ခုကို တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော် တစ်ချက်ပြုံးကာ မီးခြစ်ကို ပြန်ပိတ်၍ အိတ်ထဲ ထည့်လိုက်ပြီး လမ်းချိုးတစ်ခုအတွင်းသို့ လှည့်ဝင်လိုက်သည်။

ထိုလမ်းကြားတဝိုက်မှာ လမ်းမီးရောင်နှင့် အလှမ်းဝေးပြီး သစ်ပင်ရိပ်များ အုပ်ဆိုင်းနေသဖြင့် အမှောင်ရိပ်က ဖုံးလွှမ်းနေသည်။ ဒေါက်တာမင်းထင်ကျော် လမ်းချိုးအတွင်း ဝင်လိုက်ပြီး သစ်ပင်ကြီးတစ်ပင်နောက်သို့ ဖျတ်ကနဲ ပြေးကပ်လိုက်သည်။

အတန်ကြာသောအခါ. . .

လမ်းချိုးအတွင်းသို့ လော်င်းကွတ်အင်္ကျီအရှည် ဝတ်ပြီး ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားသော လူတစ်ယောက် ဝင်လာသည်။ သူသည် အင်္ကျီအိတ်အတွင်းသို့ လက်နှိုက်ထားသည်။

အိတ်တွဲကျနေပုံ ကြည့်ရုံနှင့် သေနတ်တစ်လက် ကိုင်ထားကြောင်း အကဲခတ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ကျိုးကန်းတောင်းမှောက် မျက်လုံးများဖြင့် လမ်းတစ်လျှောက်လုံး ဟိုကြည့်သည်ကြည့် ကြည့်ကာ ဒေါက်တာမင်းထင်ကျော် ပုန်းနေရာမှ ကျော်လျှောက်သွားသည်။

၎င်း လမ်းချိုးတစ်ခုအတွင်း ဝင်သွားတော့မှ ဒေါက်တာမင်းထင်ကျော် နေရာမှ ထွက်ကာ နောက်ကြောင်းပြန်လျှောက်ခဲ့သည်။

သူ. . .

မြို့ပြင်တစ်နေရာမှ ညလုံးပေါက် ဖွင့်သော စားသောက်ဆိုင်သို့ ရောက်သွားတော့ ညကိုးနာရီကျော်နေပြီ။

ဆိုင်အတွင်းမှာ စားသောက်သူ သိပ်မရှိတော့ဘဲ စားပွဲတစ်လုံးနှစ်လုံး၌သာ အရက်ဝိုင်းဖွဲ့နေသူအချို့သာ ရှိတော့သည်။

ဒေါက်တာမင်းထင်ကျော် ဆိုင်ထဲ ဝင်လိုက်ပြီးနောက် ထောင့်ကျကျစားပွဲတွင် နေရာယူလိုက်သည်။

ထိုနေရာမှ လှမ်းကြည့်လျှင် လမ်းမပေါ်သို့ လှမ်းမြင်ရသည်။ မကြာမီ စားပွဲထိုးက အိပ်ချင်မပြေသေးသော အမူအရာနှင့် အနားရောက်လာပြီး "ဘာသောက်မလဲ ဆရာ" ဟု မေးသည်။

"ကြက်ဥကြော် ရလား"

"ရတယ်"

"ဒါဆိုရင် ကြက်ဥကြော်တစ်ပွဲ၊ ကော်ဖီခါးခါးတစ်ခွက်ပေး"





"ဟုတ်. . ."

စားပွဲထိုးလေး ပြန်ထွက်သွားတော့ သူ ဒူးယားတစ်လိပ်မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာကာ စောင့်နေစဉ် ဘဲဥပြုတ် ကြက်ဥပြုတ် ရောင်းသောအဘိုးကြီးတစ်ယောက် မယောင်မလည်နှင့် သူ့အနီး ရောက်လာသည်။

"ဘဲဥပြုတ် ကြက်ဥပြုတ် စားဦးမလား မောင်ရင်လေး"

ဒေါက်တာမင်းထင်ကျော်က အဘိုးကြီးကို တစ်ချက်အကဲခတ်ကြည့်ကာ. . .

"ကျွန်တော်က ဘဲဥပြုတ် ကြက်ဥပြုတ် မစားချင်ဘူးဗျ"

"မောင်ရင်က ဘာစားချင်တာလဲ"

"သိမ်းငှက်ဥ"

အဘိုးကြီး တစ်ချက်ပြုံးလိုက်သည်။

"သိမ်းငှက်ဥက ရှားတယ်ကွ၊ လိုချင်ရင်တော့ ငါရှာထားပါ့မယ်၊ မင်းလာယူမလား"

"လိပ်စာပေးထားခဲ့လေ. . . ကျွန်တော်လာယူပါ့မယ်"

"မနက်ရှစ်နာရီ မြို့ပြင်ဘက်က ခြံအမှတ်(၅)ကို လာခဲ့၊ အဲဒီမှာ သိမ်းငှက်ရှိတယ်"

ဒေါက်တာမင်းထင်ကျော် ခေါင်းညိတ်ပြပြီး အဘိုးအိုဆီက ကြက်ဥပြုတ်တစ်လုံး ဝယ်လိုက်သည်။

အဘိုးအိုက သူ့ကို ပြုံးပြပြီးနောက် လမ်းမပေါ် ပြန်ထွက်သွားလေတော့သည်။

အမှောင်ထဲမှ 'ဘဲဥပြုတ် ကြက်ဥပြုတ် ရမယ်' ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အော်သံကို ဒေါက်တာမင်းထင်ကျော် ကြားနေရသည်။

မကြာမီ. . .

စားပွဲထိုးလေးက ကြက်ဥကြော်တစ်ပွဲနှင့် ကော်ဖီတစ်ပန်းကန် လာချပေးသည်။

"ဘာမှာဦးမလဲ ဆရာ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သောအခါ စားပွဲထိုးကလေးက အခန်းထောင့်ရှိ စားပွဲတစ်လုံးပေါ် သွားထိုင်၍ ငိုက်နေပြန်သည်။ ဆိုင်အတွင်းမှ တိုးတိုးဖွင့်နေသော အင်္ဂလိပ်သီချင်းတစ်ပုဒ် ဆုံးသွားသောအခါ ဒေါက်တာမင်းထင်ကျော် ကော်ဖီနှင့်ကြက်ဥကြော်ကို စားသောက်ပြီးသွားပြီ။

ကျသင့်ငွေကို စားပွဲပေါ် တင်ထားခဲ့ပြီး သူထွက်လာတော့ ညဆယ်နာရီခန့် ရှိနေပြီ။

သူသည်. . .

အမှောင်ရိပ်ကို အကာအကွယ်ယူကာ ဟော်တယ်သို့ ပြန်လာခဲ့သည်။

ယခုအခါ သူ့မျက်နှာပေါ်တွင် မျက်မှန်နှင့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ မရှိတော့ပေ။

ဟော်တယ်တွင်း ဝင်သွားသောအခါ ကောင်တာစာရေးမလေးက သူ့အား ပြုံး၍ နှုတ်ဆက်သည်။

ဒေါက်တာမင်းထင်ကျော်က အနားလျှောက်သွားပြီး မိမိအား လာမေးသူ ရှိမရှိ ဟိုတယ်စာရေးမကို မေးကြည့်သည်။

ဟော်တယ်စာရေးမက မရှိကြောင်း ပြန်ဖြေသောအခါ





ဒုတိယထပ်ရှိ မိမိအခန်းရှိရာသို့ တက်လာခဲ့သည်။

အခန်းရှေ့ရောက်၍ သော့အိမ်ထဲ သော့ထည့်လိုက်စဉ်မှာ တံခါးချက်ပွင့်နေသည်ကို သတိပြုမိလိုက်သည်။

လက်နှိပ်ဓာတ်မီး ထုတ်၍ လက်ကိုင်ဖုကို ကြည့်သည်။

သူဖြူးထားခဲ့သော ပေါင်ဒါမှုန့်များပေါ်တွင် လက်ရာများကို တွေ့ရသည်။ မိမိတံခါးသော့ကို တစ်စုံတစ်ယောက်က ဖွင့်ထားနှင့်ပြီ။ ဒေါက်တာမင်းထင်ကျော် အိတ်အတွင်းမှ လူဂါသေနတ်ကို ဆွဲထုတ်လိုက်သည်။

ဟော်တယ် စင်္ကြံလမ်းတစ်လျှောက် မည်သူမျှ မရှိပေ။

ခပ်မှိန်မှိန်ထွန်းထားသော မီးရောင်အောက်ဝယ် ပိတ်ထားသောတံခါးများကိုသာ လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော် တံခါးဝမှ ပြန်ဆုတ်လာပြီး စင်္ကြံမီးလုံးအချို့ကို ပိတ်ပစ်လိုက်သောအခါ သူ့အခန်းဝတစ်ဝိုက် မှောင်သွားလေတော့သည်။

ထို့နောက်. . .

သေနတ်ကို အသင့်ပြင်ပြီး တံခါးလက်ကိုင်ဘုကို ဖြည်းဖြည်းချင်း လှည့်ဖွင့်သည်။

သော့က ဖြုတ်နေပြီဖြစ်သောကြောင့် တံခါးက အလွယ်တကူ ပွင့်သွားသည်။ တံခါးဟ,သွားသည်နှင့် သေနတ်ကို အတွင်းသို့ ချိန်ထားသည်။

အခန်းတွင်း၌ မည်းမှောင်နေသည်။

ခဏရပ်၍ နားစွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်လျက် မည်သည့်အသံမှ မကြားရပေ။

တံခါးကို အသာတွန်း၍ အခန်းတွင်းသို့ လှစ်ကနဲ ဝင်လိုက်သည်။ အမှောင်ထဲ ရပ်ပြီး နားစွင့်ကြည့်ပြန်သည်။

တစ်စုံတစ်ခု လှုပ်ရှားသံ အသက်ရှူသံမျိုးပင် မကြားရပေ။

အမှောင်ထဲမှာ မျက်လုံးက ကျင့်သားရလာသည်။ အိမ်ထောင်ပရိဘောဂများနှင့် ခန်းစည်းများကြားမှ အပြင်မှ အလင်းရောင်သဲ့သဲ့က တိုးဝင်နေသည်။

ဒေါက်တာမင်းထင်ကျော် တံခါးကို ပြန်ပိတ်လိုက်သည်။

အခန်းသန့်ရှင်းရေး တာဝန်ကျ အမျိုးသမီးတစ်ယောက်သည် သူ မရှိချိန်တွင် အခန်းထဲ ဝင်၍ သန့်ရှင်းရေး လုပ်သွားခြင်းလည်းဖြစ်နိုင်သည်။

သို့မဟုတ် အခြားတစ်ယောက်ယောက် ခိုးဝင်လာပြီး ကသုတ်ကရက် ပြန်ထွက်သွားခြင်းလည်းဖြစ်နိုင်သည်။

သို့သော် မသေချာလှပေ။

ဒေါက်တာမင်းထင်ကျော် ယူထားသောအခန်းမှာ အခန်းစုံ ပါသော အခန်းငယ်တစ်ခန်းဖြစ်ကာ ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ ရေအိမ်ခန်း အစုံပါသည်။

ယခု သူရောက်နေသောအခန်းမှာ ဧည့်ခန်းဖြစ်ပြီး ရေချိုးခန်းနှင့် အိပ်ခန်းကို မကြည့်ရသေးပေ။

ရေအိမ်နှင့် ရေချိုးခန်းထဲ ဝင်ကြည့်သော်လည်း တစ်





ယောက်မှ မတွေ့ရပေ။

သူကြည့်စရာ အိပ်ခန်းတစ်ခန်းသာ ကျန်တော့သည်။

ဧည့်ခန်းကို ဖြတ်ကာ အိပ်ခန်းဆီသို့ သွားသည်။

အခန်းရှေ့ရောက်သောအခါ အတန်ကြာအောင်ရပ်ပြီး နားစွင့်လိုက်သည်။

တိတ်ဆိတ်နေသောအချိန်တွင် အခန်းထဲမှ ထူးခြားမှုကို သူသတိပြုမိသည်။

သေချာပြီ. . .။

မိမိအိပ်ခန်းထဲမှာ တစ်စုံတစ်ယောက်ရှိနေပြီ။

တံခါးက ဟနေသည်။

ထိုနေရာမှ လက်လျှိုသွင်းပြီး မီးခလုတ်ကို ဆတ်ကနဲဖွင့်ကာ တံခါးကို ဆောင့်တွန်း၍ သူ အခန်းထဲသို့ လှိမ့်ဝင်လိုက်သည်။

ကုတင်ပေါ်တွင် ဘယ်သူမှ ရှိမနေ။

သူ့ညာဘက်ဆက်တီပေါ်မှ လှုပ်ရှားမှုကို ရိပ်ကနဲ မြင်လိုက်ရသဖြင့် သေနတ်နှင့် ချိန်လိုက်သည်။ သေနတ်မောင်းပေါ်တင်လိုက်သော မောင်းမှာ တင်းကနဲ ဖြစ်သွားသည်။

ခလုတ်မောင်းမဖြုတ်မီ အချိန်မီကလေး သတိပြုလိုက်မိ၍သာ တော်ရော့သည်။

ဆက်တီပေါ်မှ နန်းကေသီက အိပ်ချင်မူးတူးအမူအယာဖြင့် ထလာသည်။ သေနတ်ပြောင်းဝ မြင်လိုက်သောအခါ အိပ်ချင်စိတ် ပြေသွားပုံဖြင့် မျက်လုံးကျယ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်တော့မှာပဲ"

ထိုသို့ဆိုကာ ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

သို့တိုင်အောင် နန်းကေသီက အကြောက်ပြေပုံ မရသေးဘဲ ပါးစပ်အဟောင်းသားနှင့် ဒေါက်တာမင်းထင်ကျော်ကို ငေးကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်ထံတွင် သေနတ်ကို တွေ့လိုက်ရသဖြင့် အံ့သြနေပုံလည်း ရသည်။

ဒေါက်တာမင်းထင်ကျော်က ဘယ်လိုမှ ထူးခြားမှု မဖြစ်သလို အမူအယာဖြင့် ဆက်တီပေါ် ဝင်ထိုင်ကာ ဒူးယား စီးကရက်ကို မီးညှိဖွာလိုက်သည်။

"မင်း ဒီအခန်းထဲကို ဘယ်လိုဝင်လာတာလဲ"

"ကျွန်မ လာတော့ ရှင့်အခန်းတံခါးက ပွင့်နေပြီးသား။ ကျွန်မက ရှင်ပြန်ရောက်နေပြီထင်လို့ အခန်းထဲ ဝင်လာတာ။ နောက်တော့ ရှင်မရှိတာနဲ့ ဆက်တီပေါ် တက်အိပ်နေတာ တစ်ရေးတောင် ရနေပြီ၊

ရှင့်သေနတ်ကြီး မြင်လိုက်တော့မှ လန့်ပြီး အိပ်ချင်ပြေသွားတာ"

ဒေါက်တာမင်းထင်ကျော် နန်းကေသီမျက်နှာကို ခဏစဲ ခတ်ကြည့်လိုက်သည်။

သူမ လိမ်ပြောနေခြင်း မဟုတ်မှန်း သိလိုက်သည်။

"မင်းဝင်လာတော့ ငါ့အခန်းတံခါးက ပွင့်နေတယ်ဟုတ်





လား"

"ဟုတ်တယ်. . . ဒါကြောင့် ကျွန်မ ဝင်လာနိုင်တာပေါ့၊ မဟုတ်ရင် ဘယ်လိုလုပ် ဝင်ရမလဲရှင့်"

"အေးကွာ. . . အပြင်သွားချင်ဇောနဲ့ တံခါးချက်မချဘဲ ပိတ်သွားမိတယ် ထင်ပါရဲ့၊ ကဲ. . . ဒါထက် မင်းက ဘာကိစ္စနဲ့ ငါ့အခန်းထဲ ပြန်ရောက်နေတာလဲ"

နန်းကေသီက မျက်စောင်းတစ်ချက် ဝေ့ကြည့်ကာ. .

"ဒီည ရှင့်အတွက် အဖော်တစ်ယောက်များ လိုမလားလို့ပါ"

ဟု မခို့တရို့အပြုံးလေးဖြင့် ပြောသည်။

"ကျေးဇူးတင်ပါတယ်ကွာ. . . ငါ ဒီည အလုပ်လုပ်စရာတွေ များနေလို့ အဖော်မလိုတော့ဘူး၊ နောက်များမှပဲ တွေ့ကြတာပေါ့"

နန်းကေသီမျက်နှာလေးပေါ်တွင် အလိုမကျမှုများ ဖြစ်သွားသည်။

"ရှင်က ပြောတော့ တစ်မျိုး"

သူမက နှုတ်ခမ်းစူကာ မျက်စောင်းတစ်ချက်ထိုးသည်။

ဒေါက်တာမင်းထင်ကျော်က သူမအနီးတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက် လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး

"နန်းကေသီ. . . မင်းဟာ အတော်လှပြီး ဆွဲဆောင်မှုရှိတဲ့ မိန်းမတစ်ယောက်ပဲ၊ မင်းကို တွေ့ရင် စိတ်မဝင်စားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမရှိတာ သေချာပါတယ်၊

အဲဒီထဲမှာ ငါလည်း ပါတယ်လို့ ဝန်ခံရမှာပဲ၊

ဒါပေမယ့် တစ်ခါတစ်ရံတော့လည်း ဒါတွေကိုဥပေက္ခာပြုရတာတွေ ရှိပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါကွာ”

ဒေါက်တာမင်းထင်ကျော်က နန်းကေသီကို နှစ်သိမ့်မှုပေးကာ အိတ်ကပ်ထဲမှ ငွေစက္ကူအချို့ကို ထုတ်ကာ သူမလက်ထဲသို့ ထည့်ပေးလိုက်သည်။

“ကဲ . . . မင်းပြန်ပြီးအနားယူပေတော့”

နန်းကေသီက နေရာမှ ထသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သူမနှင့်အတူ ထရပ်ကာ အခန်းဝအထိ လိုက်ပို့ပေးသည်။

အခန်းဝ ရောက်သောအခါ နန်းကေသီက ဒေါက်တာမင်းထင်ကျော်ကို ရင်ချင်း အပ်၍ဖက်ကာ ပါးကို နမ်းသည်။

“ရှင်ဟာ ကျွန်မ တွေ့ဖူးသမျှ ယောက်ျားတွေထဲမှာ ဆွဲဆောင်မှုအရှိဆုံးနဲ့ စိတ်ဝင်စားဖို့အကောင်းဆုံး ယောက်ျားတစ်ယောက်ပဲ”

ထိုသို့ပြောပြီးနောက် အခန်းအပြင်ဘက်သို့ ထွက်သွားလေတော့သည်။

နန်းကေသီ ထွက်သွားသောအခါ ဒေါက်တာမင်းထင်ကျော် တံခါးပြန်ပိတ်ပြီးနောက် ချက်ပြန်ချထားလိုက်သည်။

ထို့နောက် ကုလားထိုင်တစ်လုံး ယူ၍ တံခါးဝတွင် ချထားလိုက်သည်။





ပြီးမှ ကိုယ်လက်သန့်စင်ရန် ရေချိုးခန်းထဲ ဝင်ခဲ့သည်။

မျက်နှာသစ်ရန် ကြွေဇလုံသို့ ရောက်သောအခါ မှန်ပေါ်တွင် စာတစ်စောင် ကပ်ထားသည်ကို တွေ့ရသည်။

တိတ်ဖြင့် ကပ်ထားသောစာကို ဆွဲခွာ၍ ဖတ်ကြည့်သောအခါ. . .

“အသက်နဲ့ကိုယ် အိုးစားမကွဲချင်ရင် ဒီမြို့က အမြန်ဆုံးထွက်သွားပါ”

ဟူသောစာကို လက်ရေးခပ်သော့သော့ဖြင့် ရေးထားသည်ကို တွေ့ရသည်။

သေချာပြီ။

မိမိအခန်းထဲသို့ နန်းကေသီအရင်တစ်ယောက်ယောက် ဝင်ရောက်သွားသည်မှာ သေချာသွားပြီ။

မိမိအတွက် သိန္နီသည် လုံခြုံမှု မရနိုင်တော့။


လေးဘက်လေးတန် မှန်ကာထားသော အခန်းထဲ ရောက်နေရသူပမာ မိမိလှုပ်ရှားလိုက်တိုင်း ပတ်ပတ်လည်ရှိ ပုံရိပ်များကလည်း ထပ်တူထပ်မျှ လိုက်လံလှုပ်ရှားနေကြပြီ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

# အထူးတာဝန်ပေးအပ်ခြင်း

မြို့အပြင်ဘက်ရှိ ခြံအမှတ်(၅)ကို သူရောက်သွားတော့ (၈)နာရီကျော်သွားပေပြီ။

အခန်းတစ်ခန်းထဲမှာ သိမ်းငှက်(၁)က လက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

စားပွဲပေါ်ရှိ ဆေးလိပ်ခွက်ထဲတွင် စီးကရက်သုံးခုကို မြင်ရသဖြင့် အခန်းထဲသို့ သိမ်းငှက်(၁) ရောက်နေသည်မှာ အတော်ကြာနေပြီဖြစ်ကြောင်း ဒေါက်တာမင်းထင်ကျော် အလဲခတ်



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်။

သူ ဝင်လာတာ မြင်သောအခါ သိမ်းငှက်(၁)က စားပွဲနောက်ဖက် လျှောက်သွားသည်။

"ထိုင်ကွာ သိမ်းငှက်(၅)"

"ကျွန်တော် နောက်က အရိပ်တွေကို မျက်ခြည်ပြတ်နေရတာနဲ့ အချိန်နည်းနည်းနောက်ကျသွားတယ် အဘ"

"မင်း ဒီရောက်လာတာပဲ တော်လှပေါ့ကွာ၊ ကဲ. . . ထိုင်ထိုင်"

"ဘာထူးသေးလဲ"

ဒေါက်တာမင်းထင်ကျော်က အခန်းထဲ စာဝင်ကပ်သွားပုံအကြောင်းကို ပြောပြလိုက်သည်။

"အင်း. . . သိန္တိက တို့အတွက် လုံခြုံမှုပေးနိုင်တဲ့နေရာတစ်ခုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းနဲ့ငါနဲ့ တွေ့ဖို့ ဒီနေရာပဲ အဆင်ပြေဆုံး ဖြစ်လို့သာ ဒီနေရာကို ရွေးလိုက်ရတာပါပဲ"

ထိုသို့ဆိုကာ သိမ်းငှက်(၁)က စားပွဲအံဆွဲထဲမှာ ထည့်ထားသော စာရွက်စာတမ်းများကို ထုတ်၍ စားပွဲပေါ် တင်လိုက်သည်။

ထို့နောက် ဖိုင်တစ်ခုကိုပါ ထုတ်ယူလိုက်သည်။

"အရင်က တို့နိုင်ငံက ဇီဝဗေဒပညာရှင်တစ်ယောက်ကို နိုင်ငံခြားကို ပညာတော်သင် လွှတ်လိုက်တာ မင်းသိတယ်မဟုတ်လား"

ဒေါက်တာမင်းထင်ကျော် မျက်မှောင်ကြုတ်လျက် စဉ်း





စားပြီး. . .

"တစ်နှစ်က အမေရိကန်နိုင်ငံကို ထွက်သွားတဲ့ ဒေါက်တာဇီဝကို ပြောတာလား"

"အေး. . . ဟုတ်တယ် အခု သူက နယ်စပ်မှာ နိုင်ငံခြားသားတွေနဲ့ ပူးပေါင်းပြီး မိစ္ဆာပိုး စီမံကိန်းတစ်ခု လုပ်နေတယ်ကွ"

"မိစ္ဆာပိုး ဟုတ်လား"

"မင်းသိအောင် ငါရှင်းပြပါ့မယ်၊ ဒီမိစ္ဆာပိုးဆိုတာ ရေမှော်တွေထဲက ထုတ်ယူတဲ့ဇီဝပိုးတစ်မျိုးက တစ်ဆင့်ပြန့်ပွားယူတာပဲ၊

သံပြားကောင်တစ်မျိုးဖြစ်တဲ့ ဒီပိုးဟာ လူရဲ့ခန္ဓာကိုယ်အတွင်းမှာ ကပ်ပါးပိုးအဖြစ်နဲ့ တမြေ့မြေ့ ဒုက္ခပေးတတ်တဲ့ပိုးမျိုးပဲ၊

ဒေါက်တာဇီဝက ပထမတော့ ရေမှော်ကတဆင့် ထုတ်ယူလို့ရတဲ့ ပိုးတစ်မျိုးကိုပဲ သုတေသန လုပ်ခဲ့တာပါ

အဲဒီလို သုတေသန လုပ်ရင်း ဒီထက်ပိုပြီး အန္တရာယ်ပေးနိုင်တဲ့ ပိုးတစ်မျိုးကို ထုတ်နိုင်တဲ့ ဖော်မြူလာကို သူတွေ့သွားခဲ့တယ်၊

ဒီသတင်းကို တို့ဆီက ထောက်လှမ်းရေးသမားတွေက ထောက်လှမ်းနိုင်ခဲ့ကြတယ်၊

ဒီပိုးကို သူတို့က "အိုမီဂါ" လို့ အမည်ပေးထားကြတယ်၊

အိုမီဂါဆိုတာ ဂရိအက္ခရာတွေမှာ နောက်ဆုံးအက္ခရာဆိုတော့ ဒီပိုးကလဲ လူ့အသက်ကို နောက်ဆုံး အဆုံးသတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ပိုးလို့ အမိပ္ပါယ်ရတယ်"

"ကြောက်စရာ အတော်ကောင်းတာပဲ"

"အေး. . ကြောက်စရာကောင်းတာထက် အန္တရာယ်လဲ အတော်ကြီးတယ်၊ ဒီအိုမီဂါပိုးဟာ အပွားနှုန်း မြန်တယ်၊ လက်ရှိဆေးဝါးတွေ ပိုးသတ်ဆေးတွေရဲ့ဒဏ်ကိုလည်း ခံနိုင်တယ်"

ဒေါက်တာမင်းထင်ကျော်က သိမ်းငှက်(၁)ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"အိုမီဂါပိုးတွေကို အသုံးပြုပြီး တိုင်းပြည်ကို ခြိမ်းခြောက်နိုင် အကျပ်ကိုင်နိုင်တယ်လို့ ဆရာက ယူဆထားတယ်လား ဆရာ"

"ဒါကတော့ သေချာပေါက် ဖြစ်လာနိုင်တဲ့ကိစ္စတစ်ခုပဲ၊ သူတို့ တီထွင်ထားတဲ့ ဇီဝပိုးတွေကို လက်တွေ့စမ်းပြတဲ့အနေနဲ့ လူတစ်စုလက်ထဲကို အဲဒီပိုးတွေ ထည့်ပေးလိုက်မယ်ဆိုပါတော့၊ အဲဒီလူတွေက ရေတွင်းရေကန်တွေ၊ သောက်ရေလှောင်ထားတဲ့ ကန်တွေ ရေလွှတ်တဲ့ ပိုက်လိုင်းတွေထဲ ထည့်ပေးလိုက်ရင် ရေထဲမှာ ပိုးတွေ ပါနေတယ်လို့ လူတွေ သိကြတဲ့အချိန်မှာ ဘာမှ မတတ်နိုင်တော့ဘူး၊

ပိုးတွေက လူတွေရဲ့ခန္ဓာကိုယ်ထဲမှာ ပြန့်နှံ့နေပြီ၊

ရက်ပိုင်းအတွင်းမှာ ပိုးတွေ ပါလာတဲ့ရေကို သောက်သုံးမိတဲ့လူတွေ အစုလိုက် အပြုံလိုက် သေကုန်ကြမှာပဲ"

ဒေါက်တာမင်းထင်ကျော် သက်ပြင်းတစ်ချက် ချလိုက်





သည်။

"အဲဒီလိုဆိုရင် ကျွန်တော် ဒေါက်တာဇီဝနောက်ကို လိုက်ရတော့မယ်ထင်တယ်"

သိမ်းငှက်(၁)က ဆေးလိပ်တစ်လိပ်ကို ထုတ်၍ မီးညှိတာ တစ်ဖွာနှစ်ဖွာ ဖွာသည်။

"ဟုတ်တယ်. . ဒီမိစ္ဆာပိုး သုတေသနလုပ်ငန်းကို ဦးစီးနေတာ ဦးထိုက်ဖ ဆိုတဲ့တရုတ်ကပြားတစ်ယောက်ပဲ၊

သူကမါတ်ခွဲခန်း တာဝန်ခံအဆင့်တစ်ဖြစ်တယ်၊

သူကမှတစ်ဆင့် နိုင်ငံခြားက အရာရှိတစ်ဦးနဲ့ အဆက်အသွယ် လုပ်နေကြတယ်၊

သူတို့ အပေးအယူ လုပ်ကြလိမ့်မယ်၊

အဲဒီမိစ္ဆာပိုးဖော်မြူလာတွေ နိုင်ငံခြားက အရာရှိတွေလက်ထဲ ရောက်သွားရင်လဲ အခြေအနေမကောင်းဘူး၊

သူတို့က ဒီပိုးကို ပြပြီး တိုင်းပြည်ကို အကျပ်ကိုင်ကြမှာ သေချာတယ်၊

သူ့တိုင်းပြည်မှာ ဖြစ်တယ်ဆိုပေမယ့် တို့တိုင်းပြည်က လူနဲ့ ပတ်သက်နေတော့ တို့မှာလည်း တာဝန်မကင်းပေဘူး၊

အခုချိန်လောက်ဆိုရင် ဒေါက်တာဇီဝက သူနဲ့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေကို အစီရင်ခံဖို့ အဆင်သင့်ဖြစ်နေလောက်ပြီ၊

အစီရင်ခံစာနဲ့အတူ သူတီထွင်ထားတဲ့ မိစ္ဆာပိုးတွေကို စမ်းသပ်ပြမှုတွေ လုပ်လိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



လူအချို့တော့ ကံဆိုးရှာဦးတော့မှာပေါ့ကွာ"

"ကျွန်တော် ဘယ်တော့ သွားရမှာလဲ"

"မနက်ဖြန်မနက် မင်း မိုင်းပွန်ကို သွားရမယ်၊ လေယာဉ်ပျံလက်မှတ်လဲ အဆင်သင့် လုပ်ထားပြီးပြီ၊ အဲဒီမှာ တို့ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးမင်းဟာန်နဲ့ အဆက်အသွယ် လုပ်ရမယ်၊ ဦးမင်းဟာန်မှာ တူမတစ်ယောက်ရှိတယ်၊ သူ့နာမည်က ဇင်မာဝေတဲ့၊

သူတို့နဲ့ အဆက်အသွယ်ရရင် သူတို့ကတဆင့် နောက်အဆက်အသွယ်တစ်ခုကို ရှာရမယ်"

"ဒေါက်တာဇီဝကို တွေ့ရင် ဘာလုပ်ရမလဲ"

"ခေါ်လို့ရရင် ပြန်ခေါ်ခဲ့၊ ခေါ်လို့မရရင်တော့ သတ်ပစ်ခဲ့တာ အကောင်းဆုံးပဲ"

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထရပ်လိုက်သည်။

"ဒီကိစ္စပြီးရင် မင်းကို အကောင်းဆုံး အနားယူနိုင်အောင် စီစဉ်ပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော် မချိပြုံး ပြုံးလိုက်သည်။

သိမ်းငှက်(၁)က သောက်လက်စ ဆေးလိပ်ကို ဆေးလိပ်ခွက်ထဲ ထည့်၍ မီးသတ်ပစ်လိုက်သည်။

"ကျွန်တော် အနားယူတယ်ဆိုတာ တစ်သက်လုံး ဘယ်လိုမှ မလှုပ်မယှက်နိုင်တော့တဲ့ သေခြင်းတရားက အနားယူခိုင်းတာမျိုးလည်း ကြုံရင်ကြုံနိုင်ပါတယ်"

"မင်းရဲ့အရည်အချင်းတွေထဲမှာ အဲဒီလိုအနားယူရမယ့်





ကိစ္စတွေကို ရှောင်နိုင်တဲ့ အရည်အချင်းကောင်းတွေ အများကြီးရှိပါတယ်၊ ကဲ. . . သွားပေတော့၊

လေယာဉ်ပျံလက်မှတ်နဲ့ လိုအပ်တာတွေကို ပို့ပေးလိုက်မယ်"


ဒေါက်တာမင်းထင်ကျော် အပြင်ထွက်လာတော့ အပြင်မှာ နေအတော်မြင့်တက်နေပြီ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ဇင်မောဝေနှင့် တွေ့ရခြင်း

မြန်မာနိုင်ငံ ပြည်တွင်း လေကြောင်းခရီးစဉ်အမှတ် (. . . .)ဖော်ကာလေယာဉ်ပျံသည် နေ့လယ်ပိုင်းတွင် မိုင်းပွန်လေယာဉ်ကွင်းသို့ ဆင်းသက်လာ၏။

လေယာဉ်ပေါ်တွင် ပြည်တွင်းခရီးသည် တစ်ယောက်စ နှစ်ယောက်စ ပါပြီး အများစုမှာ ကမ္ဘာလှည့်ခရီးသည်များဖြစ်သည်။

လေယာဉ်တံခါး ဖွင့်ပြီး လှေကားချပေးသောအခါ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် လေယာဉ်ပေါ်မှ ဆင်းသည်။

နေပူနေသည်ဆိုသော်လည်း မိုင်းပွန်ဇ့လေယာဉ်ကွင်း၌ အပူရှိန် သိပ်မများလှပေ။

လာရောက်ကြိုဆိုသောကားက ခရီးသည်များကို လေဆိပ် အဝင်အဝတွင် ချပေးသည်။

လေဆိပ်အဆောက်အဦက နိုင်ငံတကာအဆင့် မီသည်။

အဝင်ဝ၌ တာဝန်ကျဝန်ထမ်းများကလည်း ယူနီဖောင်းများ သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်ပေးသည်။

လေဆိပ်တွင်းမှာပင် ဟော်တယ်များ စာရင်းရှိပြီး ၎င်း ဟော်တယ်များ ဆက်သွယ်ရန် ဖုန်းနံပါတ်များရှိရာ မိမိနှစ်သက်ရာ ဟော်တယ်၌ ကြိုတင်အခန်းများ မှာယူနိုင်သည်။

ဒေါက်တာမင်းထင်ကျော် ညှော်ကြိုတစ်ယောက် အကူအညီဖြင့် ပဲရစ်ဟော်တယ်မှ အခန်းတစ်ခန်း မှာယူလိုက်သည်။

သူ့တွင် အိတ်တစ်လုံးသာ ပါရာ ထိုအိတ်ကို ဆွဲပြီး အပြင်ထွက်လာသော ညှော်ကြိုကောင်မလေးကပင် တက္ကစီတစ်စီး ငှားပေးသည်။

ဒေါက်တာမင်းထင်ကျော်က ဘောက်ဆူးပေးခဲ့ပြီး ကားပေါ် တက်ကာ ထွက်လာခဲ့၍ အတန်ငယ် ဝေးသောနေရာရောက်မှ နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ထိုညှော်ကြိုကောင်မလေးက ဆယ်လ်လူလာဖုန်း ကိုင်၍ စကားပြောနေသည်ကို





မြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော် တစ်ချက်ပြုံးလိုက်သည်။

"ပဲရစ်ကို ပို့ရမှာ မဟုတ်လား ဆရာ"

ကားမောင်းသူက မေးသည်။

"ပဲရစ်မသွားတော့ဘူးကွာ၊ တခြားကောင်းတဲ့နေရာသာ ပို့ပေးပေတော့"

ကားသမားက သူ့ကို နားမလည်သလို တစ်ချက်ငဲ့ကြည့်သည်။

သူက အမှတ်တမဲ့ အမူအယာဖြင့်. . .

"ငါက စာရေးမှာဆိုတော့ တိတ်ဆိတ်အေးချမ်းတဲ့ နေရာမျိုး ပိုသဘောကျတယ်၊ အဲဒီနေရာမျိုး ပို့ပေးကွာ"

ဟု ပြောလိုက်ရာမှ ကားဆရာက သဘောပေါက်သွားဟန်ဖြင့် ပြုံးလိုက်သည်။

"ရတယ် ဆရာ၊ ဒီလိုဆိုရင် ကျွန်တော် မြို့ပြင်က 'မြချယ်ရီ' ဟော်တယ်ကို ပို့ပေးမယ်၊ အဲဒီဟော်တယ်က လူသန့်တယ်၊ အများအားဖြင့် တိုးရစ်တွေ တည်းတာ များတယ်၊ အသံဗလံတွေ ကင်းတယ်၊ တိတ်ဆိတ်ငြိမ်သက်တယ်. . . ဘယ်လိုလဲ"

"အေး. . . အဲဒီကိုပဲ ပို့ပေးပါကွာ"

သူတို့ စီးလာသော ဆလွန်းကားလေးသည် မြို့ပြင်ဘက်သို့ ပတ်မောင်းထွက်လာသည်။

အတန်ကြာအောင် မောင်းလာသောအခါ လမ်းတစ်ဖက်တစ်ချက်တွင် လူနေအိမ်များ မတွေ့ရတော့ဘဲ ထင်းရှူး



www.burmeseclassic.com

www.burmeseclassic.com



တောများ အုံ့ဆိုင်းနေသည်ကို သတိပြုမိသည်။

ကားပေါ်တွင် မျက်စိမှိတ်လျက် လိုက်လာရင်း ဟော်တယ်တွင်း၌ တွေ့ခဲ့ရသော သတိပေး ခြိမ်းခြောက်စာကို ပြန်လည် စဉ်းစားနေမိသည်။

၎င်းသတိပေးစာမှာ မိစ္ဆာပိုးဂိုဏ်းဝင်များနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေမည်ဟု ယူဆမိသည်။

ကိုယ်က သူတို့နောက်ကို ခြေရာခံ၍ လိုက်နေစဉ်မှာ၊ သူတို့က ကိုယ့်နောက်မှအရိပ်ပမာ လိုက်နေကြပြီလား။

မကြာမီ ကားလေးမှာ ခြံကျယ်ကြီးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်လာသည်။

ခြံဝတွင် နီယွန်မီးချောင်းများဖြင့် တပ်ဆင်ထွန်းညှိထားသော 'မြချယ်ရီ' ဟူသောဆိုင်းဘုတ်ကြီးကို တွေ့ရသည်။

မြချယ်ရီ ဟော်တယ်မှာ ချယ်ရီပင်များ အုံ့ဆိုင်းလျက်ရှိသော တောင်ကုန်းတစ်ခုပေါ်တွင် တည်ဆောက်ထားသဖြင့် ထိုမှ လှမ်းကြည့်လျှင် မိုင်းပွန်မြို့ကို အပေါ်စီးမှ မြင်ရသည်။

၎င်းတည်ဆောက်ထားပုံမှာ အကွက်အကွင်း ကျလှသည်။

နယ်စပ်ဒေသနှင့် နီးသဖြင့် စီးပွားရေး အချက်အခြာကျသောကြောင့် နိုင်ငံခြားသားများ အဝင်အထွက် များသောနေရာလည်းဖြစ်ပေသည်။

ကားသမားက သူ့ကို ဟော်တယ်တွင်း လိုက်လံပို့ဆောင်ပေးသောအခါ ဒေါက်တာမင်းထင်ကျော်ထံမှ ကျသင့်သော ကားခကို ရသည့်အပြင် ဟော်တယ်မှ ပေးသော ကော်မရှင် ကြေးကိုလည်း ရလေသည်။

ကားသမား ထွက်သွားသောအခါ ဟော်တယ်မှ အပေါ်ဆုံးထပ်ရှိ အခန်းတစ်ခန်းကို ယူလိုက်သည်။

ကောင်တာ စာရေးမလေးက သူ့ထံမှ မှတ်ပုံတင်တောင်းရာ စာရေးဆရာ အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားကိုထင် တင်ပေးလိုက်သည်။

စာရေးမလေးက မှတ်ပုံတင်ကို ကြည့်ပြီး သူ့ကို တစ်ချက်မော့ကြည့်သည်။

"အစ်ကိုက စာရေးဆရာကိုး၊ ကျွန်မတို့ဟော်တယ်မှာ ဘာမဆို လိုအပ်တာရှိရင် အကူအညီတောင်းနိုင်ပါတယ်"

ဟု အပြုံးဖြင့် ပြောကာ ဟော်တယ်ဝန်ထမ်းတစ်ယောက်ကို အပေါ်ထပ်ရှိ အခန်းရှိရာသို့ လိုက်ပို့ခိုင်းသည်။

အခန်းထဲသို့ ပစ္စည်းများ ပို့ပေးပြီး၍ ဟော်တယ်ဝန်ထမ်းကောင်လေး ပြန်ထွက်သွားသောအခါ တံခါးကို ဂျက်ချပိတ်ပြီး အခန်းစစ်ဆေးမှုများ ပြုလုပ်ရသည်။

ရေချိုးခန်း၊ ရေအိမ်ခန်း၊ အိပ်ခန်း၊ ဧည့်ခန်း၊ စာရေးစားပွဲပါမကျန် လိုက်လံစစ်ဆေးကြည့်သည်။

မသင်္ကာစရာ ဘာမှ မတွေ့ရပေ။

ဟိုတယ်ပြတင်းပေါက်မှ အောက်သို့ ကြည့်လျှင် ဟော်တယ် အဝင်လမ်းဘက်မှ မြင်ကွင်းကို မြင်နိုင်ရုံမက အရှေ့ဘက်သို့ ကြည့်လျှင် ထင်းရှူးပင်၊ ချယ်ရီပင်များ အပေါ်မှ ကျော်ပြီး







www.burmeseclassic.com

www.burmeseclassic.com



မိုင်းပွန်မြို့၏အလှကို လှမ်းမြင်ရသည်။

စိတ်ချရတော့မှ ရေမိုးချိုးအဝတ်အစားလဲကာ အောက်ထပ်ပြန်ဆင်းလာပြီး စားသောက်ခန်းတွင် နံနက်စာ စားလိုက်သည်။ ပြီးမှ အပြင်သို့ ထွက်လာကာ ကွက်လပ်နံဘေးရှိ ခုံတန်းလျားပေါ်တွင် ထိုင်ကာ အိတ်အတွင်းမှ ဆယ်လ်လူလာဖုန်းကို ထုတ်၍ နံပါတ်တစ်ခုကို နှိပ်လိုက်သည်။

တစ်ဖက်မှ အမျိုးသမီးတစ်ဦး၏အသံ ကြားရသည်။

"ဟဲလို . . . အမိန့်ရှိပါရှင်"

"ကျွန်တော် ဦးမင်းဟန်နဲ့ တွေ့ချင်လို့ပါခင်ဗျာ"

"အခု ဆက်နေတာ ဘယ်သူပါလဲရှင်"

"ကျွန်တော် ရန်ကုန်က အိမ်အရောင်းအဝယ် ကိုယ်စားလှယ်တစ်ဦးပါခင်ဗျာ"

ဖုန်းထဲမှာ အတန်ကြာအောင် အသံတိတ်သွားသည်။

အတန်ကြာမှ . . .

"ကျွန်မဦးလေး မတော်တဆ ထိခိုက်မှုတစ်ခု ကြုံနေပါတယ်ရှင်၊ ကိစ္စရှိရင် ကျွန်မနဲ့ တွေ့ပြီး ပြောရင်လဲ ဖြစ်နိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

မိမိတို့လုပ်ငန်းများတွင် အဘယ်မျှပင် အဆင်ပြေ ချောမွေ့အောင် စီစဉ်ထားသော်လည်း မမျှော်လင့်ဘဲ အနှောင့်အယှက် အဖျက်အဆီးများ၊





အခက်အခဲများ ကြုံတွေ့ရမြဲဖြစ်သည်။

"ဦးမင်းဟန်က ကျွန်တော်နဲ့ ဘယ်လိုနည်းနဲ့မှ မတွေ့နိုင်တော့ဘူးလားခင်ဗျာ"

တစ်ဖက်မှ ပြန်ဖြေသောအသံမှာ တုန်ယင်နေသည်ဟု ထင်မိသည်။

"ဘယ်လိုမှ မတွေ့နိုင်တော့လို့ပါရှင်"

"ကောင်းပြီလေ . . . ကျွန်တော် ခင်ဗျားနဲ့ တွေ့ပြီး စကားပြောချင်ပါတယ်၊ ဘယ်မှာတွေ့ရမလဲ"

တစ်ဖက်မှ အသံတိတ်သွားသည်။

"ကျွန်မ မြို့လယ်က 'အိုအေစစ် စားသောက်ဆိုင်' မှာ ဆုံကြမယ်၊ ကျွန်မက အဖြူရောင်ဝတ်စုံ ဝတ်ထားပြီး အနီရောင် ဦးထုပ်တစ်လုံးကို ဆောင်းလာခဲ့ပါမယ်၊

ညနေသုံးနာရီလောက် ရှင်အရောက်လာပါ"

"ကောင်းပြီ . . . ကိုယ်လာခဲ့ပါ့မယ်"

ဖုန်းပြန်ပိတ်သွားသည်။

သူ ဟော်တယ်မှ ထွက်လာတော့ နေ့လယ်နှစ်နာရီခန့်ရှိပြီ။ မှုန်မှိုင်းလျက်ရှိသော ပတ်ဝန်းကျင်တွင် နေရောင်ခြည်အဖွန်းတစပင် ဖြာဆင်းကျလျက်ရှိသည်။

လမ်းမပေါ် ရောက်တော့ လူရွယ်တစ်ဦးက 'ကားစီစဉ်ပေးရမလား ဆရာ' ဟု လာမေးသည်။

"မလိုတော့ပါဘူးကွာ . . . အညောင်းပြေ ဟိုနားဒီနား လမ်းလျှောက်ရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်မှ မယောင်မလည် ပြန်ထွက်သွားလေသည်။ ဒေါက်တာမင်းထင်ကျော် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ရာ မသင်္ကာစရာ တစ်စုံတစ်ရာ မတွေ့ရတော့မှ လမ်းမအတိုင်း မြို့ဘက်သို့ လျှောက်လာခဲ့သည်။

လမ်းတစ်ဖက်တစ်ချက်တွင် ချယ်ရီပင်နှင့် ထင်းရှူးပင်များ အစီအရီ ပေါက်လျက်ရှိရာ အရိပ်အာဝါသ ကောင်းမွန်လှသည်။

နေရောင်ခြည် ရှိသည်ဆိုသော်ငြားလည်း အတန်ငယ်အေးစိမ့်စိမ့်ဖြစ်နေ၏။

မြို့ထဲ ရောက်လာသောအခါ ကားများ၊ ဆိုင်ကယ်များ ဥဒဟို သွားလာနေသောကြောင့် စက်သံများ ဆူညံလျက်ရှိပြီး မီးခိုးငွေ့များ ပျံ့လွင့်လျက်ရှိသည်။

မိုင်းပွန်မြို့မှာ အိန္ဒိယ၊ တရုတ်နှင့် ဥရောပတိုက်သားများတို့၏စီးပွားရေးအချက်အချာကျသော နေရာတစ်ခုဖြစ်သောကြောင့် နိုင်ငံခြားသားများ ပိုမိုများပြားစွာ တွေ့ရသည်။

ရှမ်း၊ ချင်း၊ ကချင်စသော တိုင်းရင်းသားများကိုလည်း အနှံ့အပြား တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော် မြို့ထဲ ရောက်တော့ အိုအေစစ် စားသောက်ဆိုင်ကို အလွယ်တကူပင် ရှာဖွေတွေ့ရှိခဲ့သည်။

သူ ဆိုင်ထဲ မဝင်ခင် အခြေအနေကို မသိမသာ အကဲခတ်ကြည့်လိုက်တော့ ဆိုင်တွင်းမှာ လူအတန်ငယ်ရှင်းနေသည်။

အခန်းထောင့်စားပွဲတစ်လုံးတွင် အဖြူရောင်ဝတ်စုံနှင့်





အနီရောင်ဦးထုပ်တစ်လုံး ဆောင်းထားသော အမျိုးသမီးကို လှမ်းမြင်ရသဖြင့် ထိုစားပွဲသို့ လျှောက်သွားလိုက်သည်။

အနီးရောက်သောအခါ အမျိုးသမီးက မော့ကြည့်သည်။

"ကိုယ့်ကို ထိုင်ခွင့်ပြုပါ"

အမျိုးသမီးက မသိမသာ ခေါင်းညိတ်ပြလိုက်သဖြင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"မဇင်မာဝေ ထင်ပါတယ်"

"ကျွန်မကို ဇင်မာဝေလို့ပဲ ခေါ်နိုင်ပါတယ်"

ထိုအချိန်တွင် စားပွဲထိုး ရောက်လာသဖြင့် ကော်ဖီနှစ်ခွက် မှာလိုက်သည်။ စားပွဲထိုးလေး ပြန်ထွက်သွားတော့မှ ဇင်မာဝေက. . .

"ရန်ကုန်မှာ အရောင်းအဝယ်အခြေအနေ ကောင်းရဲ့လား အစ်ကို"

ဟု ချိုသာသောအသံဖြင့် မေးသည်။

"ဟိုမှာတော့ အရောင်းအဝယ်က အေးအေးပါပဲ၊ ဒီဘက်မှာ ပိုကောင်းနေတယ် ကြားလို့ ဦးမင်းဟန်နဲ့ တွေ့ရအောင် လာခဲ့တာပါ၊ သူ့အခြေအနေ ဘယ်လိုရှိသလဲဟင်"

"သူ ဆုံးသွားပါပြီ"

ဒေါက်တာမင်းထင်ကျော် မျှော်လင့်ထားသောစကားလုံးများ ဖြစ်သော်လည်း တကယ်တမ်း ကြားလိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆုံးတာလဲ"

"ကားတိုက်မှု ဖြစ်တာပါ၊ ကျွန်မထင်တာတော့ လုပ်ကြံခံလိုက်ရတယ်လို့ ထင်တာပါပဲ"

ဇင်မာဝေအသံများက တုန်ယင်လျက်ရှိသည်။

"ဒီသတင်းကြားရတာ ကိုယ် တကယ်စိတ်မကောင်းပါဘူး"

"ကျွန်မငယ်စဉ်ကတည်းက ဦးလေးက ခေါ်ပြီး စောင့်ရှောက်ထားတာဆိုတော့ အဖေအမေလိုပဲ အားကိုးရတယ်၊ အခုတော့. . ."

ဇင်မာဝေက စကားကို ရုတ်တရက် ရပ်လိုက်ပြီး လက်ကိုင်ပုဝါကို ထုတ်၍ မျက်ရည်များကို တို့ပစ်နေသည်။

"ကျ. . ကျွန်မမှာ ဦးလေးမရှိတော့ တစ်ကောင်ကြွက်ဘဝကို ရောက်ခဲ့ရပြီပေါ့ရှင်"

စားပွဲထိုးလေးက ကော်ဖီနှစ်ခွက် လာချပေးသဖြင့် စကားပြတ်သွားသည်။

သူပြန်ထွက်သွားတော့မှ ဒေါက်တာမင်းထင်ကျော်က စကားဆက်သည်။

"ဘာမှ အားမငယ်ပါနဲ့ကွာ၊ မင်းဦးလေး မရှိတော့လည်း တို့တတွေ ဝိုင်းဝန်းစောင့်ရှောက် အကူအညီပေးကြမှာပါ၊ ဒီကိစ္စတွေ ပြီးစီးလို့ ကိုယ်ရန်ကုန်ပြန်ရင် မင်းကိုပါ တစ်ခါတည်း ခေါ်သွားပြီး အလုပ်တစ်ခုခု စီစဉ်ပေးပါ့မယ်"

ဇင်မာဝေ၏ အငိုမျက်လုံးများထဲတွင် မျှော်လင့်ချက်





ရောင်ခြည်များ ယှက်သန်းသွားကာ အတန်ငယ် ကြည်လင်လန်းဆန်းမှု ဖြစ်လာသည်။

"ဒါထက် သူ ဘယ်တုန်းက ဆုံးတာလဲ"

"လွန်ခဲ့တဲ့အပတ်က"

"ဘယ်လိုဆုံးတာလဲဟင်"

"ကားတိုက်မှုဖြစ်တယ်လို့ ထင်ရတာပဲ၊ ကျွန်မတို့ရောက်သွားတော့ ဦးလေးစီးတဲ့ကားက ချောက်ထဲမှာ မီးလောင်ပျက်စီးနေပြီ"

"အလောင်းက ဘယ်လိုတွေ့တာလဲ"

"အလောင်းကိုလည်း ကားထဲမှာပဲ တွေ့ရတာပါပဲ"

"မီးလောင်လို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီ၊ သူ ပတ်နေကျ လက်ပတ်နာရီကြောင့်သာ ဦးလေးအလောင်းလို့ ပြောနိုင်တဲ့ အခြေအနေပါပဲ၊

ကျွန်မအထင်တော့ ဦးလေးဟာ လုပ်ကြံခံလိုက်ရတယ်လို့ ထင်တာပါပဲ"

ဒေါက်တာမင်းထင်ကျော် သက်ပြင်းတစ်ချက် ချကာ စားပွဲပေါ်မှ အငွေ့သေစပြုနေသော ကော်ဖီပန်းကန်ကို ယူ၍ တစ်ငုံသောက်လိုက်သည်။

ထို့နောက်. . .

ဒူးယားစီးကရက်တစ်လိပ် ထုတ်၍ မီးညှိဖွာလိုက်သည်။

"ရဲတွေကရော ဘယ်လိုထင်မြင်ချက် ပေးကြသလဲ"

"သူတို့ကလည်း ကားအက်ဆီးဒင့်(Accident) ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ပဲ မှတ်ချက်ချတယ်"

"ခုတစ်လော မင်းအနေနဲ့ ဘယ်လိုထူးခြားမှုတွေ တွေ့တယ်ဆိုတာ မင်းစဉ်းစားမိသမျှ ကိုယ့်ကို ပြောပြပေးပါ"

ဇင်မာဝေက ကော်ဖီကို တစ်ငုံသောက်သည်။

"ကျွန်မသိသလောက်ဆိုရင် ဦးလေးဟာ ဘယ်အလုပ်ကိုပဲ လုပ်လုပ်၊ ပိပိရိရိ သေသေသပ်သပ် လုပ်လေ့ရှိတယ်၊ အကြောင်းကိစ္စ မရှိဘဲနဲ့လဲ အပြင်ထွက်လေ့ မရှိဘူး၊ ဒါပေမယ့် အန္တရာယ်ကတော့ သူ့နောက်က အရိပ်လို အမြဲလိုက်နေတယ် ထင်တယ်"

ဒေါက်တာမင်းထင်ကျော်က ဘေးပတ်ဝန်းကျင်ကို အကဲခတ်သလို တစ်ချက်ဝေ့ကြည့်လိုက်သည်။ လောလောဆယ်မှာတော့ မသင်္ကာစရာ ဘာတစ်ခုမှ မတွေ့ရပေ။

သို့သော်. . .

တစ်နေရာမှ လျှို့ဝှက်မျက်လုံးများကတော့ မိမိတို့ကို စောင့်ကြည့်နေပေလိမ့်မည်။

"တို့ ဒီထက် လွတ်လပ်တဲ့နေရာတစ်ခုမှာ သွားပြီး စကားပြောကြရအောင်"

ဇင်မာဝေက တစ်ချက်စဉ်းစားလိုက်ပြီး. . .

"အဲဒါဆိုလည်း ကျွန်မအိမ်ကို ရှင်လာခဲ့ပါ၊ ဒီမှာလိပ်စာ"

သူမက လိပ်စာကတ်တစ်ခုကို ချပေးပြီး စားပွဲမှ ထကာ အပြင်သို့ ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က လိပ်စာကတ်ကို အိတ်ထဲ





ထည့်လိုက်ပြီး စားပွဲထိုးကို ခေါ်ပြီး ကျသင့်ငွေရှင်းကာ အပြင်ဘက်သို့ ထွက်ခဲ့သည်။

သူ တစ်နေရာမှာ အချိန်ဖြုန်းနေရပေလိမ့်ဦးမည်။

သို့ကြောင့်. . .

လောင်းကစားရုံများ ရှိရာဘက်သို့ ထွက်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

# အမှောင်ရိပ်အတွင်းမှ အန္တရာယ်

ဇင်မာဝေ ပေးထားသောလိပ်စာမှာ တောင်ကုန်းတစ်ကုန်းပေါ်တွင် ရှိသော အိမ်တစ်လုံးဖြစ်သည်။

ထိုနေရာသို့ ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ ပတ်ဝန်းကျင်တစ်ဝိုက် မှောင်စပျိုးနေပြီ။

ထိုနေရာသို့ သွားရာလမ်းတွင် စက်ရုံကြီးတစ်ရုံကို ကျော်ဖြတ်သွားရသေးသည်။

ခြံဝန်းကျယ်ကြီးဖြစ်ပြီး အုတ်တံတိုင်းများ လေးဘက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လေးတန် ခတ်ထားကာ အတွင်း၌ လမ်းဖောက်ရာတွင် အသုံးပြု
သော စက်ယန္တရားကြီးများ ရှိသည်။

ခြံဝန်းအတွင်း၌ အဆောက်အဦးများစွာ ရှိသည်။

ထိုစက်ရုံဝန်းကျယ်ကြီးနံဘေးမှ ဖောက်ထားသောလမ်း
မှ တောင်ကုန်းပေါ် တက်လာခဲ့သည်။ အမှောင်ရိပ်သန်းလာ
သောအချိန်လည်းဖြစ်ပြန်၊ အအေးဓါတ်ကလည်း လွှမ်းခြုံလာ
သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက် အသွားအလာ သိပ်မရှိလှပေ။

ဇင်မာဝေ ပေးထားသော လိပ်စာသို့ ရောက်သောအခါ
ည(၆)နာရီခန့် ရှိနေပြီ။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်လိုက်ပြီး မကြာမီ ချောင်းကြည့်ပေါက်က
လေး ပွင့်လာပြီးနောက် တံခါးဖွင့်ပေးသည်။

ဒေါက်တာမင်းထင်ကျော် အိမ်ထဲ ရောက်သောအခါ
တံခါးကို ပြန်ပိတ်ပြီး ချက်ချထားလိုက်သည်။

မီးရောင်အောက်တွင် ဇင်မာဝေမျက်နှာလေးမှာ သွေး
မရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

"ရှင်ရောက်လာတာ ကျွန်မ သိပ်အားရှိတာပဲ"

"မင်းသိပ်ကြောက်နေပုံ ရတယ်၊ တစ်ခုခု သောက်လိုက်
ပါလား"

"ကျွန်မစိတ်ထဲမှာ အန္တရာယ်ပေးမယ့်သူတွေက စောင့်
ကြည့်နေသလို ခံစားနေရတယ်"

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးကို ဆုပ်





ကိုင် အားပေးရင်း ဧည့်ခန်းထဲသို့ ခေါ်လာခဲ့သည်။

ဧည့်ခန်းထဲ ရောက်သောအခါ ဇင်မာဝေက ဓါတ်ဗူးထဲ
တွင် အသင့်ဖျော်ထည့်ထားသော ကော်ဖီခါးခါးနှစ်ခွက် ထည့်ယူ
လာပေးသည်။

"မင်းမှာ အဖော်မရှိဘူးလား"

"ဟင့်အင်း. . . ဦးလေးရှိတုန်းက ဦးလေးနဲ့ပဲ နေတာ၊
အခု ဦးလေး မရှိတော့ ကျွန်မတစ်ယောက်ထဲ ဖြစ်နေတာပေါ့၊
အိမ်ဖော်မလေးကလည်း တောကို ပြန်သွားတယ်"

ဇင်မာဝေက မျက်နှာငယ်လေးဖြင့် ပြောသည်။

သူမ၏အမူအရာကို ကြည့်ပြီး ဒေါက်တာမင်းထင်ကျော်
စိတ်ထဲမှ သနားသွားမိသည်။

"မင်းဦးလေး မရှိတော့လည်း ဘာမှအားငယ်စရာ မရှိပါ
ဘူးကွာ၊ မင်းဦးလေးကိုယ်စား တို့တွေက ဝိုင်းပြီးစောင့်ရှောက်
ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

"ဒါထက် မင်းနာမည်က ဇင်မာဝေနော်"

"ဟုတ်ပါတယ်. . . ဝေလို့ ခေါ်နိုင်ပါတယ်၊ ရှင့်နာမည်
ကရော"

"ဒေါက်တာမင်းထင်ကျော်ပါ"

ဇင်မာဝေက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး. . .

"ဦးလေးက အနေအထိုင်ရော အလုပ်အကိုင်ရော သိပ်
ထိရိတာ၊ အပြင်လည်း သိပ်ထွက်တယ် မရှိဘူး၊ ဒါနဲ့တောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုချေရာခံမိသွားတယ် မသိဘူး"

"ဒီလိုပါပဲ. . တို့အလုပ်တွေက အမြဲတမ်းလို အန္တရာယ်နဲ့ ထိတွေ့နေရတာဆိုတော့ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံရတာ မဆန်းတော့ပါဘူး၊ ဒါထက် ဦးမင်းဟန် မသေခင်က မင်းကို ထူးထူးခြားခြား ပြောသွားတာတွေ ရှိရင် ပြောပြပါဦး"

"သူ မသေခင် တစ်ပတ်လောက်ကတော့ ကျွန်မကို နာမည်အချို့တော့ ပြောသွားဖူးတယ်၊

ဒေါက်တာဇီဝနဲ့ ဦးထိုက်ဇံဆိုတဲ့လူတွေအကြောင်းပဲ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြပြီး ကော်ဖီခွက်ကို ယူပြီး တစ်ငုံသောက်လိုက်သည်။

ကော်ဖီအရသာကြောင့် အတန်ငယ် နွေးနွေးထွေးထွေး ဖြစ်သွားသည်။

"အိုမီဂါ သုတေသန စီမံကိန်းအကြောင်းနဲ့ ပတ်သက်တာတွေရော ဘာတွေပြောသွားသေးသလဲ"

သူမ စဉ်းစားနေသည်။

"ဓါတ်ခွဲခန်း ရှိတဲ့နေရာကိုရော မင်းကို ပြောပြဖူးလား"

"လီဒို(LEEDO) လမ်းမကြီးအနီးက ရွာကလေးတစ်ရွာအနီးမှာ ရှိတယ်လို့တော့ ပြောဖူးတယ်၊ အန္တရာယ်ဖြစ်မှာစိုးလို့လားတော့ မသိဘူး၊ ရွာနာမည်တော့ ကျွန်မကို မပြောဘူး"

"အင်း. . . မင်းဦးလေးဟာ နေရာတကာမှာ အမျှော်အမြင်ရှိပြီး စေ့စပ်သေချာတဲ့လူတစ်ယောက်ပဲ"

ဒေါက်တာမင်းထင်ကျော်က နံရံတွင် ချိတ်ဆွဲထားသော





တမ္ဘာ့မြေပုံကားချပ်ကြီးပေါ်မှ လီဒိုလမ်းမကြီးနံဘေးရှိ ရွာအမည်များကို မှတ်သားထားလိုက်ပြီး ပြန်လျှောက်လာသည်။

"အဲဒီပတ်ဝန်းကျင်မှာ မင်းဦးလေး ယုံကြည်စိတ်ချရတဲ့လူတစ်ယောက် ဒါမှမဟုတ် အဆက်အသွယ်လုပ်တဲ့ လူတစ်ယောက်များ ရှိသလား ဝေ၊ အဲဒါကို မင်းသိသလား"

သူမက မှန်ပြတင်းမှ တိုးဝင်နေသော အလင်းရောင်တန်းရှိရာကို ကြည့်ရင်း အတန်ကြာအောင် စဉ်းစားနေသည်။

"အင်း. . . ရှိတယ်၊ သူ့နာမည်က ဦးထလန်ဘုန်းတဲ့၊ သူက ကချင်လူမျိုးတစ်ယောက်ပဲ၊ ငယ်ငယ်ကတည်းက ကျောင်းနေဘက်လဲဖြစ်၊ တက္ကသိုလ်တက်တော့လဲ အတူတူပဲ၊ ဦးလေးမဆုံးခင် ရက်ကလေးမှာတင် သူနဲ့ သွားတွေ့တာ မှတ်မိတယ်၊ အဲဒီက ပြန်လာပြီး ကျွန်မကို အိုမီဂါ သုတေသန စီမံကိန်းအကြောင်း ပြောသွားတာပဲ"

ထိုစကားကြားရသောအခါ ဒေါက်တာမင်းထင်ကျော်ရင်ထဲမှာ အားတက်သွားလေသည်။ ထို့နှင့်တစ်ဆက်ထဲ မိမိနှင့်မတွေ့မီ ဦးထလန်ဘုန်းတစ်ယောက် အန္တရာယ် တစ်စုံတစ်ရာနှင့် မတွေ့ပါစေနှင့်ဟု စိတ်ထဲမှ ကြိတ်၍ဆုတောင်းလိုက်မိသည်။

"ဦးထလန်ဘုန်းက ဘယ်မှာ နေတာတဲ့လဲ၊ မင်းသိလား ဝေ"

"အင်း. . . သိတယ်၊ ဒီကနေ သိပ်မဝေးတဲ့ တောင်ပေါ်မြို့ကလေးတစ်မြို့မှာ နေတယ်၊ ဒီကနေ ကိုယ်ပိုင်ကားနဲ့လဲ သွား



www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်”

ဒေါက်တာမင်းထင်ကျော် မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

ဦးမင်းဟန်သည် သူ့တွင် အန္တရာယ်များ ဝိုင်းနေသည်ကို သိသောအခါ ဦးထလန်ဘုန်းထံ သွားကာ လျှို့ဝှက်ကိစ္စများ အသိပေးသွားခြင်းလည်း ဖြစ်နိုင်ပေသည်။

ဒေါက်တာမင်းထင်ကျော် လက်မှ နာရီကို ကြည့်လိုက်တော့ ည(၁၀)နာရီထိုးကာနီးနေပြီ။

သူ နေရာမှ ထရပ်သည်။

“ကိုယ် ဦးထလန်ဘုန်းနဲ့ သွားတွေ့မယ်”

“ရှင် အစစအရာရာ ဂရုစိုက်ပါနော်၊ သူတို့တွေက ကျွန်မတို့ကို ဒီအတိုင်း လွှတ်ပေးထားမှာ မဟုတ်ဘူး၊ အမြဲစောင့်ကြည့်နေမှာ သေချာတယ်”

“အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ မင်းလဲ အဲဒီရက်အတွင်းမှာ ဟန်မပျက် သတိဝီရိယနဲ့နေ ကြားလား ကိုယ် ရောက်တဲ့နေရာက အမြဲဆက်သွယ်ပါ့မယ်”

ဒေါက်တာမင်းထင်ကျော်က အနားလာရပ်သော ဇင်မာဝေ၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သတိပေးလိုက်သည်။

ဇင်မာဝေထံမှ ဒေါက်တာမင်းထင်ကျော် ပြန်ထွက်လာတော့ အပြင်ဘက်မှာ အတော်မှောင်နေပြီ။

လမ်းတစ်လျှောက် ထွန်းထားသော မီးရောင်အချို့သာ





ရှိသည်။ ညပိုင်းရောက်လာသောအခါ မြူနှင်းများ ကျဆင်းလာကာ အအေးဓါတ်က ဖုံးလွှမ်းလာသည်။

ဒေါက်တာမင်းထင်ကျော် ဂျာကင်အကျႌကော်လံစကို ဆွဲထောင်ကာ ဘေးအိတ်အတွင်းမှ ဦးထုပ်ပျော့ကလေးကို ဆောင်းကာ လမ်းအတိုင်း ပြန်ဆင်းလာသည်။

သည်လိုရာသီမျိုးတွင် အန္တရာယ်သည် မိမိထံသို့ အချိန်မရွေး ဝင်ရောက်နိုင်သဖြင့် မျက်စိကိုဖွင့် နားကို စွင့်ထားရသည်။

စက်ရုံကြီး ခြံဝန်းအနီးသို့ ရောက်သောအခါ နောက်ဘက်မှ မသင်္ကာစရာအသံ ကြားလိုက်ရသဖြင့် ဖျတ်ကနဲ လှည့်ကြည့်ကာ ဒူးညွှတ်ပေးလိုက်စဉ် အသံတိတ်ကိရိယာ တပ်ထားသော သေနတ်ကျည်ဆန်တစ်တောင့်က သူ့ခေါင်းပေါ်မှ ကျော်၍ အုတ်နံရံကို လာရောက်ထိမှန်ရာ အင်္ဂတေမှုန့်များ ဖွာကနဲ ထွက်လာသည်။

ချိုင်းအောက်မှ လူဂါသေနတ်ကို ဆွဲထုတ်လိုက်စဉ် စက်ရုံကြီးထဲသို့ ဝင်ပြေးသွားသော လူရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ထိုနေရာသို့ ပြေးသွားကာ အတွင်းသို့ ချောင်းကြည့်သည်။

စက်ရုံဝင်းအတွင်း၌ အဝါရောင်မီးလုံးကြီးများ ထွန်းထားသောကြောင့် အလင်းရောင် ကောင်းစွာရနေသည်။

အထဲတွင် လူရိပ်လူခြည် မတွေ့ရသဖြင့် အတွင်းသို့ ဝင်လိုက်သည်။ အတွင်း၌ အဆောက်အအုံများစွာရှိပြီး စက်



www.burmeseclassic.com

www.burmeseclassic.com



ယန္တရားကြီးများလည်း များစွာရှိသည်။

တိုက်နံရံများကို ရိုက်ဖြိုရန် သံလုံးကြီးတစ်လုံး ချိတ်ဆွဲ ထားသော စက်ယန္တရားကြီးကလည်း မလှမ်းမကမ်း၌ ရှိနေ သည်။

အတွင်း၌ ကွက်လပ်တစ်ခုသာရှိပြီး ဘေးပတ်ပတ်လည် ၌ စက်ယန္တရားကြီးများနှင့် အဆောက်အအုံများက ပိတ်နေ သည်။

အသက်ခြွေမည့်ရန်သူသည် ထိုအထဲ၌ တစ်နေရာရာ တွင် ပုန်းအောင်း၍ အကွက်ကောင်း စောင့်နေမည်ကိုတော့ သူသိနေသည်။

ပတ်ဝန်းကျင်တစ်ဝိုက် တိတ်ဆိတ်ငြိမ်သက်နေသည်။

အခြေအနေကလည်း ငြိမ်သက်လျက်ရှိသည်။ မုန်တိုင်း မကျမီ ငြိမ်သက်ခြင်းမျိုးပင်ဖြစ်မည်။

သူ. . .

သေနတ်ကို အသင့်ကိုင်၍ ထိုကွက်လပ်အတွင်းသို့ ဖြတ်လျှောက်သည်။ စက်ရုံဟောင်းတစ်ခုအနီးသို့ ရောက်သော အခါ နောက်ဖက်မှ စက်ယန္တရားကြီးတစ်ခု လှုပ်ရှားသံကို ကြား လိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။

စောစောက ငြိမ်သက်နေသော စက်ယန္တရားကြီးတစ်ခု အသက်ဝင် လှုပ်ရှားလာသည်။

အင်ဂျင်စက်သံ တဒီးဒီးတ တိတ်ဆိတ်လျက်ရှိသော ပတ်ဝန်းကျင်ကို ဖြိုခွင်းလိုက်သည်။





ဝန်ချီစက်ကြီးတစ်ခု ရွေ့လျားလာပြီး သံလုံးကြီးကပါ တွဲတက်လာသည်။ ဝန်ချီစက်မှ ထွက်လာသောမီးရောင်ကြောင့် မျက်လုံးပြာသွားသည်။

လက်ကာ၍ စက်မောင်းသောနေရာသို့ လှမ်းကြည့် လိုက်တော့ မည်းမည်းသဏ္ဌာန်တစ်ခုကိုသာ လှမ်းမြင်ရသည်။

ရွေ့လျားလာသော ဝန်ချီစက်က ဝင်ပေါက်နေရာကို ပိတ်လိုက်သည်။ ဒေါက်တာမင်းထင်ကျော် ထွက်လမ်းမရှိတော့ ဘဲ သတ်ကွင်းထဲ ဝင်မိသလို ဖြစ်သွားတော့သည်။

သူ လူဂါကို အသင့်ကိုင်ရင်း နောက်ဖက်နံရံသို့ ရွေ့ သည်။ စက်မောင်းခန်း ရှိရာသို့ သေနတ်ဖြင့် ချိန်သည်။

သို့သော် သူ့ရှေ့တွင် သံလုံးကြီးက ဝှေ့ယမ်းကာ နေ သောကြောင့် ပစ်ကွင်းက ပိတ်နေသည်။

ဝန်ချီစက်ကြီးက ဒေါက်တာမင်းထင်ကျော်ထံသို့ တိုး ဝင်လာသည်။

ထို့နောက် သံလုံးကြီးက လှုပ်ရှားလာသည်။ သံလုံးကြီး မှာ ကြီးသည်ဆိုငြားသော်လည်း လှုပ်ရှားမှုက သွက်လက် လျင် မြန်လှသည်။ ဝှီးကနဲ ရှေ့ထွက်လာပြီး သူ့ကို ရိုက်ချသည်။

ဘေးသို့ ကပျာကယာ လှိမ့်ရှောင်လိုက်၍သာ တော် သေးသည်။ မဟုတ်လျှင် အခုလောက်ဆိုလျှင် နံပြားတစ်ချပ် လာ ပြားနေလောက်ပြီး သံလုံးကြီးက နောက်ဖက်မှ အုတ်နံရံကို အရှိန်ဖြင့် ရိုက်မိသွားကာ နံရံအချို့ ပြိုကျလာသည်။

သံလုံးက နောက်တစ်ကြိမ် ရိုက်ရန် ပြန်ဆုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

သံလုံးကြီးမှာ ဒေါက်တာမင်းထင်ကျော်အနီးမှ ဝှီးကနဲ ဖြတ်ကျော်သွားသည်။ သူ အပျက်အစီးများကို ကျော်ပြီး ဝန်ချီစက်ရှိရာသို့ ပြေးသည်။ သံလုံးကြီးက ဝဲကနဲ လှည့်လာပြီး အပေါ်မှ ဝုန်းကနဲ ဖိချသည်။ ဘေးသို့ လွတ်ရုံ လှိမ့်ရှောင်ပြီး ဘယ်ထောင့်သို့ ပြေးသည်။ သံလုံးကြီးက နောက်ဖက်မှ သတ္တဝါတစ်ကောင်ပမာ လိုက်လာသည်။ အနီးသို့ ရောက်သောအခါ အရှိန်ပြင်းသော လက်သီးတစ်လုံးပမာ 'ဝှီး' ကနဲ ရိုက်ချလိုက်သည်။

ငုံ့ရှောင်လိုက်ရာ ကျောပေါ်မှ သီသီကလေး ကပ်လွတ်သွားသည်။ နောက်ဖက်မှ နံရံကို ပြေးရိုက်မိပြီး အုတ်ကျိုးအုတ်ပဲ့များ၊ သံတိုသံစများ၊ အင်္ဂတေမှုန့်များ လွင့်စင်ထွက်လာသည်။

ညာဘက်အဆောက်အအုံမှ တံခါးနှစ်ချပ်ပွင့်သွားပြီး အတွင်းမှ လူသံများ ကြားရသည်။ အလုပ်သမားများဖြစ်ဟန်တူသည်။

ဝန်ချီစက်မောင်းနေသူက ထိုလူသံများကို ဂရုမစိုက်ဘဲ ဒေါက်တာမင်းထင်ကျော်နောက်သို့သာ သဲကြီးမဲကြီး လိုက်နေသည်။

ဒေါက်တာမင်းထင်ကျော် တစ်ဖက်ထောင့်သို့ ဖြတ်ပြေးရင်း အမှောင်ရိပ်မှ အပျက်အစီးပုံကို ခလုတ်တိုက်ပြီး ပစ်လဲကျသွားစဉ် ဦးခေါင်းကို ကျောက်တုံးတစ်ခုဖြင့် ဆောင့်မိသောကြောင့် မူးမေ့သွားသည်။

သတိရ၍ မော့ကြည့်လိုက်သောအခါ သံလုံးကြီးက သူ့အပေါ် တည့်တည့်နေရာသို့ ရောက်နေပြီ။

ဒေါက်တာမင်းထင်ကျော် အားတင်း၍ ဘေးသို့ လှိမ့်ထွက်လိုက်ပြီး မရှေးမနှောင်းမှာ သံလုံးကြီးက ထိုနေရာသို့ 'ဝုန်း' ကနဲ ပြုတ်ကျလာသည်။ သူ သီသီကလေး လွတ်သွားသည်။

စောစောက နေရာမှာ မြေကြီးများပင် ချိုင့်ဝင်သွားသည်။

ယခုအထိတော့ အန္တရာယ်က လွတ်မြောက်နေဆဲ။

သို့သော် . . .

ရန်သူကို မတုံ့ပြန်နိုင်ဘဲ သည်အတိုင်း ဆက်သွားပါက သူ့အတွက် အခြေအနေ မကောင်းနိုင်ပေ။

ဒေါက်တာမင်းထင်ကျော် အမှောင်ရိပ်မှာ ကပ်နေလိုက်စဉ် သူ့လှုပ်ရှားမှုကို မတွေ့ရသဖြင့် ဝန်ချီစက်မောင်းသောရန်သူက တံခါးဖွင့်ပြီး အောက်ဆင်းလာသည်။

စက်သတ်မထားသဖြင့် ဝန်ချီစက်သံကို ကြားနေရသည်။

ထိုသူ အောက်သို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က တုတ်တစ်ချောင်းကို ဖျတ်ကနဲ ဆွဲပြီး ညို့သကျည်းသို့ ဖြတ်ရိုက်ချလိုက်ရာ 'အား' ကနဲ တစ်ချက်အော်၍ မြေပေါ်သို့ လဲကျသွားစဉ် ဒေါက်တာမင်းထင်ကျော်က ခုန်အုပ်လိုက်သည်။

ထိုသူကလည်း အညံ့မခံဘဲ ပြန်လည်သတ်ပုတ်ရာ နှစ်ယောက်သား လုံးထွေးသတ်ပုတ်ရင်း သံလုံးကြီးအောက်ရောက်သွားတော့သည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

ထိုအချိန်တွင် စက်ခလုတ် ပိတ်မထားသေးသောကြောင့် သံလုံးကြီးက အပေါ်မှ တအိအိ လျှောကျလာသည်။

သံလုံးအောက်မှ ဒေါက်တာမင်းထင်ကျော် လှိမ့်ထွက်သည်။

ရန်သူက သူ့မျက်နှာကို လက်သီးဖြင့် ထိုးသည်။ လဲကျသွားသောအခါ အပေါ်မှ တက်ခွ၍ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်သည်။

ခွန်အားဗလ တောင့်တင်းသူဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော် လှုပ်၍မရတော့ပေ။ ညှစ်ထားသောလက်များက ပြုတ်တူတစ်လက်နှယ် သန်မာလှသည်။

ခဏချင်းပင် အသက်ရှူကျပ်လာသည်။

ရန်သူကို အမြန်ရှင်းနိုင်မှ၊ မရှင်းနိုင်လျှင် အရေးနိမ့်တော့မည်။ ဒေါက်တာမင်းထင်ကျော် လက်နှစ်ဖက်ကို ပူး၍ အားထည့်ကာ ရင်ဝသို့ ဆတ်ကနဲ ဆောင့်ထိုးလိုက်သည်။

'အင့်' ကနဲ မြည်ကာ လည်ပင်းညှစ်ထားသောလက်များ အားပျော့သွားသည်။ ထိုအခွင့်ကောင်းကို ယူကာ ပေါင်ကြားသို့ ဒူးသွင်း၍ဆောင့်တိုက်လိုက်ရာ မျက်လုံးပြူးထွက်လာပြီး နောက်သို့ လန်ကျသွားသည်။ ထိုအချိန်တွင် အပေါ်မှ တအိအိ ကျလာသော သံလုံးကြီးက ထိုသူကိုယ်ပေါ်သို့ ဝုန်းကနဲ ပြုတ်ကျသွားရာ အရိုးကျိုးသံများပင် ကြားလိုက်ရသည်။ ကိုယ်ခန္ဓာမှာ ပြားချပ်သွားပြီး နှစ်ပိုင်းပြတ်လုဖြစ်သွားသည်။

ဒေါက်တာမင်းထင်ကျော် ဒယိမ်းဒယိုင်ဖြစ်၍ နေရာမှ





ထရပ်လိုက်သည်။ ထိုအချိန်တွင် ညာဘက်တိုက်ခန်းပေါ်မှ အလုပ်သမားများ ဆင်းလာနေကြပြီ။

မကြာမီ ရဲများ ရောက်လာပေတော့မည်။

မြေပေါ် ကျနေသော သေနတ်ကို အိတ်အတွင်းသို့ ပြန်ကောက်ထည့်၍ အမှောင်ရိပ်ခိုကာ အပြင်ဘက်သို့ ထွက်ခဲ့လေတော့သည်။



www.burmeseclassic.com





## အခန်း(၅)

# လျှို့ဝှက်သောသဲလွန်စ

သူ နောက်တစ်နေ့မနက်စောစော ဦးထလန်ဘုန်းဆီသို့ သွားရန် ကားဂိတ်ကို ထွက်လာတော့ ဘယ်လိုအနှောင့်အယှက်မှု ထပ်မတွေ့ရတော့ပေ။ မြောက်ဖက်ပိုင်း တက်သောကားတစ်စင်းနှင့် တက်လိုက်လာခဲ့ပြီး မိုင်းမော်မြို့ကလေးတွင် ဆင်းလိုက်သည်။ မြို့ဟူ၍သာ ခေါ်သော်လည်း လူနေအိမ် အနည်းငယ်သာ ရှိသောကြောင့် ဦးထလန်ဘုန်းအိမ်ကို အလွယ်တကူ ရှာတွေ့သည်။

ခြံဝတွင်. . .



www.burmeseclassic.com

www.burmeseclassic.com



ဦးထလန်ဘုန်း၊

အထက်တန်းရှေ့နေကြီး၊

ဟူသော ဆိုင်းဘုတ်ကြီးကို ချိတ်ထားသည်။

လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သောအခါ အသက် ငါးဆယ်ဝန်းကျင် ထောင့်ထောင့်မောင်းမောင်းနှင့် လူကြီးတစ်ဦး ရောက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ မောင်ရင်"

"ကျွန်တော် ဦးမင်းဟန်ရဲ့မိတ်ဆွေပါ။ ဦးထလန်ဘုန်းနဲ့ တွေ့ချင်လို့ပါ"

"အာ. . . ဦးထလန်ဘုန်းဆိုတာ ကျုပ်ပါပဲဗျာ၊ ကဲ. . . ကဲ. . အထဲဝင်ပါဦး"

တံခါးဖွင့်ပေးသောကြောင့် ဒေါက်တာမင်းထင်ကျော် အထဲဝင်သည်။ ဦးထလန်ဘုန်းက သူ့အား ဧည့်ခန်းခေါ်သွားသဖြင့် လိုက်သွားရာ အထဲသို့ ရောက်သောအခါ ဦးထလန်ဘုန်း၏ဧည့်ခန်းမှာ သပ်ရပ်သန့်ရှင်းလှသည်ကို သတိပြုမိသည်။

ဧည့်ခန်းသို့ ရောက်သောအခါ ဦးထလန်ဘုန်းက သူ့အား လိမ္မော်ဝိုင်တစ်ခွက် လာပေးသည်။

ဒေါက်တာမင်းထင်ကျော်က ဝိုင်အရက် တစ်ငုံသောက်ရင်း စာအုပ်စင်မှ စာအုပ်ကောင်းများနှင့် နံရံတွင် ချိတ်ဆွဲထားသော မြေပုံကားချပ်ကြီးကို ငေးကြည့်နေသည်။

မြေပုံကားချပ်ကြီးပေါ်တွင် အချို့နေရာများကို သင်္ကေတ အမှတ်အသားများ မှတ်သားထားသည်ကို သတိပြုမိသည်။





ဦးထလန်ဘုန်းက သူ့ရှေ့တွင် ဝင်ထိုင်ရင်း စကားဆိုသည်။

"ဦးမင်းဟန်ရဲ့သတင်းကို ကြားရတာ စိတ်မကောင်းပါဘူး၊ မောင်ရင်က သူ့ရဲ့မိတ်ဆွေပဲလား"

"ကျွန်တော်က သူ့ရဲ့အစီအစဉ်တွေကို အကောင်အထည် ဖော်ပေးဖို့ ရောက်လာတဲ့လူပါ"

ဦးထလန်ဘုန်းက အတန်ကြာအောင် စဉ်းစားနေပြီးမှ

"အော်. . . ဟုတ်ပြီ၊ ကျုပ်နားလည်ပြီ၊ မောင်ရင်ကို ကျုပ် ဘယ်လိုအကူအညီမျိုး ပေးရမလဲ ပြောပါ"

ဟု ခပ်တိုးတိုး ဆိုသည်။

"ဦးမင်းဟန် မသေခင်က လှုပ်ရှားမှုလေးတွေကို ဦး သိသမျှ ပြောပြစမ်းပါ"

"အင်း. . . ဟုတ်ပြီ၊ ဦးမင်းဟန်က အိုမီဂါ သုတေသန စီမံကိန်းကြီး စလုပ်စဉ်က အဲဒီမှာ မမျှော်လင့်ဘဲ ဝန်ထမ်းဖြစ်ဖူးခဲ့တယ်၊ နောက်တော့ အဲဒီစခန်းက အကြောင်းတွေ အတော်အတန် သိပြီးတဲ့နောက်မှာ အဲဒီက လျှို့လျှို့ဝှက်ဝှက် ထွက်ပြေးလွတ်မြောက်ခဲ့ပြီးတဲ့နောက်မှာ အသတ်ခံရတယ်လို့ ထင်တာပဲ"

"အိုမီဂါ သုတေသနစခန်းနေရာကို ဦးကို ပြောခဲ့သေးလား"

ဦးထလန်ဘုန်းက အရက်ကို တစ်ကျိုက်မော့သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . နေရာတော့ အတိအကျ မပြောဘူး၊ ဒါပေ
မယ့် ရွာတစ်ရွာအနီးမှာဆိုတာတော့ ပြောသွားတယ်"

"အင်း. . . နေဦး၊ အဲဒီရွာက လီဒိုလမ်းမကြီးရဲ့မြောက်
အနောက်ဖက်ယွန်းယွန်းမှာ ရှိတဲ့ရွာပဲ၊ နာမည်က. . အင်း. .
မှတ်မိပြီ၊ 'မော်ဟဲရွာ' လို့ ခေါ်တယ်"

ဦးထလန်ဘုန်းက နေရာမှထကာ မြေပုံပေါ်တွင် နေရာ
ရှာသည်။ ကမ္ဘာကျော် လီဒိုလမ်းမကြီးအနီးမှ သင်္ကေတ ပြထား
သော ရွာတစ်ရွာကို လက်ဖြင့် ထောက်ပြသည်။

ဒေါက်တာမင်းထင်ကျော်က ရွာအမည်နှင့်နေရာကို
စိတ်ထဲမှာ အလွတ်မှတ်ထားလိုက်သည်။

"ရွာကတော့ နယ်ခြားဒေသမှာ အတော်လျို့ဝှက်တဲ့
နေရာပဲ"

"ဟုတ်တယ်. . . လွင်တီးခေါင်တွေ၊ ကျောက်တုံးတွေ
တောင်တန်းတွေ ဝန်းရံထားတဲ့အလယ်မှာ တည်ထားတာ
မော်ဟဲနဲ့ နီးတယ်လို့သာ ဆိုပေမယ့် အတော်ဝေးသေး
တယ်၊ ဆယ်မိုင်ပတ်လည်လောက်မှာ လူနေအိမ်ခြေဆိုလို့ အား
တစ်ခုမှ မရှိဘူး မောင်ရင်"

"ဓါတ်ခွဲခန်းက လူတွေအကြောင်းကိုရော ဦးကို အား
ပြောသွားသေးလဲ"

"အဲဒီစခန်းက မြန်မာသုတေသနပညာရှင်တစ်ယောက်
အကြောင်းကိုတော့ ပြောပါတယ်"

"ဒေါက်တာဇီဝလား"





"ဟုတ်တယ်. . . ဒေါက်တာဇီဝအကြောင်းပဲ၊ နောက်
ပြီး အိုမီဂါသုတေသနစခန်း တာဝန်ခံ အဆင့်(၁) တာဝန်ရှိတဲ့
ဒေါက်တာထိုက်ဇံအကြောင်းလဲ ပြောသွားသေးတယ်"

ဒေါက်တာ မင်းထင်ကျော်က ဝိုင်အရက်ကို မျှင်း
သောက်ရင်း ၎င်းအမည်များကို အလွတ်မှတ်နေ၏။

"ဒေါက်တာထိုက်ဇံဆိုတဲ့လူက အကြံကြီးတယ်၊ (. . .)
နိုင်ငံမှာ အာဏာသိမ်းဖို့ ကြိုးစားနေတဲ့ ဗိုလ်ချုပ်ကြီးနှစ်ဦးနဲ့
အဆက်အသွယ်ရှိတယ်၊ အဲဒီအထဲမှာ စပ်ရွှေဘုန်းဆိုတဲ့ လော
ဘန်တစ်ယောက်လဲ ပါတယ်၊

ဒီဗိုလ်ချုပ်ကြီးတွေက အာဏာသိမ်းဖို့ အခွင့်စောင့်နေ
ရင်း စပ်ရွှေဘုန်းကတစ်ဆင့် အိုမီဂါပိုးတွေအကြောင်း သိရပြီး
နောက် ဒီပိုးတွေ ရဖို့ အပေးအယူ လုပ်ကြလိမ့်မယ်ထင်တယ်၊
ဒီပိုးတွေ ရရင် လူတွေ၊ လက်နက်အင်အားတွေ အများကြီး
သုံးစရာမလိုဘဲ ဒီပိုး ပြုပြီး အနုနည်းနဲ့ လွယ်လွယ်လေး တိုင်း
ပြည်အာဏာ သိမ်းယူနိုင်လိမ့်မယ်လို့ ထင်နေကြတယ်"

"အင်း. . . အတော်အကြံကြီးတာပဲ၊ ဒီလိုခြိမ်းခြောက်
တဲ့နေရာမှာ ဒီပိုးတွေရဲ့စွမ်းရည်ကို သက်သေပြဖို့တော့ လိုမှာ
ပေါ့"

"ဒါကတော့ လိုမှာပေါ့၊ အခုတောင် ဦးမင်းဟန်ဆီက
တဆင့် သိရသမျှ အိုမီဂါသုတေသနစခန်းမှာ အပြစ်မဲ့တဲ့လူ
အတော်များများ အစမ်းသပ်ခံနေရတယ်လို့ သိရတယ်၊

တကယ်လို့သာ ဒီပိုးတွေ ဗိုလ်ချုပ်ကြီးတွေလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရင် အပြစ်မဲ့တဲ့လူအတော်များများ ဓါးစားခံ ဖြစ်ဦး
တော့မှာပေါ့ကွယ်”

“အဲဒီအဖွဲ့ထဲမှာ အဓိက ပါဝင်တဲ့ စပ်ရွှေဘုန်းက ဘယ်
မှာ နေသလဲ”

“မော်ဟဲရွာနဲ့ သိပ်မဝေးလှတဲ့ တောင်ကုန်းတစ်ခုပေါ်
မှာ ဟော်နန်းကြီးနဲ့ နေတယ်၊ လက်နက်ကိုင်အစောင့်တွေလ
အတော်များများ ထားတယ်၊ ခြံထဲ ဝင်ဖို့တောင် မလွယ်ဘူးတဲ့

“အင်း. . စပ်ရွှေဘုန်း စံအိမ်တော်ထဲ ဝင်နိုင်ရင် အိုမိ
သုတေသနစီမံကိန်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေ သိရနိုင်
တယ်”

“စပ်ရွှေဘုန်းနဲ့ ရင်ဆိုင်မယ်ဆိုတာ အတော်အန္တရာယ်
များတဲ့ကိစ္စပဲ၊ မောင်ရင် သတိတော့ အတော်ထားရလိမ့်မယ်

“ခုလို သတိပေးတာ ကျေးဇူးပါပဲ၊ ကဲ. . . ကျွန်တော်
ပြန်လိုက်ဦးမယ်”

ဦးထလန်ဘုန်း ဒေါက်တာမင်းထင်ကျော်ကို ခြံဝအထိ
လိုက်ပို့ပေးသည်။

ဒေါက်တာမင်းထင်ကျော် ထွက်သွားပြီး မကြာမီ ဦး
ထလန်ဘုန်းထံသို့ နောက်ထပ် ဧည့်သည်တစ်ဖွဲ့ ရောက်လာပြ
သည်။



☺ အောင်မြင်စာပေ ☺



## အခန်း(၆)

# အသက်ယူမည့်သေမင်း

ဒေါက်တာမင်းထင်ကျော် မိုင်းပွန်သို့ နေ့လယ်ဘက်
ပြန်ရောက်လာသည်။ မြချယ်ရီသို့ ရောက်ပြီး အခန်းထဲတွင်
ည်းများ ရှုပ်ပွပြန့်ကျဲနေသည်။

သူ မျက်မှောင်ကြုတ်၍ အကဲခတ်ကြည့်လိုက်သည်။

သူပြန်မရောက်မီ တစ်စုံတစ်ယောက် အခန်းထဲသို့ ဝင်
စိတ်ကြိုက်မွှေနှောက်သွားခြင်းဖြစ်ပေလိမ့်မည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ရေချိုးခန်းထဲ ရောက်သောအခါ မှန်ပေါ်တွင် စာတစ်စောင် ကပ်ထားသည်။

ဖြုတ်ယူ၍ ဖတ်ကြည့်သောအခါ. . .

(ရှေ့ဆက်ဖို့ မကြိုးစားနဲ့၊ အသက်မသေချင်ရင် နောက်ကြောင်းကို ပြန်လှည့်သွားပါ)

ဟူ၍ရေးထားသည်။

ဒေါက်တာမင်းထင်ကျော် ရေမိုးချိုး အဝတ်အစား လဲပြီးသောအခါ ဟော်တယ်ဝန်ထမ်းများကို ထိုအကြောင်းအသိပေးပြီး အပြင်သို့ ထွက်လာခဲ့သည်။

မိမိအနေနှင့် အိုမီဂါစစ်ဆင်ရေး စတင်တော့မည်ဆိုလျှင် သည်နယ်မြေသို့ ဦးစွာရောက်နေသော မိမိတို့အဖွဲ့ဝင်များနှင့် ဆက်သွယ်ရပေမည်။

အပြင်သို့ ရောက်သောအခါ ထက်မင်းကျော်စွာဆိုသူထံ ဖုန်းဆက်သည်။ အလွယ်တကူပင် ဆက်သွယ်၍ရသည်။

"ကျော်စွာလား. . . မင်းအသံ ကြားနေရသေးတော့ အသက်နဲ့ကိုယ် မြဲနေသေးတယ်ဆိုတာ သိရလို့ ပမ်းသာပါတယ်ကွာ"

တစ်ဖက်မှ ရယ်သံတိုးတိုး ကြားရသည်။

"မင်း ဒီနယ်ကို ရောက်လာကတည်းက ငါသိပါတယ် အခြေအနေကောင်းတယ်မဟုတ်လား"

"အင်း. . . ဆိုပါတော့၊ ငါ အိမ်တစ်လုံး တွေ့ထားတယ် မင်းလိုက်ကြည့်ပေးပါလား"





"ကောင်းပြီလေ. . . တို့ တစ်နေရာမှာ ဆုံကြတာပေ့ါ"

နှစ်ယောက်သား တစ်နေရာတွင် တွေ့ရန် ချိန်းလိုက်ကြသည်။ ပြီးနောက်. . .

ဇင်မာဝေထံ ဖုန်းလှမ်းဆက်လိုက်သည်။

တော်တော်နှင့် ဆက်မရ၊ ဆက်ရပြန်တော့လည်း ဖုန်းကိုင်မည့်သူ မရှိပေ။

ဒေါက်တာမင်းထင်ကျော် စိတ်ပူသွားသည်။

နောက်ထပ်တစ်ကြိမ် ပြန်ဆက်သောအခါ ဖုန်းလာကိုင်သည်။

"ဟလို. . . အမိန့်ရှိပါ"

"မဝေလား"

"ဟုတ်ပါတယ်. . . . ကိုမင်းထင်ကျော်လား"

"ဟုတ်တယ်. . . စောစောကတည်းက ဆက်နေတာ၊ ဖုန်းကိုင်မယ့်လူ မရှိလို့"

"ကျွန်မ အပြင်ခဏသွားနေလို့ပါ. . . ကိစ္စရှိလား"

"တခြားတော့ မရှိပါဘူး၊ ညနေစာကို မဝေနဲ့အတူစားဖို့ ချိန်းမလို့ပါ. . . ကိုယ်လာခေါ်ရမလား"

"ကိုမင်းထင်ကျော် ဒုက္ခများနေပါ့မယ်၊ ကျွန်မ အစီအစဉ်နဲ့ လာခဲ့ပါမယ်၊ ဘယ်ကို လာရမယ်ဆိုတာကိုသာ ပြောပါ"

"ဟော်နန်းကုန်း ဟော်တယ်မှာ ညနေ(၆)နာရီ ကိုယ်စောင့်နေမယ်"

"ကျွန်မ လာခဲ့ပါ့မယ်"

www.burmeseclassic.com



တစ်ဖက်မှ ဖုန်းချသွားသည်။

ထိုသို့ဆက်ပြီးသည်နှင့် ကားစင်းလုံးငှား ဌာနသို့ ကားတစ်စီး ငှားလိုကြောင်း ဖုန်းဆက်မေးရာ ရသဖြင့် သွားရောက်ကြည့်သည်။

(. . . . . . )ကားအငှားဌာနတွင် ကားအမျိုးအစားပေါင်း များစွာရှိသောကြောင့် မိမိစိတ်ကြိုက်ကားကို ရွေးချယ်ငှားရမ်း၍ ရလေသည်။

တောင်တက်လမ်းများတွင် အသုံးပြုရမည် ဖြစ်သောကြောင့် တောင်တက်ဂီယာအပါအဝင် ဂီယာငါးချက်ပါသော ဖီးယက်(၁၂၄) အမျိုးအစား ကားတစ်စီး ငှားလိုက်သည်။

ထိုကားနှင့်ပင် ဟော်နန်းကုန်းဟော်တယ်သို့ မောင်းထွက်လာခဲ့သည်။ ၎င်းစားသောက်ဆိုင်မှာ တစ်ချိန်က စော်ဘွားတစ်ဦး၏ဟော်နန်းနေရာဖြစ်သောကြောင့် ခမ်းနားထယ်ဝါလှသည်။

စားသောက်ဆိုင်အတွင်းမှ မှန်ချပ်များမှ ကြည့်လျှင် ပတ်ဝန်းကျင်ရှုခင်းများကို ကောင်းစွာမြင်နိုင်လေသည်။

ဒေါက်တာမင်းထင်ကျော် ဝင်သွားတော့ အခန်းထောင့် စားပွဲတစ်လုံးတွင် ဇင်မာဝေ ထိုင်နေသည်ကို လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က သူမရှေ့ စားပွဲပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး. . . လမ်းမှာ မိုင်းမော်က လာတဲ့





အသိတစ်ယောက်နဲ့ တွေ့လို့ အခုမှ ရောက်တာ"

အသံမှာ အနည်းငယ် တုန်ယင်နေသည်ဟု ထင်ရသည်။

"မဝေ. . နေမကောင်းဘူးလား"

ဒေါက်တာမင်းထင်ကျော်က ဖြူဖပ်ဖြူရော်ဖြစ်နေသော သူမ မျက်နှာလေးကို တစ်ချက်အကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"လူကတော့ နေကောင်းပါတယ်၊ မိုင်းမော်က လာတဲ့ သတင်းကတော့ မကောင်းဘူး ကိုမင်းထင်ကျော်"

"ဘာတဲ့လဲ"

"ဦးထလန်ဘုန်းတစ်ယောက် အသတ်ခံလိုက်ရပြီ"

"ဟင်. . . ဘယ်လိုဖြစ်တာတဲ့လဲ"

"ရဲတွေ ရောက်သွားတော့ ကားဂိုဒေါင်ထဲမှာ ကြိုးဆွဲချသေနေတာကို တွေ့ရတယ်လို့ ပြောတယ်၊ ရဲကတော့ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ သတင်းလွှင့်ထားတယ်"

ဒေါက်တာမင်းထင်ကျော် အံတစ်ချက်ကြိတ်လိုက်သည်။

"ဒီတစ်ခါတော့ ကျွန်မအလှည့်ဖြစ်နိုင်တယ် ကိုမင်းထင်ကျော်"

"ဒီလောက်လဲ စိတ်ဓါတ်မကျပါနဲ့ မဝေ၊ မင်းရှေ့မှာ ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်၊ ကိုယ် မင်းကို အစွမ်းကုန်အကာအကွယ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားရတော့မှ ဇင်မာဝေ မျက်နှာလေးမှာ စိတ်သက်သာရာ ရသွားဟန်ဖြင့် အတန်ငယ် လန်းဆန်းလာသည်။

ထိုအခိုက် စားပွဲထိုး ရောက်သဖြင့် ညစာအတွက် စားသောက်စရာများ မှာကြားလိုက်သည်။

စားပွဲထိုးလေး ပြန်ထွက်သွားတော့မှ ဒေါက်တာမင်းထင်ကျော်က ဟော်တယ်တွင် တွေ့ရသော သတိပေး ခြိမ်းခြောက်စာအကြောင်းကို ပြောပြလိုက်သည်။

"အင်း. . . သူတို့တတွေက အင်ပါယာ အတော်များပုံရတယ်၊ နေရာတိုင်းမှာ သူတို့လူတွေ ရှိနေပုံရတယ်၊ ကျွန်မတို့ကိုလဲ သူတို့ အမြဲနောက်က လိုက်ကြည့်နေမယ်ထင်တယ်"

"ဒါက သူတို့အလုပ်ပဲ၊ အရေးကြီးတာက ဒီရက်အတွင်းမှာ မဝေ လုံခြုံစိတ်ချရတဲ့နေရာတစ်နေရာမှာ ရှေ့နေသင့်တယ်"

သူမက စိတ်ကို တင်းထားဟန်ဖြင့် အဝေးသို့ တစ်ချက်ကြည့်သည်။

"ကျွန်မ သေရမှာကို မကြောက်ပါဘူး၊ ဖြစ်နိုင်ရင် ဦးလေးရဲ့သွေးကြွေးကို ပြန်ဆပ်ချင်တယ်"

စိတ်အားထက်သန်စွာဖြင့် ပြောသည်။

"လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး၊ ကိုယ်အကြံပေးချင်တာက မင်းလျှို့ဝှက်လုံခြုံတဲ့ နေရာတစ်နေရာကိုသာ ရှေ့နေပါ မဝေ"

"ကိုမင်းထင်ကျော်အတွက် ကျွန်မ တစ်စုံတစ်ခု အကူ





အညီပေးနေရင်း ရှင်နဲ့အတူရှိနေတာ ကျွန်မအတွက် အလုံခြုံဆုံး ဖြစ်လိမ့်မယ်ထင်တယ်"

ဒေါက်တာမင်းထင်ကျော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ထို့နောက် စားသောက်စရာ ရောက်လာသဖြင့် နှစ်ယောက်သား စကားရပ်ကာ ညစာကို တိတ်ဆိတ်စွာ စားသောက်လိုက်ကြသည်။

ဟော်တယ်မှ ကားထွက်လာပြီး လမ်းတစ်ဝက် ရောက်သောအခါ နောက်ယောင်ခံလိုက်လာသော ကားတစ်စင်းကို ဒေါက်တာမင်းထင်ကျော် သတိပြုလိုက်သည်။

ဒေါက်တာမင်းထင်ကျော် လမ်းရှင်း လူရှင်းသော မြို့ပြင်ဘက်သို့ ကားကို ဦးတည်လိုက်သည်။

နောက်က ကားကလည်း ထပ်ချပ်မကွာ ပါလာသည်။

တိုက်တန်းလျားများ ရှိသောနေရာသို့ ရောက်သောအခါ ရှေ့မှ တွန်းလာသော တွန်းလှည်းတစ်လှည်းက လမ်းမပေါ် ဖြတ်တက်လာပြီး ကားရှေ့သို့ ဖြတ်ဝင်လာသဖြင့် ဘရိတ်အုပ်၍ အရှိန်သတ်လိုက်ရသည်။

လမ်းမျက်နှာပြင်နှင့် ကားဘီးပွတ်ကြိတ်သံ အတန်ကြာအောင် ထွက်လာပြီး ကားက လမ်းဘေးရှိ ထင်းရှူးပင်ကြီးတစ်ပင်နှင့် ပေအနည်းငယ်အလိုတွင် ရပ်သွားသည်။

ဒေါက်တာမင်းထင်ကျော် သေနတ်ကို ဆွဲထုတ်ပြီး ကားပေါ်မှ ဆင်းသည်။ လှည်းတွန်းလာသူကို လှမ်းကြည့်တော့ ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြားတစ်ခုထဲ ဝင်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

ထိုအချိန် မလှမ်းမကမ်းရှိ အိမ်တစ်လုံးမှ ကျည်ဆန်တစ်တောင့် ထွက်လာပြီး ကားခေါင်မိုးကို လာမှန်သည်။

ဒေါက်တာမင်းထင်ကျော် ဒူးထောက်ထိုင်ချလိုက်ပြီး ကျည်ဆန်လာရာသို့ လှမ်းကြည့်လိုက်သည်။ ပြတင်းပေါက်တွင် လူရိပ်လိုလို လှမ်းမြင်ရသည်။ နောက်ထပ် ထွက်လာသော ကျည်ဆန်က ဇင်မာဝေ ထိုင်နေရာ ကားဘော်ဒီကို မှန်သည်။

ဇင်မာဝေ၏အလန့်တကြားအော်သံ ပေါ်ထွက်လာသည်။

"အောက်ကို မြန်မြန်ဆင်း၊ အောက်ကို ဆင်းပြီးဝပ်နေ"

ကားပေါ်မှ သူမအဆင်း ကျည်ဆန်တစ်တောင့်က ဝင်လာရာ ခေါင်းငုံ့လိုက်၍သာ တော်ရေ့သည်၊ မဟုတ်လျှင် ခေါင်းတစ်ခြမ်း ပွင့်ထွက်သွားနိုင်လောက်သည်။

ဒေါက်တာမင်းထင်ကျော် သေနတ်ကို အဆင်သင့် ကိုင်ရင်း ကားနောက်ပိုင်းဘက်သို့ နေရာရွှေ့သည်။

နောက်ဖက်မှ တစ်ယောက်က လှမ်းပစ်သည်။

သတ်ကွင်းတစ်ခုထဲမှာ ညှပ်ပူးညှပ်ပိတ် အတိုက်ခံနေရပြီ။

"မဝေ . . ခေါင်းငုံ့ပြီး ဝပ်နေ"

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေကို သတိပေးပြီး ကားပေါ်သို့ အလျင်အမြန် ပြန်တက်သည်။ ညှပ်ပစ်နေသော ကျည်ဆန်အချို့က ကားဘော်ဒီကို လာမှန်သည်။





ကိုယ်ကို ဝပ်၍ သေနတ်ကို အသင့်ကိုင်ထားရင်း ကားသော့ဖွင့်သည်။ စက်က အလွယ်တကူ နိုးသည်။

နောက်ဘက် ဂီယာသွင်း၍ နောက်ပြန်ဆုတ်သည်။

သေနတ်သမားအချို့က သေနတ်ဖြင့် လှမ်းပစ်သော်လည်း ကားဘော်ဒီကိုသာ ထိသည်။

အမှောင်ရိပ်မှ လူရိပ်များ ထွက်လာပြီး သေနတ်ဖြင့် ပစ်သည်။ ဒေါက်တာမင်းထင်ကျော် သေနတ်ဖြင့် ဘေးမှ တစ်ယောက်ကို ပစ်ရာ ချာကနဲ လဲကျသွားသည်။

ပြတင်းပေါက်မှ ထွက်လာသော သေနတ်သမားတစ်ယောက်ကို လှမ်းပစ်သည်။

ထိသည်။

တစ်ဆက်တည်း ကားကို ဂီယာပြောင်း၍ ရှေ့သို့မောင်းထွက်သည်။ လမ်းပေါ် ရောက်တော့ သေနတ်သမားတစ်ယောက်က သေနတ်ဖြင့် ချိန်နေသည်။

သူ ကားလီဗာကို အားနဲ့ ဖိနင်းလိုက်ပြီး ကိုယ်ကို ပြားနေအောင် ဝပ်ပေးလိုက်သည်။

သေနတ်သံတစ်ချက် ကြားလိုက်ရပြီး ကား၏စတီယာတိုင်ပေါ်မှ သီသီလေး ကျော်သွားသည်။

ကားက မြားတစ်စင်းပမာ ဝုန်းကနဲ ဆောင့်ထွက်သွားရာ သေနတ်သမား ဘေးသို့ ခုန်ရှောင်သော်လည်း ဘေးတစ်ခြမ်း ဝင်တိုက်မိရာ အရှိန်ဖြင့် မြောက်တက်သွားပြီး လမ်းဘေးသို့ ပစ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကားကလေး မြို့ထဲ ပြန်ရောက်လာသည်။

မိမိတို့နောက်မှ လိုက်လာခြင်းရှိမရှိ ပတ်မောင်းကြည့် သော်လည်း မသင်္ကာစရာ မတွေ့ရသဖြင့် ကားကို ဆက်မောင်း လာသည်။

လမ်းသွားလမ်းလာအချို့က ကျည်ဆန်ရာ ဗရပွနှင့် ရှပ် ဖျက်ဆင်းဖျက်ဖြစ်နေသော သူတို့ကားကို ကြည့်ပြီး တအံ့တသြ ဖြစ်နေကြသည်။

မတော်တဆ ပတ်တရောင် လှည့်လာသော ရဲတစ်ဦး တစ်လေနှင့် ဆုံတွေ့လျှင် အမေးအမြန်းခံရမည် စိုးသောကြောင့် မိမိတည်းခိုခန်းဘက် ပြန်မောင်းလာသည်။

လူအတော်ရှင်းသောအခါ ကားကို ရပ်ပြီး ဇင်မာဝေ အခြေအနေကို အကဲခတ်ကြည့်သည်။

သူမက ဒေါက်တာမင်းထင်ကျော်ကို ပြုံးပြသည်။

"ကျွန်မအသက်ကို သက်စွန့်ဆံဖျား ကယ်ခဲ့တဲ့အတွက် ကိုမင်းထင်ကျော်ကို အထူးကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က. . .

"မင်းမကယ်ရင် ငါပါ အသတ်ခံရမှာစိုးလို့ ကြောက်ကန် ကန်ခဲ့ရတာပါကွာ၊ သိပ်လဲ အထင်မကြီးပါနဲ့"

ဟု ခပ်ပေါ့ပေါ့ ဆိုသောအခါ သူမက သဘောကျစွာ ရယ်လေသည်။

"ကားကို ဝပ်ရှော့တစ်ခုခုမှ အပ်ထားခဲ့မှ ဖြစ်မယ်၊ ဒီည မင်းအိမ်ကို ပြန်လို့မဖြစ်တော့ဘူး၊ ဟော်တယ်တစ်ခုမှာ ငါ အခန်း





ငှားပေးခဲ့မယ်၊ မင်း အဲဒီမှာ စိတ်ချလက်ချ နားပေတော့"

"ကိုမင်းထင်ကျော်ကရော"

"ကိုယ် ဒီည လုပ်စရာလေးတွေ ရှိသေးတယ်"

ဇင်မာဝေက. .

"တခြားမှာ တည်းတာနဲ့စာရင် ကိုမင်းထင်ကျော် တည်း တဲ့ဟော်တယ်မှာပဲ လိုက်တည်းရင် ကောင်းမယ်ထင်တယ်၊ တခြားဟော်တယ်တွေမှာ ကျွန်မတစ်ယောက်ထဲ မနေရဲဘူး"

ဟု ရှက်ရွံ့စွာ ပြောသည်။

"ဒီလိုဆိုရင်လဲ ကောင်းပြီလေ၊ မဝေကို ဟော်တယ်မှာ အခန်းတစ်ခန်း စီစဉ်ပေးခဲ့ပါ့မယ်"


ထို့နောက် နှစ်ယောက်သား မြချယ်ရီသို့ အငှားကား တစ်စီးငှား၍ ပြန်လာခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း[၇]

# သံယောဇဉ်ခြင်မျှား

ဇင်မာဝေကို ဟော်တယ်တွင် နေရာချပေးထားခဲ့ပြီး သူ
န်ထွက်လာတော့ ညဉ့်အတော်နက်နေပြီ။

ဟော်တယ်ရှေ့တွင် အသင့်စောင့်ဆိုင်းနေသောတက္ကစီ
စ်စီးကို ခေါ်ပြီး ထက်မင်းကျော်စွာနှင့် ချိန်းဆိုထားရာသို့ ထွက်
သည်။

သူ ညဇကေရီစားသောက်ဆိုင်ရောက်တော့ ညတစ်နာရီ
ဦးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲတွင် လူအနည်းငယ်သာ တွေ့ရပြီး အခန်း
ထောင့်၌ စားပွဲတစ်လုံးတွင် ထက်မင်းကျော်စွာကို လှမ်းမြင်
သဖြင့် ထိုနေရာသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးတွင်
ဝင်ထိုင်လိုက်သည်။

"ခြင်တွေ ဝိုင်းကိုက်နေတာနဲ့ တစ်ညလုံး မအိပ်ရသေး
ပါဘူး"

"ဒီအရပ်က ခြင်သိပ်ပေါတယ်၊ ဒီက ခြင်တွေက ပိုး
တယ်၊ ကိုက်ရင် သေတာများတယ်"

"ခုအထိတော့ ငါ ခြင်မကိုက်မိအောင် အတော်သတိ
ထားနေရတာ. . . ဒီမြို့ရောက်မှ. . ."

ဒေါက်တာမင်းထင်ကျော်က သူ လုပ်ကြံခံရပုံများကို
အတိုချုပ် ပြောပြလိုက်သည်။

ထက်မင်းကျော်စွာက လက်ဖက်ရည်ကို တစ်ငုံသောက်
ရင်း စိတ်မဝင်စားသလို အမူအယာနှင့် နားထောင်နေသည်။
အဝေးမှ ကြည့်လျှင် ပေါ့ပေါ့တန်တန် အကြောင်းအရာများ
ပြောဆိုနေသလိုပင်။

ခဏကြာသောအခါ ထက်မင်းကျော်စွာက သူ စုံစမ်း
ထား၍ ရသမျှသောအကြောင်းများကို ပြောပြသည်။

ဗိုလ်ချုပ်ကြီးများအကြောင်း၊

စပ်ရှေ့ဘုန်းအကြောင်း၊

ဒေါက်တာထိုက်ဖဲ ဒေါက်တာဇီဝတို့အကြောင်းများ

အိုမီဂါသုတေသန စီမံကိန်းအကြောင်းများအပြင်. . .





မိစ္ဆာပိုး စမ်းသပ်ခံ ရှာသားများအကြောင်းကိုပါ ပြောပြ
ည်။

ထက်မင်းကျော်စွာ ထိုအကြောင်းများကို ပြောပြနေ
န်မှာ အဝေးမှ အကဲခတ်ကြည့်လျှင် အရေးကြီးသော အ
ကြောင်းများကို ပြောနေဟန်နှင့် မတူဘဲ လူရွှင်တော်တစ်
ယာက် အပေါ်စားပျက်လုံးတစ်ခုကို ထုတ်နေသည်နှင့်ပင် တူ
ာ့သည်။

"အိုမီဂါမှ သုတေသန စီမံကိန်းစခန်းထဲကို ဝင်ဖို့ဆိုတာ
တော့ နည်းနည်းမှ မလွယ်ဘူး၊ တကယ်လို့ ဝင်မိရင်လဲ ပြန်
တ်ဖို့ မလွယ်ဘူး၊

အဲဒီအနီးဝန်းကျင်က ရှာသူရှာသားအတော်များများ
ဒီစခန်းထဲမှာ အစမ်းသပ်ခံဘဝရောက်နေရှာတယ်"

"သွားရမယ့်နည်းနဲ့ ဘယ်လိုဝင်နိုင်မလဲဆိုတာ နည်း
ည်းပါးပါး စုံစမ်းထားတာ ရှိသလား"

ထက်မင်းကျော်စွာက ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာ
ိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်သည်။

"ငါ အဲဒီအမျိုးသမီးကြီးနဲ့ ဆက်သွယ်ထားတာကြာပြီ၊
း စိတ်ဝင်စားရင် ဒီညလိုက်ပို့ပေးမယ်၊ ဘယ်နှယ့်လဲ"

ဟု မဆီမဆိုင် စကားဖြတ်ပြောသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း အလိုက်သင့်ပင်. .

"အင်း. . . မင်းစကားကြားရတာနဲ့တင်၊ စိတ်အဆာ
ေတ်တော်ပြေတယ်၊ မကြာခင် သွားမှာပေါ့၊ အမျိုးသမီးက လူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား"

ဟု ပြန်မေးသည်။

"အေး. . . လှလည်းလှတယ်၊ တောင့်တယ် ဖြော

တယ်ကွာ၊ ဒါပေမယ့် ကြားက လူတစ်ယောက်နဲ့တော့ ဆ

သွယ်လိမ့်မယ်"

ထိုစကားပြောရင်း ထက်မင်းကျော်စွာက ဒေါက်တ

မင်းထင်ကျော် ပခုံးပေါ်မှ ကျော်၍ နောက်သို့ တစ်ချက်ကြ

သည်။

မယောင်မလည်နှင့် လူတစ်ယောက် ထွက်သွားတော

လေသံတိုးတိုးဖြင့် စကားပြန်ဆက်သည်။

"အိုမီဂါစီမံကိန်းနဲ့ ပတ်သက်တဲ့အချက်အလက်တွေ

စပ်ရွှေဘုန်းဆိုတဲ့လူဆီမှာ သိမ်းထားတယ်လို့ သတင်းအ

အကျ ရတယ်၊ ဒါပေမယ့် သူ့ဟော်နန်းထဲ ဝင်ဖို့ မဆိုထား

ခြံဝန်းထဲ ရောက်အောင်တောင် ဝင်ဖို့မလွယ်ဘူး"

"ဒီလိုပဲ ကြိုးစားရမှာပေါ့၊ တို့အတွက် ပိတ်ထားနိုင်

တံခါးဆိုတာ မရှိပါဘူး၊ ဒီအတိုင်း ဝင်လို့မရရင် မြေလျှိုးဝင်မ

ကွာ"

"အင်း. . . မင်းအရည်အချင်းကိုတော့ ငါယုံကြည်

တယ်၊ တကယ်ဝင်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"နှစ်နေရာစလုံးကို ငါရအောင်ဝင်မှာ"

"ဒီလိုဆိုရင် မင်းကို ငါ မြေပုံကြမ်းတစ်ခု ဆွဲပေးလို

မယ်"





ထက်မင်းကျော်စွာက သူ့ အိတ်တွင်းမှ လက်ကိုင်ပုဝါဖြူ

စ်ထည် ထုတ်ကာ ဘောလ်ပင်ဖြင့် မြေပုံကြမ်းတစ်ခုကို ခပ်

ွက်သွက် ရေးပေးသည်။

"ဒီအတိုင်း သွားရင် စပ်ရွှေဘုန်းရဲ့ဟော်နန်းထဲကို

ောက်ပြီ၊ အထဲရောက်ရင် အရေးကြီးတဲ့အခန်းတွေနဲ့ စာရွက်

တမ်းတွေ ထားတဲ့အခန်းကိုတော့ ကိုယ့်ဖာသာ ကြိုးစားရှာပေ

တော့"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှ လက်ကိုင်ပုဝါ

ို ခေါက်၍ ဆွဲယူလိုက်ကာ မျက်နှာကို တစ်ချက်နှစ်ချက် သုတ်

န်ပြုပြီး အိတ်ထဲ ထည့်လိုက်သည်။

နှစ်ယောက်သား လက်ဖက်ရည်ပန်းကန်တွင်းမှ လက်

ျန်များကို မော့သောက်လိုက်ကြသည်။

"အိုမီဂါ စီမံကိန်းထဲသို့ ဘယ်လိုဝင်နိုင်မလဲ"

"အဲဒီအထဲက အပြင်ကလူ ဝင်တာဆိုလို့ အိုမီဂါပိုးတွေ

စမ်းသပ်ခံရတဲ့လူတွေပဲ ရှိတယ်၊

မင်းကတော့ ပိုးတွေနဲ့တော့ အစမ်းသပ်ခံချင်မှာ မဟုတ်

ူး၊ ဒီတော့ နည်းနည်းတော့ စွန့်စားရမယ်"

"အဲဒါကို စိတ်ဝင်စားတယ် ပြောကွာ"

"တစ်ပတ်တစ်ခါ အဲဒီစီမံကိန်းဝင်းထဲကို လူစိမ်းထစ်

ယာက်ကို ဝင်ခွင့်ပေးတယ်"

"အဲဒါ ဘယ်သူလဲ"

"အဲဒီနားက ရွာလေးတစ်ရွာက ဆံပင်ညှပ်သမား တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ၊ မင်းသာ ဆံပင်လေးဘာလေး နည်းနည်းပါးပါး ညှ
တတ်ရင်တော့ အဲဒီအထဲကို ဝင်ဖို့ခက်မှာ မဟုတ်ဘူး"

ဒေါက်တာမင်းထင်ကျော် တက်ကြွစွာဖြင့် ခပ်တိုးတိုး
လေတစ်ချက် ချွန်ကာ ထက်မင်းကျော်စွာ ပခုံးကို ပုတ်က
နေရာမှ ထသည်။

"ဒီည မင်းဆီက ရတဲ့ သတင်းအချက်အလက်တွေ
တော့ ရွှေထက် တန်ဖိုးရှိတယ်ဟေ့၊ ကဲ. . . ငါသွားတော့မယ်

"မင်း အထူးသတိထားပေတော့ မင်းထင်ကျော်၊ အ
တစ်ကြိမ် မင်းရင်ဆိုင်ရမယ့် အန္တရာယ်ဟာ ထုထည်ကြီးတယ်
မင်းလို လူတော်တစ်ယောက်ကို တို့တတွေ အဆုံးရှုံးမခံချင်ဘူး

"အခုလို သတိပေးတာ ကျေးဇူးပဲ သူငယ်ချင်း. . .
သွားတော့မယ်"

ထက်မင်းကျော်စွာကို နှုတ်ဆက်ကာ ဒေါက်တာမ
ထင်ကျော် စားသောက်ဆိုင်မှ ပြန်ထွက်လာကာ ဆိုင်က
ကယ်ရီတစ်စီး ခေါ်ကာ မြချယ်ရီသို့ ပြန်ခဲ့သည်။

လမ်းတစ်လျှောက် မည်သည့် အန္တရာယ် အနှော
အယှက်မှ မတွေ့ရသဖြင့် စိတ်သက်သာရာ ရမိသည်။

အပေါ်ထပ်သို့ ရောက်သောအခါ မိမိအခန်းသို့ မသွ
သေးဘဲ ဇင်မာဝေအခန်းသို့ သွားကာ တံခါးခေါက်လိုက်သည်

"ဘယ်သူလဲ"

အတွင်းမှ ခပ်တိုးတိုးမေးသံ ထွက်လာသည်။

"မင်းထင်ကျော်ပါ"





တံခါးချက်ဖွင့်သံ ကြားရပြီး တံခါးပွင့်သွားသည်။

"အခြေအနေ ကောင်းလား၊ မဝေ မအိပ်သေးဘူးလား"

လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"အခြေအနေကတော့ ဘာမှ မထူးခြားပါဘူး၊ ဒါပေမယ့် တစ်ယောက်ယောက်တော့ စောင့်ကြည့်နေပုံရတယ်"

ဇင်မာဝေက ပန်းခြံဘက်သို့ မျက်ရိပ်ဖြင့် ပြသည်။

"ကိုမင်းထင်ကျော် အခုမှ ပြန်လာတာလား"

"ဟုတ်တယ်. . . အခုမှ အပြင်က ပြန်လာတာ၊ မနက်စောစော ခရီးထွက်ရလိမ့်မယ်"

"ဟင်. . . ဟုတ်လား၊ အထဲဝင်ဦးလေ"

ဇင်မာဝေက တံခါးဟပေးသဖြင့် အတွင်းဝင်လိုက်သည်။ သူ အတွင်းရောက်သည်နှင့် တံခါးကို သော့ပြန်ပိတ်လိုက်သည်။

"ရှင် တစ်ခုခု သောက်မလား၊ ကျွန်မ စီစဉ်ပေးမယ်"

"မသောက်တော့ဘူး. . . ကိုယ် တစ်ရေးလောက် အိပ်လိုက်ချင်တယ်၊ မနက်စောစော ခရီးထွက်ရမှာဆိုတော့ နည်းနည်းအားဖြည့်လိုက်ဦးမှ"

"ဒီမှာပဲ အိပ်လိုက်ပါလား"

"မင်းပဲ လွတ်လွတ်လပ်လပ် အိပ်ပါ၊ ကိုယ် အခန်းပြန်အိပ်ပါ့မယ်"

"ကိုမင်းထင်ကျော် စိတ်ချလက်ချ အိပ်ပျော်နေတုန်း ကျွန်မ စောင့်ပေးတော့ ပိုကောင်းမယ်ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇင်မာဝေအမူအယာမှာ အတော့်ကို စိုးရိမ်နေပုံရသည်။

"ဒီလိုဆို ကိုယ် တစ်မေးလောက် မေးလိုက်ဦးမယ်"

ဒေါက်တာမင်းထင်ကျော် ကုတင်ပေါ် တက်၍ လှဲလိုက်စဉ် ဇင်မာဝေက မီးလုံးပိတ်လိုက်သည်။

ခဏကြာတော့ ဒေါက်တာမင်းထင်ကျော် အိပ်ပျော်သွားသည်။

အတန်ကြာသောအခါ ဖျတ်ကနဲ ပြန်နိုးလာသည်။ နှာခေါင်းထဲမှာ သင်းပျံ့သောရနံ့တစ်မျိုး ရသည်။

မိမိနံဘေးမှ ပူနွေးသော အထိအတွေ့ တစ်ခုကြောင့် ငဲ့ကြည့်လိုက်တော့ သူ့နံဘေးမှ ခွေခွေလေး အိပ်ပျော်နေသော ဇင်မာဝေကို တွေ့ရသည်။ ဒေါက်တာမင်းထင်ကျော် တစ်ချက်ပြုံးလိုက်သည်။

ယခုမှ သူမခမျာ စိတ်ချလက်ချ အိပ်နိုင်ပုံရသည်။

ဒေါက်တာမင်းထင်ကျော် မီးရောင်ဖြော့ဖြော့အောက်မှာ ကျက်သရေ ရှိလှသော ဇင်မာဝေ မျက်နှာလေးကို တစ်ချက်ကြည့်လိုက်သည်။

သူမသည် ဆွဲဆောင်မှုရှိသော အမျိုးသမီးတစ်ယောက်ဖြစ်သည်ကိုတော့ သူ့စိတ်ထဲမှ လက်ခံလိုက်သည်။

ဒေါက်တာမင်းထင်ကျော် ခြေရင်းမှ စောင်ကို ယူ၍ သူမအပေါ် ခြုံပေးလိုက်သည်။

ဇင်မာဝေမျက်နှာပေါ် ဝယ် အပြုံးရိပ်ကလေးတစ်ချက် သမ်းသွားသည်။





"မင်းနိုးသွားသလား. . . ဆောရီးပဲကွာ"

"ကျွန်မ မအိပ်သေးပါဘူး၊ ကိုမင်းထင်ကျော် မနက်ဘယ်အချိန်သွားမှာလဲဟင်"

"(၅)နာရီလောက် ခရီးစထွက်မလားလို့"

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေ့အပါး ပြန်လှဲလိုက်ပြီး လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။

"ကိုမင်းထင်ကျော် သွားရင် ကျွန်မ ဘယ်မှာ နေခဲ့ရမှာလဲ၊ အိမ်ကို ပြန်ရမှာလား"

"မင်းအိမ်ပြန်လို့ မဖြစ်ဘူးထင်တယ်၊ သူတို့က မင်းကို ခြေရာခံမိနေကြပြီ၊ တခြား မင်းဘယ်မှာ နေချင်လဲ"

"ကျွန်မက တစ်ကောင်ကြွက်ဘဝ ရောက်နေပြီ၊ ဘာမှ မစဉ်းစားတတ်အောင်ဖြစ်နေပြီ"

"မင်းသဘောကိုသာ ပြောပါ"

"ကျွန်မသဘောပြောရရင် ကျွန်မက ကိုမင်းထင်ကျော်နဲ့ပဲ တစ်ခါတည်း လိုက်ခဲ့ချင်တာ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် ငြိမ်၍ စဉ်းစားနေသည်။

"အန္တရာယ်သိပ်များတဲ့ကိစ္စမို့ မင်းကို မပါစေချင်တာပါ"

"ဒီမှာနေရစ်တော့လဲ ဘာထူးမှာမို့လဲ ကိုမင်းထင်ကျော်ရယ်၊ အန္တရာယ်ကို ထိုင်စောင့်သလိုမျိုးပါပဲ၊ ဒီလိုထိုင်စောင့်နေရတာနဲ့စာရင် အန္တရာယ်ကို ပြေးတွေ့လိုက်တာက ကိုယ့်အတွက် အခြေအနေ ပိုကောင်းမယ်လို့ ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထင်ကျော် ဘယ်လိုထင်သလဲဟင်”

“မှန်ပါတယ်. . . ဒါပေမယ့် အန္တရာယ်သိပ်များလို့ မင်းတို့ မပါစေချင်တာပါ၊ မင်းလိုက်ခဲ့မယ်ဆိုတော့လဲ ကိုယ့်အတွက် နောက်ဆံတင်းစရာတစ်ခု အေးတာပေါ့၊ နောက်ပြီး ကိုယ့်အတွက်လဲ အဖော်ရတာပေါ့”

ဇင်မာဝေ ကျေနပ်စွာ ပြုံးလိုက်သည်။

“တကယ်တော့ ပြောမယ့်သာ ပြောရတယ်၊ ကိုယ် မင်းကို တစ်ယောက်ထဲ ထားခဲ့ရမှာ စိတ်မချပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် မင်းကို သံယောဇဉ်ဖြစ်နေလို့ပါပဲ”

ထိုစကားကြားသောအခါ ဇင်မာဝေက ရှက်ရွံ့စွာဖြင့် မျက်နှာလေးကို ငုံ့က်ပစ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က သူမဘက်သို့ လှည့်ကာ ကြင်နာစွာ ထွေးဖက်ထားလိုက်သည်။

ထိုညက သူတို့နှစ်ယောက် ကောင်းစွာအိပ်မပျော်ခဲ့ကြပေ။







## အခန်း(၈)

# ဝပ်ရှော့တန်းနှင့် တွေ့ရခြင်း

နောက်တစ်နေ့ နံနက်စောစောတွင် မြချယ်ရီမှ ထွက်ကြပြီး ဝပ်ရှော့တွင် အပ်ထားသောကားကို ဝင်ရွေးသည်။

ထို့နောက် လိုအပ်သောပစ္စည်းအချို့ဝယ်ယူတင်ဆောင်ကာ ခရီးစထွက်ကြသည်။

မိုင်းပွန်မြို့ပြင်သို့ ထွက်လာသောအခါ ဇင်မာဝေ မျက်နှာလေးမှာ လန်းဆန်းတက်ကြွလာသည်။

စိတ်လက်ပေါ့ပါးလာပုံလည်း ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရောက်မှ တွေ့လာသမျှ အန္တရာယ်ကို ရင်ဆိုင်လိုက်ချင်တယ်၊ လောလောဆယ် မိုင်းပွန်က ထွက်လာရတာ စိတ်ထဲကို ပေါ့သွားတာပဲ"

ဒေါက်တာမင်းထင်ကျော်က ကားမောင်းရင်း ပြုံးနေသည်။ ကားမှာ ဂီယာငါးချက် ပါပြီး အင်ဂျင်ကောင်းလှသောကြောင့် တောင်ကုန်း တောင်တက်လမ်းများတွင် မောင်းရသည်မှာ အဆင်ပြေလှသည်။ မြို့ပြင်ထွက်သောအခါ တောင်တက်လမ်း တောင်ပတ်လမ်းတွေ များသည်။ ဒေါက်တာမင်းထင်ကျော်ရှေ့မှ မိုင်ခွက်တွင် (၅၀)ကျော် ပြနေသည်။

"ကျွန်မ ပါလာတာ ရှင့်အတွက် အနှောင့်အယှက်တော့ မဖြစ်တန်ပါဘူးနော်"

"မဖြစ်ပါဘူး . . မင်းဟာ ကိုယ့်အတွက် အဖော်ကောင်းတစ်ယောက်ပါပဲ"

လမ်းတလျှောက်လုံး တောင်ကုန်း တောင်တက်လမ်းများ၊ သစ်တောအုပ်များ၊ လွင်ပြင်များကို နာရီအတော်ကြာအောင် ဖြတ်မောင်းလာသောအခါ တောင်ပေါ်မှ စခန်းထောက်ရွာကလေးတစ်ရွာသို့ ရောက်လာကြသည်။

ထိုရွာလေးမှာ အဝေးပြေးကားသမားတိုင်း ခရီးတစ်ထောက် နားသောနေရာဖြစ်သည်။

ကားကို ခေတ္တအနားပေး၍ ရေလဲခြင်း၊ ဆီထည့်ခြင်း၊ လေထိုးခြင်းများ ပြုလုပ်သည်။

စားသောက်ဆိုင်တွင် အရက်မျိုးစုံ၊





ဂျို၊ ဒရယ်၊ တောဝက်၊ ဆတ်သား၊ ကြက်သား စသောဟင်းထမင်းများ၊ ရှမ်းထမင်းဟင်းများ မှာယူစားသောက်နိုင်သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ဆတ်သား၊ ကြက်သားဟင်းများ မှာ၍ ထမင်းစားကြသည်။ နွားနို့တစ်ခွက်စီ သောက်ကြသည်။

တစ်လမ်းလုံး ခရီးပန်းလာသမျှ အနားယူလိုက်သောအခါ အမောအပန်းပြေ၍ အားရှိသွားသည်။

သူတို့နှစ်ယောက်သည် သစ်ပင်ရိပ်တစ်ရိပ်တွင် အေးအေးဆေးဆေး ခေတ္တအနားယူကြသည်။

"ရှင် ဘာသာစကား ဘယ်နှစ်မျိုးလောက် တတ်သလဲ ကိုမင်းထင်ကျော်"

"အင်္ဂလိပ်စကားလောက်ကလွဲပြီး တိုင်းရင်းသားတွေရဲ့ စကားတွေကို နည်းနည်းပါးပါးစီလောက်ပဲ သိတယ်၊ ဘာဖြစ်လို့လဲ ဝေ"

"စပ်ရှေ့ဘုန်းတော်နန်း အခြေစိုက်ထားတဲ့ မော်ဟဲရွာ ရောက်ရင် ရှမ်းတရုတ်တွေ များတယ်၊ ရှမ်းစကား၊ ချင်းစကား၊ တုလားစကားတွေကို နားမလည်လို့မရဘူး၊ မပြောတတ်လို့မရဘူး"

"မင်း နားလည်သလား"

"ကျွန်မ အဲဒီစကားတွေကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တယ်၊ သူများပြောရင်လည်း နားလည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေတာပေါ့ကွာ. . . ဒီမှာကြည့်စမ်း"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ မြေပုံကို ထုတ်ပြသည်။

ဇင်မာဝေက မြေပုံကို အသေအချာ ကြည့်ပြီးသောအခါ. . .

"ဒါ စပ်ရွှေဘုန်းရဲ့ဟော်နန်းနေရာပဲ၊ မော်ဟဲဆိုတဲ့ရွာနဲ့နီးတယ်၊ အဲဒီရွာရောက်အောင် ကျွန်မတို့ လီဒိုလမ်းမကြီးကို ကျော်ဖြတ်ရဦးမယ်"

"မင်း အဲဒီဟော်နန်းနဲ့ ပတ်သက်ပြီး ဘာတွေ သိထားတာ ရှိသေးလဲ ဝေ"

"ဦးလေး မဆုံးခင်တုန်းကတော့ အဲဒီဟော်နန်းထဲကို ရောက်ဖူးတဲ့ လူတစ်ယောက်က အချက်အလက်တွေ ပေးသွားတာကို ကျွန်မ မှတ်ထားတာတော့ ရှိပါတယ်"

"ကျေးဇူးတင်လိုက်တာ ဝေရယ်၊ ကိုယ့်ကို ပြောစမ်းပါ"

ဇင်မာဝေက ဟော်နန်းကြီး၏အတွင်းခန်း၊ အပြင်ခန်း၊ လျှို့ဝှက်ခန်းများအကြောင်းကို အသေးစိတ် ပြောပြလေသည်။

ထို့နောက် သူတို့ ခရီးဆက်ခဲ့ကြသည်။

ပတ်ကွိုင်တောင်တန်းနှင့် နာဂနယ်မြေများကို ဖြတ်ကျော်၍ နယ်စပ်ဘက် ထွက်လာသောအခါ 'ဘမ်း' နယ်မြေဘက်သို့ ရောက်လာသည်။ မူလက လီဒိုလမ်းမကြီးအတိုင်း မောင်းလာပြီး မော်ဟဲရွာနား နီးလာသောအခါ ဖြတ်လမ်းများကို အသုံးပြု၍ မောင်းသည်။ ထိုဘက်တွင် ရှေးဟောင်းရွာကြီးအချို့





ကို တွေ့ရသည်။

ထိုနေရာများတွင် စိမ်းလန်းသော သစ်တောများ မတွေ့ရတော့ဘဲ ကျောက်တုံးကျောက်ခဲများ ထူထပ်သော တောင်ကုန်းများသာ ရှိတော့သည်။

ကျောက်တုံးကျောက်ခဲများပေါ်မှ ကားကို မောင်းလာရာ မကြာမီ ကျောက်တုံးကြီးတစ်လုံးဘေး ရောက်သောအခါ ရှေ့ကိုက်အနည်းငယ်တွင် ကွက်လပ်ကြီးတစ်ခု တွေ့ရသည်။

ထိုကွက်လပ်ထဲမှာ ကြီးကျယ်ခမ်းနားသော ဟော်နန်းကြီးတစ်ဆောင်ကိုပါ လှမ်းမြင်ရသည်။

"အဲဒါ စပ်ရွှေဘုန်းရဲ့စံအိမ်တော်ကြီးပဲ ကိုမင်းထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က ကားကို နောက်ပြန်ဆုတ်ကာ ကျောက်တုံးများကြား ထိုးသွင်းထားလိုက်သည်။

ဟော်နန်းတော်ကြီး ရှေးလက်ရာဆန်ဆန် ဆောက်ထားသဖြင့် ရဲတိုက်ကြီးတစ်ခုနှင့် တူပြီး အတော်ကြီးမားလှသည်။

သို့သော် ကြွေပြားများ၊ သံပန်းတံခါးများဖြင့်တော့ ခေတ်မီစွာ အလှဆင်ထားသည်။

ခြံဝန်းကြီးကလည်း ကျယ်ဝန်းလှပြီး လေးဘက်လေးတန် အလွန်မြင့်သော အုတ်တံတိုင်းကြီးများ ခတ်ထားလေသည်။ အပေါ်တွင် သံဆူးကြိုးခွေများကို အခွေလိုက် တင်ထားသည်။

အဝေးမှ ကြည့်လျှင် နန်းတော်ကြီးတမျှ ခန့်ညားထည်ဝါ



www.burmeseclassic.com

www.burmeseclassic.com



လှသည်။

ခြံဝန်းအတွင်းသို့ ဝင်ရာ ကားလမ်းထိပ်တွင် ဂိတ်ပေါက်တံခါးကြီးတစ်ချပ်ရှိသည်။

ကွန်မန်ဒို ယူနီဖောင်း ဝတ်ထားသော အစောင့်တစ်ယောက်က မောင်းပြန်စက်သေနတ်ကို ကိုင်ပြီး အသင့်အနေအထားဖြင့် စောင့်ကြပ်လျက်ရှိသည်။

"စပ်ရွှေဘုန်းက တရုတ်ကပြားတစ်ယောက် ဖြစ်ရုံမက အဆက်အသွယ်လဲ ကောင်းတယ်၊ ဒီနယ်က ဘိန်းမှောင်ခိုဂိုဏ်းတွေ မှန်သမျှ သူနဲ့ အဆက်အသွယ်ရှိတယ်၊

(. . . . . .)နိုင်ငံက ဗိုလ်ချုပ်ကြီးတွေလဲ သူနဲ့ လျှို့ဝှက်အဆက်အသွယ်ရှိတယ်၊ အိုမီဂါ မိစ္ဆာပိုးဖော်မြူလာတွေကို သူကတဆင့် ဗိုလ်ချုပ်ကြီးတွေနဲ့ အရောင်းအဝယ် လုပ်ကြလိမ့်မယ်ထင်တယ်"

ဇင်မာဝေက အေးဆေးတည်ငြိမ်စွာ ရှင်းပြသည်။

ဒေါက်တာမင်းထင်ကျော်က နားထောင်ရင်း မှန်ပြောင်းတစ်လက်ဖြင့် အိမ်ကြီးပတ်ဝန်းကျင်အခြေအနေကို လှမ်းကြည့်နေသည်။

မကြာမီ အိမ်ကြီးဆီမှ ရှည်ရှည်မဲမဲ ကားကြီးတစ်စင်း ဆင်ဝင်အောက်မှ ပန်းခြံလမ်းအတိုင်း မောင်းထွက်လာသည်။

တံခါးဝ ရောက်သောအခါ အစောင့်က အရိုအသေပေးပြီး တံခါးကို အလျင်အမြန် ဖွင့်ပေးလေသည်။

မကြာမီ. . .





ရိုး(လ်)ရိုက်(ခ)အမျိုးအစား ကားကြီးမှာ ဂိတ်ပေါက်ဝမှ ထွက်လာပြီးနောက် လမ်းအတိုင်း အရှိန်ဖြင့် မောင်းထွက်သွားလေရာ နောက်တွင် ဖုန်တထောင်းထောင်း ကျန်ရစ်ခဲ့သည်။

"ဘယ်သူဖြစ်မလဲ ကိုမင်းထင်ကျော်"

"ကိုယ်ထင်တာတော့ စပ်ရွှေဘုန်း ထွက်သွားတာ ထင်တယ်၊ ကိုယ်တို့ အလုပ်စကြရအောင်"

တောင်တန်းများနောက်သို့ နေလုံးကြီးက တဖြည်းဖြည်းဝင်သွားရာ ပတ်ဝန်းကျင်တဝိုက် အမှောင်ရိပ်က ဖုံးလွှမ်းစပြုလာသည်။

ဒေါက်တာမင်းထင်ကျော်က မမှောင်ခင် ဝင်လမ်းထွက်လမ်းများကို မှတ်သားနေသည်။

ပတ်ဝန်းကျင်တဝိုက် အမှောင်ရိပ်သန်းသွားသောအခါသူတို့သည် တောင်ကုန်းပေါ် တက်ခဲ့ကြသည်။

ကျောက်တုံးကြီးများ ထူထပ်စွာ ရှိသော တောင်ကုန်းထိပ်မှ ဝမ်းလျားမှောက်ကာ ကြည့်လျှင် ဟော်နန်းတစ်ခုလုံးကိုအပေါ်စီးမှ မြင်ရလေသည်။

ဂိတ်ပေါက်ဝတွင် အစောင့်တစ်ယောက်သာ ရှိပြီး အိမ်ပေါက်ဝတွင် အခြားနှစ်ယောက် ရှိသေးသည်။

မကြာမီ အမှောင်ရိပ် လွှမ်းလာသည်။

သူတို့နှစ်ယောက် ကားဆီသို့ ပြန်လျှောက်လာသည်။

"ကိုယ် ခြံဝင်းထဲ ရအောင်ဝင်မယ်၊ မင်း ကိုယ့်ကို ကူညီနေရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကူညီရမလဲ ပြောလေ"

ဒေါက်တာမင်းထင်ကျော်က အစီအစဉ်အချို့ကို ပြောပြသည်။

ဇင်မာဝေက အစီအစဉ်များကို နားထောင်ပြီး စိတ်ပူစွာ ပြောသည်။

"ကိုမင်းထင်ကျော် တစ်ယောက်ထဲ ဝင်လို့ ဖြစ်ပါ့မလား"

"အိမ်ထဲ ရောက်ရင် တစ်ယောက်ထဲ လှုပ်ရှားရမယ့် ကိစ္စတွေ များတယ်၊ အကြောင်းဖြစ်လာရင် ကိုယ်တစ်ယောက်ထဲဆိုတော့ ရှောင်တိမ်းရတာ လွယ်တယ်"

"ကျွန်မက စိတ်မချလို့ပါ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"အိမ်ထဲ မဝင်ခင် အိမ်ကြီးအတွင်းပိုင်းမှာ ရှိတဲ့ အခန်းဖွဲ့စည်းပုံတွေကို ကိုယ့်ကို တစ်ခေါက်ထပ်ပြောပြစမ်းပါ"

"အပေါ်ဆုံးထပ်က လူမနေဘူး၊ စပ်ရွှေဘုန်းတော့ အလုပ်အရေးကြီးတဲ့အခါ တစ်ခါတစ်ရံပဲ အသုံးပြုတယ်၊ ဒုတိယထပ်မှာ အိပ်ခန်းတွေ ရှိတယ်၊ အရှေ့ဘက်မှာ စာကြည့်ခန်းတစ်ခန်းရှိတယ်"

"အင်း . ."

"ပထမထပ်မှာ ဧည့်ခန်းတစ်ခန်း၊ ဥရောပတိုက်သားတွေကို ဧည့်ခံဖို့ စားသောက်ခန်း၊ အရက်ခန်းနဲ့ ကပွဲခန်းမလဲ တစ်ခုရှိတယ်၊ အရှေ့ဘက်မှာ စာကြည့်တိုက်ရှိပြီး အနောက်





ဘက်မှာ မီးဖိုဆောင်ကြီးတစ်ခုရှိတယ်၊

မီးဖိုရဲ့နောက်ဖက်က အခန်းတွေကတော့ အလုပ်သမားတွေနဲ့ အစေခံတန်းလျားတွေပဲ"

"လျှို့ဝှက်ခန်းက ဘယ်မှာရှိမလဲ"

"အိုမီဂါစခန်း ရှိတဲ့နေရာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ၊ မြေပုံတွေကတော့ စပ်ရွှေဘုန်းရဲ့လျှို့ဝှက်ခန်းမှာ ရှိမယ်၊ ဒါကတော့ ရှင့်ဖာသာ ရှာကြည့်ပေတော့"

"ဒီလောက်ဆိုရင် လုံလောက်ပြီ၊ မင်းအဆင်သင့်ဖြစ်ရင် အချိန်မရှိဘူး၊ အစီအစဉ် စကြရအောင်"

ထိုသို့ဆိုကာ အမှောင်ထဲ တိုးဝင်လာခဲ့ကြသည်။

ကားတစ်စီးသည် မီးထိုး၍ ဟော်နန်းတံခါးဝဆီသို့ ဖြည်းဖြည်းချင်း မောင်းဝင်လာသည်။

တိတ်ဆိတ်သော အမှောင်ရိပ်ထဲဝယ် ကားစက်သံက မှန်တစ်ချက် မမှန်တစ်ချက် ပေါ်ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟော်နန်းတံခါးဝ ရောက်သောအခါ စက်ထိုးရပ်သွား သည်။ တံခါးအတွင်းမှ စက်သေနတ် ကိုင်ထားသော အစောင့် တစ်ယောက် ထွက်လာသည်။

ကားတံခါးဖွင့်၍ လှပသော အမျိုးသမီးတစ်ယောက် ဆင်းလာသည်။ ညအမှောင်ထဲမှာ အဝတ်အစား ကပိုကရိုနှင့် ကားပေါ်မှ ဆင်းလာသော မိန်းကလေးကို မြင်သောအခါ အ စောင့်ခမျာ မျက်လုံးပြူးသွားသည်။

သို့သော် . .

စက်သေနတ်နှင့် ချိန်ထားသည်။

"မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဒီကိုလာတာလဲ"

အစောင့်က ချင်းဘာသာစကားနဲ့ မေးသည်။

မိန်းကလေးကလဲ ချင်းဘာသာစကားနှင့်ပင် ပြန်ဖြေ သည်။

"ကျွန်မ ကားမောင်းနေရင်း ဘာဖြစ်လာတာလဲမသိဘူး စက်ဖုံးထဲက မီးခိုးတွေ ထွက်လာလို့ တဆိတ်ကြည့်ပေးပါရှင်"

မိန်းကလေးထံမှ ဘာသာစကား ကြားသောအခါ အ စောင့်မျက်နှာ တစ်မျိုးတစ်ဖုံ ပြောင်းသွားသည်။ တင်းမာမှုများ လျော့ကျသွားကာ ကပိုကရို လှနေသော မိန်းကလေးအား တစ် မက်စွာ ကြည့်သည်။

"ကျွန်မကို ကူညီပေးပါရှင်"

"ကားထဲမှာ ဘယ်သူပါသလဲ"

"ဘယ်သူမှ မပါ‌ပါဘူး၊ ကျွန်မတစ်ယောက်ထဲပါ"





အစောင့်က သေနတ်ကို လွယ်လိုက်ပြီး ကားခေါင်းပိုင်း သို့ လျှောက်လာသည်။ မိန်းကလေးက ကားစက်ဖုံးကို ဖွင့်ပေး သည်။

ရေတိုင်ကီမှာ အပူရှိန်များပြီး ရေများ ပွက်ပွက်ဆူနေ သည်။ အဖုံးကို ဖွင့်လိုက်သောအခါ ရှူးကနဲ အငွေ့များ ပန်း ထွက်လာသည်။

"ရေလဲပစ်မှ ရမယ်၊ မင်းဒီမှာ အချိန်နည်းနည်းစောင့်ရ သိမ့်မယ်"

"ရပါတယ် . . . ကောင်းအောင်သာ လုပ်ပေးပါ"

"ရတယ် . . . ငါလုပ်ပေးမယ်၊ ဒါပေမယ့် မင်း တန်ရာ ဆန်ကြေးတော့ ပေးရလိမ့်မယ်"

"ရှင် ဘာလိုချင်တာလဲ"

မိန်းကလေးက အပြုံးကလေးဖြင့် မေးလိုက်သောအခါ အကောင့်သား မိန်းကလေးအနီး ကပ်လာပြီး သိုင်းဖက်လိုက် သည်။ မိန်းကလေးက ထိုသူ၏လက်နှစ်ဖက်ပေါ်မှ ကျော်ပြီး သူ့မလက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သောအခါ မလှုပ်သာ အောင် ဖြစ်သွားတော့သည်။

ထိုသူက အဟုတ်ထင်၍ မိန်းကလေးကို နမ်းဖို့ကြိုးစား နေစဉ် ကားပေါ်မှ လူတစ်ယောက် ဆင်းလာပြီး ထိုသူနောက်သို့ ရောက်လာသည်။

ဒေါက်တာမင်းထင်ကျော်က ဘယ်လက်မောင်းဖြင့် ခေါင်းကို ဆွဲရစ်ပြီး ခေါင်းကို မော့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်က တအံ့တဩဖြင့် သေနတ်ကို ဆွဲရန်ပြင်စဉ် ...
ဇင်မာဝေနှင့် လူချင်းကွာသွားသည်။

ထိုအခိုက် သူ့နံကြားသို့ ဓါးတစ်လက်က အရိုးအထိ ...
စိုက်ဝင်သွားသည်။ အစောင့်မျက်နှာပေါ်တွင် တအံ့တဩ အ...
အယှာ ပေါ်လာပြီး ဒူးညွတ်လဲကျသွားသည်။

"ကိုယ် သူ့ကို ချုပ်ထားအောက် သွားဝှက်နေတုန်း မင်...
က တံခါးဖွင့်ထားနှင့်"

ဇင်မာဝေက တုန်လှုပ်စွာ ခေါင်းညိတ်ပြသည်။

ဒေါက်တာမင်းထင်ကျော်က အစောင့်အား မလှ...
မကမ်းရှိ ချုံအတွင်း ဆွဲသွင်းပြီးနောက် အဝတ်အစားများ ...
ချွတ်လိုက်သည်။

တံခါးဖွင့်ပြီး ပြန်လာသော ဇင်မာဝေအား အစောင့်...
အဝတ်အစားများကို လှမ်းပေးလိုက်သည်။

"မင်း ဒါကို ဝတ်ထားလိုက်၊ ဒါမှ အခြားအစောင့်တွေ...
လှမ်းကြည့်ရင် မရိပ်မိမှာ"

ဇင်မာဝေက သူမဝတ်စုံပေါ်မှ အစောင့်၏အဝတ်...
စားများကို ထပ်ဝတ်၍ ဦးထုပ်ကိုပါ ဆောင်းထားလိုက်သော...
အခါ အဝေးမှ လှမ်းကြည့်လျှင် မသိသာလှပေ။

"ကိုယ် အတွင်းကို ဝင်နေတုန်း မင်း ဒီမှာ စောင့်နေ...
ဖော့၊ တကယ်လို့ ကိုယ်ပြန်မလာခင် အပြင်က ကားတစ်စီး...
ဝင်လာရင် လွတ်အောင်သာ ပြေးပေတော့"

"ဟင်. . . ကိုမင်းထင်ကျော်ကရော"





"ကိုယ့်ကို လုံးဝထည့်တွက်မထားနဲ့၊ တကယ်လို့ အထဲ
...မှာ ကိုယ် တစ်ခုခုဖြစ်ခဲ့ရင် ဒီအကြောင်းတွေကို ကိုယ်ပေးထား
...တဲ့လိပ်စာကို ရောက်အောင်သာ ပို့ပေတော့. . . ဟုတ်ပြီလား"

"ဟုတ်. . ဟုတ်ကဲ့"

"တကယ်လို့ အဝေးက ကားဝင်လာတာကို အချိန်မီ
...နိုင်လို့ရှိရင် သေနတ်သံတစ်ချက် ပေးလိုက်. . . သေနတ်ပစ်
...တတ်လား"

ဇင်မာဝေက ခေါင်းညိတ်ပြလိုက်သောအခါ အစောင့်
...ထံမှ ယူလာသော သေနတ်ကို ကမ်းပေးလိုက်သည်၊

ဇင်မာဝေက ခေါင်းညိတ်ပြပြီး ပြည့်ဖြိုးသော ရင်အစုံ
...ပေါ်မှ ရှပ်အင်္ကျီကြယ်သီးများကို တပ်သည်။

ဆံပင်များကို ဦးထုပ်အောက်သို့ ထိုးသွင်းလိုက်သည်။

သေနတ်ကို ယူ၍ စစ်ဆေးကြည့်သည်။

ထို့နောက် သေနတ်ကို ပခုံးတွင် လွယ်လိုက်သောအခါ
...မှောင်ရိပ်တွင် သူမအား အစောင့်တစ်ယောက်ဟု ထင်ကြလိမ့်
...မည်။

ထို့နောက်. . .

နှစ်ယောက်သား ဂိတ်ပေါက်ဝသို့ ပြန်လျှောက်သွားကာ
...ကားကို မောင်း၍ အစောင့်ရုံနောက်တွင် ထိုးထားလိုက်သည်။

နှစ်ယောက်သား ဂိတ်ဝသို့ ပြန်လျှောက်လာပြီး ဇင်မာ
...အစောင့်နေရာတွင် ရပ်၍ ဒေါက်တာမင်းထင်ကျော်က
...အတွင်းဘက်သို့ ခပ်တည်တည်ဖြင့် ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးအပေါက်ဝမှ အစောင့်များကလည်း ခြံဝင်းထဲတွင် အေးအေးဆေးဆေးလျှောက်နေသူကို ဂရုပြုကြပုံ မရပေ။

မိမိတို့ ဟော်နန်းထဲမှ လူဟုသာ ထင်လိုက်ကြပုံရသည်။

ဒေါက်တာမင်းထင်ကျော် ထောင့်တစ်နေရာ ရောက်သောအခါ ပန်းချုံတစ်ခုဘေး ကပ်၍ ဟော်နန်းကြီးအခြေအနေကို အကဲခတ်ကြည့်သည်။

အရှေ့ဘက်တွင် ဆင်ဝင်ရှိပြီး တံခါးကြီးနှစ်ချပ် ပိတ်ထားသော်လည်း မှန်ချပ်များမှ အလင်းရောင်များ ထွက်နေသည်။

အဝင်စကြံလမ်းတံခါးမှာ ဖွင့်ထားပြီး အစောင့်နှစ်ယောက် ဆေးလိပ်သောက်ရင်း စကားပြောနေကြသည်။

ဒုတိယထပ်တွင် အလင်းရောင်များရှိသော်လည်း လူရိပ်လူခြည် မမြင်ရပေ။

အစောင့်ရှိပုံမပေါ်။

ဒေါက်တာမင်းထင်ကျော် ကိုယ်ကို ဝပ်၍ အိမ်ထောင့်ရောက်အောင်ပြေးသည်။ ဆင်ဝင်တိုင်အနီးတွင် ပြေးကပ်လိုက်သည်။

အိမ်အပေါ်ထပ် တက်ရန် အိမ်နောက်ဖက်မှ လှည့်တက်ရန် စိတ်ကူးသည်။

အိမ်ထောင့်မှ နောက်ဖက်သို့ ပတ်ဝင်လိုက်သည်နှင့် ဆေးလိပ်သောက်နေသော အစောင့်နှင့် ဝင်တိုက်လုမတတ် ဖြစ်သွားသည်။ အစောင့်မှာ ဒေါက်တာမင်းထင်ကျော် ဝင်လာသည်





ကို မြင်ဟန်မတူ။ သူ့အနီးတွင် ဒေါက်တာမင်းထင်ကျော် ရပ်လိုက်မှ အံ့အားသင့်သွားဟန်ဖြင့် မျက်လုံးပြူးသွားသည်။

စီးကရက်ကို ပစ်ချပြီး ခါးမှ သေနတ်ကို ဆွဲရန် လက်လှမ်းလိုက်စဉ် ဒေါက်တာမင်းထင်ကျော် လက်ထဲမှ ပေါက်ဓား တစ်လက် လျှောကနဲ ကျလာသည်။ သူ ပစ္စတိုကို ဆွဲလိုက်စဉ်က ဓားက နံကြားထဲသို့ ထိုးဝင်သွားသည်။

အစောင့်မျက်နှာပြင်ပေါ်မှာ မယုံကြည်နိုင်လောက်အောင် တအံ့တသြ ဖြစ်ကာ တအိအိ လဲကျသွားသည်။

ဒေါက်တာမင်းထင်ကျော် ဓားကို ပြန်ဆွဲနှုတ်လိုက်ပြီး အိတ်ထဲ ပြန်ထည့်လိုက်သည်။

ထို့နောက် အိမ်နံရံကို မှီ၍လျှောက်သွားသည်။

အစောင့်ကတော့ မျက်ဖြူလန်ကာ ငြိမ်ကျသွားပြီ။

မလှမ်းမကမ်းရှိ လက်တွန်းလှည်းကလေးတစ်ခုကို အုပ်ထားသော တာလပတ်စကို ဆွဲယူလာကာ လဲကျနေသော အစောင့်ပေါ်သို့ ဖုံးထားလိုက်သည်။

ထို့နောက် တိုက်နောက်ဖက်သို့ အမှောင်ရိပ်ခိုကာ လာခဲ့သည်။ တိုက်နောက်ဖက်တွင် တိုက်ကပ်နွယ်များ တက်ရန် သံတိုင်ကွက်များ ရှိသည်။

ထိုသံကွက်များမှ ဖက်ကာ အပေါ်သို့ တက်သည်။

မီးဖိုဆောင်အထက်၊ ဒုတိယထပ် အပေါ်မိုးပေါ်သို့ ရောက်သွားသည်။ ထိုမှတစ်ဆင့် ရေပိုက်ကို တွယ်၍ အပေါ်ဆုံးအထပ်သို့ တက်သည်။ ခေါင်မိုးမှာ အထပ်ထပ် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အထပ်တစ်ထပ်နှင့်တစ်ထပ်အကြား ကွက်လပ်ကလေးများ ရှိသည်။ တစ်နေရာနှင့်တစ်နေရာ ဆယ်ပေမျှ ကွာဝေးသည်။

ခေါင်မိုးမှာ အုတ်ကြွပ်ပြားများဖြစ်သည်။

ခေါင်မိုးစွန်းတစ်ခုနှင့်တစ်ခု အကွာအဝေးကို အသေအချာ တွက်သည်။ နောက်ဖက်သို့ ဆုတ်ကာ အရှိန်ယူ၍ ခုန်ကူးသည်။

တစ်ဖက်စွန်းသို့ ခြေကျရုံ ရောက်သည်။

ဟန်ချက်ပျက်သွားသဖြင့် နောက်သို့ လန်မကျအောင် ကိုယ်ကို ကြိုးစားထိန်းသော်လည်း မရတော့။

ခြေချော်၍ အောက်သို့ လျှောကျသည်။

လက်က မိုးရာလှမ်းဆွဲသော်လည်း ကုတ်စရာတွယ်စရာ မရှိပေ။ အောက်သို့ပြုတ်ကျပြီဟု တွက်ထားလိုက်စဉ်မှာ ကံအားလျော်စွာ ရေတလျှောက်ကို ဖမ်းဆုပ်မိလိုက်သည်။

ရေတလျှောက်မှ တဖျစ်ဖျစ် မြည်သံ ပေါ်ထွက်လာရင်း လေထဲမှာ တန်းလန်းကြီးဖြစ်နေသည်။

ဒါတောင် ညာလက်ဖြင့်သာ မိသည်။

ဘယ်လက်က မမိပေ။

ကိုယ်ကို လွှဲပြီး ဘယ်လက်ပါ ဖမ်းဆုပ်ကာ လေထဲမှာ အတန်ကြာအောင် အသက်ဝအောင်ရှူပြီး အမောဖြေလိုက်သည်။

အတန်ကြာတော့မှ လက်မောင်း ကြွက်သားများကို





အားပြု၍ ခေါင်မိုးပေါ် ရောက်အောင် ပြန်တက်သည်။

ခေါင်မိုးပေါ် ပြန်ရောက်တော့ သူ့တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲနစ်နေပြီ။

ထို့နောက် ချောနေသောအုတ်ချပ်များပေါ်မှ သတိဖြင့် ခေါင်မိုးသန့်ရှင်းရေး ပြုလုပ်ရာ ဝင်ပေါက်ထွက်ပေါက် တံခါးဆီသို့ သွားသည်။

အပေါက်ဝ ရောက်သောအခါ အဖုံးတံခါးကို ခပ်ဖြည်းဖြည်း ဆွဲဖွင့်သည်။ ကျပ်နေသဖြင့် မပွင့်ပေ။

အားစိုက်ဆွဲလိုက်တော့မှ ပွင့်သွားသည်။

အပေါက်မှ အောက်သို့ကြည့်သည်။ အတန်ငယ် မှောင်နေသည်မှအပ မသင်္ကာဖွယ်ရာ မတွေ့ရပေ။

အောက်သို့ ဆင်းသည်။ အထပ်ခိုးတစ်ခုသို့ ရောက်သွားသည်။ အထပ်ခိုးအတွင်းမှ ပင့်ကူချည်မျှင်များကို ဖယ်ရင်း တံခါးပေါက်ဆီသို့ သွားကာ အသာဖွင့်သည်။

မီးလင်းနေသော စင်္ကြံလမ်းတစ်ခု တွေ့ရသည်။

လူရိပ်လူခြည် မတွေ့ရပေ။

စင်္ကြံလမ်းအတိုင်း လျှောက်သွားတော့ အောက်ဖက်သို့ ဆင်းသော လှေခါးတစ်ခု ရှိသည်။

ထိုလှေခါးမှ အောက်ဖက်သို့ ဆင်းသောအခါ အခန်းကျယ်ကြီးတစ်ခု၏စင်္ကြံလမ်းတစ်ခုသို့ ရောက်သွားသည်။

အခန်းတစ်ခုလုံး ကော်ဇောနီများ ခင်းထားလေသည်။

ဘေးတစ်ဖက်တစ်ချက်တွင် အခန်းပေါင်းများစွာ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခန်းတိုင်း ကျွန်းတံခါးကြီးများ တပ်ဆင်ထားသည်။

ဇင်မာဝေ ပြောပြလိုက်သမျှဆိုလျှင် စာကြည့်ခန်းက ထိုအပေါ်ထပ်ထိပ်ဘက်တွင် တည်ရှိပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော် ထိုအခန်းတံခါးကို ဖွင့်ကြည့်သည်။

အလွယ်တကူပင် ပွင့်သွားသည်။

အတွင်း၌ စာအုပ်ဗီရိုများကို စနစ်တကျ သူ့နေရာနှင့်သူ ထားသည်။ အခန်းအလယ်တွင် စားပွဲရှည်ကြီးတစ်လုံးနှင့် ကုလားထိုင်များ ချထားသည်။ ပြတင်းပေါက်နားတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး သီးသန့်ချထားသည်။

ထိုအခန်းမှာ ရုံးခန်းအဖြစ် သုံးဟန်မရှိသော်လည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။

အခန်းနံရံများတွင် ကမ္ဘာ့မြေပုံ အပါအဝင် ထိုင်း၊ မြန်မာ၊ အိန္ဒိယ၊ တရုတ် စသောတိုင်းပြည်များ၏မြေပုံများကို ကပ်ထားသည်။ မြေပုံများပေါ်တွင် အချို့နေရာများကို ကြက်ခြေခတ် အမှတ်အသားများ ပြထားသည်။

အချို့ကို ဝိုင်းပြထားသည်။

ၐင်းပြသထားသော အမှတ်အသားများမှာ တိုင်းပြည်များသို့ ဝင်ပေါက်ထွက်ပေါက် လမ်းများကို ပြသော အမှတ်အသားများစွာကို တွေ့ရသည်။

ထိုသို့လိုက်ကြည့်နေရင်း အခန်းထောင့်တစ်နေရာတွင်





ဆော့လ်ပင်ဖြင့် ရေးဆွဲထားသော မြေပုံကားတစ်ချပ်ကို တွေ့ရသည်။

အသေအချာကြည့်သောအခါ လီဗိုလမ်းမကြီးကိုအခြေပြု၍ ရေးဆွဲထားသော မြေပုံဖြစ်သည်။

လီဗိုလမ်းမကြီး အနောက်ဖက်ယွန်းယွန်းနေရာတစ်ခုကို မှင်နီနှင့် ဝိုင်းပြထားသည်။

ထိုနေရာကို အင်္ဂလိပ်စာလုံး (O.M.G) ဟူသော စာလုံးအတိုကောက် ရေးမှတ်ထားသည်။

တွေ့ပြီး . . ။

သူလိုချင်သော အိုမီဂါ စီမံကိန်းသုတေသနဌာန တည်ရှိရာမြေပုံကို တွေ့ပြီ။

ဒေါက်တာမင်းထင်ကျော် မြေပုံကို ဖြုတ်ယူပြီး အသေအချာ ခေါက်ကာ ဘောင်းဘီအောက်နားတွင် ပါသော အိတ်ထဲသို့ထည့်သည်။ မီးပိတ်၊ တံခါးပြန်ပိတ်ပြီး အခန်းအပြင်ဘက်သို့ထွက်သည်။

အခြေအနေက တိတ်ဆိတ်ငြိမ်သက်နေဆဲပင်။

အောက်ဖက်ရှိ စပ်ရှေ့ဘုန်း ရုံးခန်းထဲတွင် အချက်အလက်များ ရှာဖွေလျှင် ရနိုင်ပေလိမ့်ဦးမည်။

ဒါပေမယ့် သူ့အတွက် မလိုတော့ပေ။

အိုမီဂါ သုတေသနစခန်းရှိရာ မြေပုံရမှတော့ တခြားအရာများ သိပ်ပြီးမလိုအပ်တော့ပေ။

ဒေါက်တာမင်းထင်ကျော် ဒုတိယထပ်မှ လှေခါးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးအတိုင်း အောက်ထပ်သို့ ဆင်းသည်။

သေနတ်ကို အသင့်ကိုင်ထားရင်း အောက်ဖက်သို့ ငုံ့ကြည့်သည်။ အစောင့်ဟူ၍ တစ်ယောက်တစ်လေမှပင် မတွေ့ရပေ။

ထို့ကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားမိသည်။ လှေခါးရင်း ရောက်ပြီး ဖွင့်ထားသော အိမ်ရှေ့တံခါးမကြီးဆီသို့ ဖြတ်သွားရန် ပြင်လိုက်စဉ်မှာ ခြံဝဖက်တွင် စောင့်ကျန်ရစ်ခဲ့သော ရှင်မာဝေထံမှ သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။

ဒေါက်တာမင်းထင်ကျော် တံခါးဆီသို့ ဖြတ်ပြေးသည်။ တံခါးဝသို့ ရောက်သောအခါ. . .

"ရပ်. . မလှုပ်နဲ့"

နောက်ဖက်မှ အမိန့်ပေးသံ ပေါ်လာသည်။

အနည်းဆုံး နှစ်ယောက်တော့ ရှိမည်။

ဒေါက်တာမင်းထင်ကျော် ဖျတ်ကနဲ ဒူးညွှတ်ချလိုက်ပြီး နောက်ဘက်သို့ လှည့်သည်။

ဗလကောင်းကောင်းတစ်ယောက်နှင့် ပိန်ပိန် တစ်ယောက်။ ပိန်ပိန်ငနဲက လက်ထဲမှ ပစ္စတိုဖြင့် လှမ်းမစ်သည်။ နောက်သို့ လှည့်လိုက်စဉ်မှာပင် ဒူးညွှတ်ပြီး ဖြစ်သောကြောင့် ကျည်ဆန်က ခေါင်းပေါ်မှ သီသီကလေး ဖြတ်ကျော်သွားသည်။

ဒေါက်တာမင်းထင်ကျော် လက်မှ လူဂါသေနတ်မှ မီးတစ်ချက်ပွင့်ထွက်သွားသည်။ ပိန်ပိန်လူမှာ နောက်သို့ မှောက်တက်သွားပြီး နောက်မှ နံရံဖြင့် ဆောင့်မိကာ ရှေ့သို့ မှောက်





လျက် လဲကျကာ ငြိမ်ကျသွားသည်။

ထိုအချိန်မှာ ဗလကြီးက သူ့အနီးရောက်လာပြီးအတင်း ဝင်လုံးသည်။ သေနတ်ဖြင့် ပစ်ရန်ပင် အချိန်မရလိုက်။

ဗလကြီးက လူကောင်ထွားသလောက် လျှင်မြန်လှသည်။

ဒေါက်တာမင်းထင်ကျော်ပေါ်မှ ခုန်အုပ်လိုက်ရာ နှစ်ယောက်သား ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားသည်။

ကြမ်းပြင်နှင့်ခေါင်းဖြင့် ဆောင့်မိ၍ မူးနေစဉ် မျက်နှာသို့ လက်သီးတစ်ချက် ဝင်လာသည်။

ဗလကြီးက ဒေါက်တာမင်းထင်ကျော်လက်ထဲမှ လူဂါသေနတ်ကို အတင်းလုသည်။

ဗလကြီးက သေနတ်ကိုင်ထားသော ဒေါက်တာမင်းထင်ကျော် လက်ကို လိမ်သည်။ ညှစ်သည်။

နံရံဖြင့် ရိုက်သည်။

ဒေါက်တာမင်းထင်ကျော် လက်မှ လူဂါသေနတ် လွင့်ထွက်သွားသည်။ ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကိုဗလ နှာခေါင်းကို လွတ်နေသောလက်သီးဖြင့် အားကုန်ထိုးသည်။

'ဂျွတ်' ကနဲ နှာခေါင်းရိုးကျိုးသံနှင့်အတူ ကိုဗလ နောက်ဘက်သို့ လန်ထွက်သွားသည်။

နှာခေါင်းနှင့်ပါးစပ်မှ သွေးများ စီးကျလာရင်း ကျိုးထိုကာ ခါးမှ သေနတ်ကို ဆွဲထုတ်သည်။

ဒေါက်တာမင်းထင်ကျော် မိမိလူဂါသေနတ် ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်လိုမ့်သည်။ သေနတ်လက်ထဲ ရောက်သည်နှင့် ပစ်ကွင်း ရှာနေသော ကိုဗလကို ပစ်သည်။

'အင့်' ကနဲ တစ်ချက်သာ အော်နိုင်ပြီး နောက်သို့ လန် ထွက်သွားသည်။

ထိုအချိန်မှာ မမျှော်လင့်ဘဲ လဲကျနေသော ကိုပိန်ရှည် ထံမှ သေနတ်သံတစ်ချက် ထွက်လာပြီး ညာဘက်ပခုံးစွန်းကို ရှပ်ထိပြီး သေနတ်လွတ်ကျသွားသည်။

ပြန်မကောက်အားတော့။

လက်မောင်းတွင် ချည်ထားသော ဓါးအိမ်မှ ပေါက်ဓါး တစ်ချောင်းကို ဖျတ်ကနဲ ထုတ်လိုက်သည်။

ထိုအချိန်၌ ဒဏ်ရာရထားသော ကိုပိန်ရှည်က ဝမ်းလျား မှောက်၍ လက်ထောက်ကာ ပစ်ကွင်းကို ရှာသည်။

"ဝှစ်"

"ဒိုင်း"

ဓါးပေါက်သံနှင့် သေနတ်သံက ရှေ့ဆင့်နောက်ဆင့် ကာ ထွက်သွားသည်။

ဒေါက်တာမင်းထင်ကျော်က ဝပ်ချလိုက်၍ ကျည်ဆန် က အပေါ်မှ ရှပ်သွားပြီး ပေါက်ဓါးက ကိုပိန်ရှည် နဖူးတည့် တည့်မှာ စိုက်ဝင်နေသည်။

ကိုပိန်ရှည်မျက်နှာပေါ်ဝယ် မယုံကြည်နိုင်မှုများ ဖြစ် ပေါ်လာပြီး နောက်သို့ လဲကျသွားသည်။

ရန်သူနှစ်ယောက် ရှင်းသွား၍ 'ပွဲပြီးပြီ' ဟု ထင်၍





သေနတ်ကောက်ရန် ထလိုက်စဉ် နောက်ဖက်မှ ညာသံပေး၍ အော်ထွက်လာသံ ကြားရသဖြင့် ဖျတ်ကနဲ လှည့်ကြည့်လိုက် သည်။

လူဝကြီးတစ်ယောက် သားလှီးဓါးကြီးကို မြှောက်ကာ ပြေးချလာသည်။

အနီးရောက်သောအခါ ဒေါက်တာမင်းထင်ကျော် ခေါင်းကို ခုတ်ချလိုက်သည်။

မီးရောင်ကြောင့် ဓါးရောင် လက်ကနဲဖြစ်သွားသည်။

ဒေါက်တာမင်းထင်ကျော် နောက်သို့ လှန်ချပေးလိုက် သည်။

သားလှီးဓါးကြီးက လေ့ကားလက်ရမ်းကို 'ဒုံး' ကနဲ ခုတ် မိသွားသည်။ ဓါးကို ချက်ချင်းနှုတ်၍ နောက်က လိုက်ခုတ်သည်။

စားဖိုမှူး၏ဓါးချက်မိသမျှ ပစ္စည်းများမှာ ထက်ပိုင်းပြတ် ထွက်ကုန်သည်။

စားဖိုမှူးက သူ့ဓါးနှင့်သူတော့ အတော့်ကို လျင်မြန် သွက်လက်လှသည်။ ဒေါက်တာမင်းထင်ကျော်မှာ ဓါးရော သေ နတ်ပါ အဝေးသို့ ရောက်နေ၍ ဓါးချက်များကို လွတ်အောင် ရှောင်ပေးရုံမှလွဲပြီး ထိထိရောက်ရောက် တုံ့ပြန်မှုများ မပြုနိုင် ပေ။

ဒေါက်တာမင်းထင်ကျော် နံရံသို့ ကပ်မိသွားသောအခါ စားဖိုမှူးက ပြေးခုတ်သည်။ လွတ်ရုံကလေး ရှောင်ပေးလိုက်ရာ ဓါးရှက်ဘေးမှ နံရံကို ဒုန်းကနဲ စိုက်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် ဒူးကို ကွေး၍ စားဖိုမှူးရင်ဝကို ဆောင့်ကန်ပစ်လိုက်သည်။

"အင့်"

ကနဲအော်ပြီး နောက်သို့ ဆုတ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က နံရံကို ခြေကန်၍ အရှိန်ဖြင့် ပြေးကာ စားဖိုမှူးလည်မျိုကို ခြေစောင်းဖြင့် ပင့်ကန်လိုက်ရာ လည်ပင်းရိုးကျိုးသံ ပေါ်လာပြီး လဲကျသွားလေတော့သည်။

လုံးဝမလှုပ်တော့။ ။

ဒေါက်တာမင်းထင်ကျော် နေရာမှ သေနတ်ရှိရာသို့ လျှောက်သွားစဉ် တံခါးဝဖက်မှ အမိန့်ပေးသံ ပေါ်ထွက်လာသည်။

"တော်လောက်ပြီ. . . လက်မြှောက်ပြီး ရပ်နေလိုက်တော့"

သြဇာတိက္ကမ ပါသောအသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ တံခါးဝတွင် မားမားကြီး ရပ်ကာ စစ်သုံးပစ္စတိုကြီးဖြင့် ချိန်ထားသော လူထွားကြီးတစ်ဦးကို တွေ့လိုက်ရသည်။

"စပ်ရွှေဘုန်း"







အခန်း(၉)

# သတ်တွန့်ဆံဖျားတိုက်ပွဲများ

အခန်းထဲသို့ စပ်ရွှေဘုန်း ဝင်လာသည်။

နောက်ဘက်မှာ သေနတ်ကိုင်ထားသော တပည့်နှစ်ယောက် ပါလာသည်။ သူတို့နောက်တွင် ဇင်မာဝေကို လူနှစ်ယောက်က ဖမ်းချုပ်ခေါ်လာသည်။

ဒေါက်တာမင်းထင်ကျော် ဘာမှ မတုတ်သာတော့ပေ။

တစ်ယောက်က အတွင်းသို့ ကပ်လာပြီး ဒေါက်တာမင်းထင်ကျော်၏လူဂါသေနတ်ကို အဝေးသို့ ရောက်အောင် ကန်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်သည်။

ဇင်မာဝေက ငိုမဲ့မဲ့ မျက်နှာလေးဖြင့်. . .

"ကျွန်မ တောင်းပန်ပါတယ်"

ဟု လှမ်းပြောသည်။

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေကို ကြည့်ပြီး သနားသွားသည်။ မိမိလိုလူမျိုးက 'သေတစ်နေ့ မွေးတစ်နေ့' မို့ သေဘေးနှင့် ကြုံရသည်မှာ မဆန်းသော်လည်း သူမ,ခမျာ ကြားထဲမှ ဓါးစာခံ ဖြစ်ရတော့သည်။

စပ်ရွှေဘုန်းမှာ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသန်မာလှပြီး နှုတ်ခမ်းမွေးများဖြင့် ခန့်ထည်လှသည်။

သို့သော်. . .

ဎင်း၏ မျက်နှာပေါ်တွင် ရက်စက်သောသွင်ပြင် ကောက်ကျစ်သောမျက်လုံးများကတော့ ပေါ်လွင်လှသည်။

ခြုံ၍ကြည့်လျှင် အလွန်ကြမ်းတမ်းရက်စက်မည့်လူမျိုး ဆိုတာ သိသာနိုင်ပေသည်။

စပ်ရွှေဘုန်းက အိမ်တွင်းသို့ တစ်လှမ်းချင်း ဝင်လာကာ အိမ်တွင်း၌ အလဲလဲအပြိုပြိုဖြစ်နေသော ဎင်း၏တပည့်များကို မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

"အင်း. . . ခင်ဗျားလက်ရည်ကတော့ ကျုပ်မျှော်လင့်တာနဲ့တောင် ပိုပြီးတော်နေပါလား၊ ကျုပ်ကိုတော့ ခင်ဗျားတော်တဲ့အကြောင်း၊ အန္တရာယ်သိပ်များတဲ့အကြောင်း သူတို့က ကြိုပြောထားကြပါတယ်၊ ကျုပ်က နည်းနည်းလျှော့တွက်ထားလိုက်မိသို့ အခုလို. . ."





သေဆုံးနေသော သူ့တပည့်များကို ကြည့်ပြန်သည်။

စပ်ရွှေဘုန်းက ပစ္စတိုသေနတ်ကြီးဖြင့် ဒေါက်တာမင်းထင်ကျော် နဖူးတည့်တည့်သို့ ချိန်ထားသည်။

ခလုတ်ဆွဲလိုက်မည့်အချိန်ကိုသာ ဒေါက်တာမင်းထင်ကျော် စောင့်နေမိသည်။

သို့သော်. . .

စပ်ရွှေဘုန်းက စိတ်တစ်မျိုးပြောင်းသွားဟန်ဖြင့် သေနတ်ကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"ထစမ်း"

စပ်ရွှေဘုန်း အမိန့်ပေးသံကြီးက အခန်းထဲမှာ ဟိန်းထွက်သွားသည်။

ဒေါက်တာမင်းထင်ကျော် နေရာမှ ထရပ်သည်။

ကျည်ဆန်ပွတ်ထိထားသောနေရာမှ သွေးများ စိမ့်ထွက်နေကာ တစစ်စစ် နာကျင်ကိုက်ခဲနေသည်။

အကျီလည်ကုပ်နှင့် လက်မောင်းသားတစ်ဝိုက်မှာလည်း သွေးများ ရွှဲစိုနေသည်။

တစ်ယောက်က သေနတ်ဖြင့် ချိန်ထားပြီး ကျန်တစ်ယောက်က သူတို့နှစ်ယောက်ကို လက်ထိပ်ခတ်သည်။

ထို့နောက် အောက်ထပ်ရှိ စပ်ရွှေဘုန်း ရုံးခန်းအတွင်းသို့ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ရှိ စာကြည့်တိုက်ကျယ်ကြီးမှာ စပ်ရွှေဘုန်း ရုံးခန်းအဖြစ် သုံးမည်ဟု ဒေါက်တာမင်းထင်ကျော် ခန့်မှန်းချက်မှာ မှန်ပေ၏။ စပ်ရွှေဘုန်းက မဟော်ဂနီရောင် တောက်ပလျက်ရှိသည့် စားပွဲရှည်ကြီးနောက်ဖက်မှ ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။

သူသည် ဒေါက်တာမင်းထင်ကျော်ကို စူးစူးစိုက်စိုက်ကြည့်ကာ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံရသည်။

အခန်းထဲ ရောက်သောအခါ ဇင်မာဝေကို လက်ထိပ်ခတ်မထားဘဲ ဒေါက်တာမင်းထင်ကျော်ကိုတော့ လက်ထိပ်ခတ်ထားသည်။

အစောင့်နှစ်ယောက်က မောင်းပြန်သေနတ်များကို အသင့်ကိုင်ကာ အခန်းပေါက်ဝတွင် အသင့်စောင့်နေကြသည်။

အတန်ကြာမှ စပ်ရွှေဘုန်းက. .

"မောင်ရင်က ဒီအကြောင်းကို ခြေရာခံလိုက်ပြီး စုံစမ်းနေတာဆိုတော့ ဘယ်လောက်အထိ စုံစမ်းလို့ရပြီလဲ"

ဟု မေးလိုက်သည်။

"အခု ခင်ဗျားနဲ့ တွေ့နေရတဲ့အထိတော့ စုံစမ်းလို့ ရပြီးပါပြီ"

စပ်ရွှေဘုန်းမျက်နှာ တစ်ချက်ပျက်သွားသည်။

"တခြားရော ဘာသိတာ ရှိသေးလဲ"

ဒေါက်တာမင်းထင်ကျော်က တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေသည်။





"နောက် ကျုပ်သိတာကတော့ အိုမီဂါ သုတေသနစီမံကိန်းကို ဒေါက်တာဇီဝနဲ့ ဒေါက်တာထိုက်ဇံတို့က လက်ဝါးကြီးအုပ်ထားတယ်ဆိုတာရယ်၊

မိစ္ဆာပိုးဖော်မြူလာတွေကို နိုင်ငံကြီးတစ်နိုင်ငံကိုဒေါ်လာသန်းနဲ့ချီပြီးရောင်းဖို့ အဆက်အသွယ် လုပ်ထားတယ်ဆိုတာရယ်၊

တခြားနိုင်ငံတစ်ခုက အာဏာသိမ်းဖို့ ကြိုးစားနေတဲ့ ဗိုလ်ချုပ်ကြီးတွေကို ရောင်းဖို့ စီစဉ်တဲ့နေရာမှာ ခင်ဗျားကို ကြားထဲက ခါးစာခံထားတယ်ဆိုတာလောက်ပဲ သိသေးတာပါ"

စပ်ရွှေဘုန်း မျက်လုံးပြူးပြီး ကြည့်နေသည်။

"တကယ်လို့ အရောင်းအဝယ်ပြီးသွားရင် အိုမီဂါ စီမံကိန်းကို ဖျက်ဆီးပစ်ပြီး သူတို့က တစ်ခြားနိုင်ငံကို သွားနေကြမှာ၊ အဲဒီအခါကျရင် ခင်ဗျားနဲ့ ဗိုလ်ချုပ်ကြီးတွေ ပေါင်းပြီး အာဏာသိမ်းဖို့ ကြံစည်နေတဲ့အကြောင်းတွေကို ဒေါ်လာသန်းနဲ့ချီယူပြီး ဒီသတင်းကို ရောင်းကြဦးမှာ၊ ဒီအခါကျရင် ခင်ဗျားတို့ မလွတ်နိုင်တော့ဘူး"

ဒေါက်တာမင်းထင်ကျော်၏ပစ်ချက် ထိသွားသည်။

"မောင်ရင် ပြောနေတာတွေဟာ တကယ်ပဲလား"

"ကျုပ်စုံစမ်းရသမျှ ပြောပြတာပါ"

စပ်ရွှေဘုန်း အတန်ကြာအောင် မျက်မှောင်ကြုတ်လျက် စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု အိုမီဂါစီမံကိန်း အကောင်အထည်ဖော်နိုင်တယ် ဆိုတာကလဲ ဒီနယ်မှာ ခင်ဗျားရဲ့ကူညီပံ့ပိုးမှုနဲ့ အကာအကွယ်ပေးမှုတွေကြောင့်ဆိုတာ သူတို့သိတယ်၊

ဒီနယ်တစ်ဝိုက်မှာ ခင်ဗျားရဲ့အကူအညီမရဘဲ သူတို့ ဘာမှလုပ်မရဘူး၊ ဒါကြောင့် ခင်ဗျားကို လက်တွဲထားတာပဲ၊

ဒီစီမံကိန်းရဲ့ရည်ရွယ်ချက်ကို သိရင် ဘယ်တိုင်းပြည် အစိုးရကမှ သဘောတူ ခွင့်ပြုမှာ မဟုတ်ဘူး"

"ဒါ ဆင်းရဲသားတွေအတွက် ဆေးရုံတစ်ရုံ တည်ထောင်နေတာပဲ၊ ဘယ်သူက ဘာမှ ပြောစရာမရှိပါဘူး"

"ဟုတ်ပါတယ်. . . ဒါ အပေါ်ယံအမြင်ပါ၊

တကယ်လို့သာ ဒီစီမံကိန်း အောင်မြင်သွားရင် ခင်ဗျား နိုင်ငံရော ချမ်းသာပေးမယ်လို့ ခင်ဗျားထင်နေသလား၊

နောက်ပြီး ခင်ဗျားကိုရော ဒီအတိုင်း လွှတ်ထားမယ်လို့ အာမခံပေးနိုင်သလား"

"ဒါကတော့ ဖြစ်နိုင်တာပေါ့ မောင်ရင်ရာ"

စပ်ရွှေဘုန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

ဇင်မာဝေက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက် လှမ်းကြည့်သည်။

သူမမှာ ယူနီဖောင်းအဝတ်အစားနှင့်ပင် ရှိသေးပြီး မျက်နှာမှာ အတန်ငယ် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်က အားမငယ်ရန်အမူအယာဖြင့် အားပေးလိုက်သည်။





"ကဲ. . . ကျုပ်မှာတော့ ပြောပြစရာ ကုန်ပြီ၊ ခင်ဗျား ကျုပ်တို့ကို ဘာလုပ်မှာလဲ၊ ဒီအတိုင်း မိတ်ဖြစ်ဆွေဖြစ် ခေါ်တွေ့တာတော့ မဟုတ်တန်ပါဘူး၊

လုပ်စရာရှိတာ လုပ်ပေတော့"

"တကယ်ကတော့ မောင်ရင်တို့ကို သတ်ပစ်ရုံကလွဲပြီး တခြားဘာမှမရှိပါဘူး၊ မောင်ရင့်လက်ချက်နဲ့ သေတဲ့ ကျုပ်လူတွေလဲ မနည်းတော့ပါဘူး၊

ဒီလူတွေအတွက် မောင်ရင့်ကို ပစ်သတ်ရင်တောင် တရားပါတယ်၊ ဒါပေမယ့် မောင်ရင့်လို လူတော်တစ်ယောက်ကို အကြောင်းမဲ့ မသတ်ချင်ပါဘူး"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်ရော ဇင်မာဝေပါ အံ့သြသွားကြသည်။

"မောင်ရင်နဲ့ကျုပ် အပေးအယူတစ်ခု လုပ်ကြရအောင်"

"လောလောဆယ် ခင်ဗျားနဲ့ အပေးအယူလုပ်ဖို့ ကျုပ်တို့မှာ ဘာမှမရှိပါဘူး"

စပ်ရွှေဘုန်းက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက် စိုက်ကြည့်သည်။

"ရန်သူပင် ဖြစ်လင့်ကစား ကျုပ် မောင်ရင်ရဲ့ထက်မြက်တဲ့အရည်အသွေးကို လေးစားပါတယ်၊ မောင်ရင်တစ်ယောက်ထဲ ဆောင်ရွက်နေတဲ့အလုပ်တွေကို ဒီမှာရှိတဲ့ လူတစ်ရာ ချပေးလိုက်ရင်တောင် ရမှာ မဟုတ်ပါဘူး၊

ကျုပ်က ရန်သူပဲဖြစ်ဖြစ် မိတ်ဆွေပဲဖြစ်ဖြစ်၊ တော်တဲ့

www.burmeseclassic.com



ထက်မြက်တဲ့လူတွေကို သဘောကျတယ်"

"အခုလို အသိအမှတ်ပြုတာ ကျေးဇူးတင်ပါတယ်"

"ကျုပ်ပြောတာကို လက်ခံရင် မောင်ရင်ကို အသက်ချမ်းသာပေးမယ်"

"လက်မခံရင်ရော"

"လက်မခံရင်တော့ ကွပ်မျက်ရေးအဖွဲ့လက်ထဲကို အပ်လိုက်ရုံပါပဲ၊ သူလျှိုတစ်ယောက်ကို ကျုပ်အနေနဲ့ လူသိရှင်ကြားသတ်ဖြတ်ခွင့်ရှိပါတယ်၊

မောင်ရင့်ရဲ့အသက်ကို ဒီလိုအကျိုးမဲ့ ဆုံးရှုံးတာမျိုး မဖြစ်စေချင်ပါဘူး"

စပ်ရွှေဘုန်းက ခြိမ်းခြောက်လိုက်၊ သွယ်ဝိုက်စည်းရုံးလိုက်နှင့် စကားကို ပရိယာယ်ကြွယ်စွာ ပြောဆိုနေသည်။

"ကျုပ်က ဘယ်လိုကိစ္စမျိုး ဆောင်ရွက်ပေးရမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အိုမီဂါစီမံကိန်းနဲ့ ပတ်သက်ပြီး ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံ သိချင်တယ်၊ အချက်အလက်တွေ လိုချင်တယ်၊ နောက်ပြီး အိုမီဂါပိုးဖော်မြူလာကိုပါ လိုချင်တယ်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ရယ်ချင်စိတ် ဖြစ်သွားမိသော်လည်း မရယ်မိအောင် ထိန်းချုပ်ထားလိုက်သည်။

"ဆောင်ရွက်လို့ အောင်မြင်ရင် ကျုပ်အတွက် အကျိုးအမြတ်က ဘယ်လိုရှိမလဲ"

"ငွေကြေးအနေနဲ့ကတော့ မြန်မာငွေ ဒါမှမဟုတ် ဒေါ်





လာ သန်းနဲ့ချီပြီး ရမယ်၊

ရာထူးလိုချင်ရင်တော့ ဒီစခန်းရဲ့လက်ထောက်တာဝန်ခံရာထူးပေးမယ်၊

တကယ်လို့ ဗိုလ်ချုပ်ကြီးတွေရဲ့အစီအစဉ် အောင်မြင်သွားရင် တိုင်းပြည်ရဲ့အရေးပါအရာရောက်တဲ့ ရာထူးတစ်နေရာပေးမယ်"

"အင်း. . မက်လောက်စရာပါပဲ၊ ဒါပေမယ့် ကျုပ်ကို တစ်ညလောက်တော့ စဉ်းစားခွင့်ပေးပါ"

"မောင်ရင့်ကို အကောင်းဆုံး အခွင့်အရေး ပေးထားတာပဲ၊ အသက်နဲ့ငွေကြေးကိုတော့ ကြိုက်ရာရွေးနိုင်ပါတယ်"

စပ်ရွှေဘုန်းက အေးအေးဆေးဆေးပင် ပြောသည်။

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေဘက်သို့ လှည့်ကာ. . .

"သူ့အတွက်ရော ဘယ်လိုစီစဉ်မလဲ"

ဟု မေးလိုက်သည်။

"သူ့အတွက်ကတော့ သိပ်ပြီးထည့်တွက်စရာ မလိုပါဘူး"

စပ်ရွှေဘုန်း၏မျက်နှာပေါ်၌ ဝယ် ကောက်ကျစ်မှုများပေါ်နေသည်ဟု ထင်မိသည်။

သို့သော် လောလောဆယ် အန္တရာယ်ဘေးမှ ကင်းဝေးစေရန် တတ်နိုင်သမျှ အချိန်ဆွဲထားခြင်းက မိမိအတွက် အခွင့်အလမ်း တစ်ခု ရလာနိုင်သည်ဟု မျှော်လင့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကျရင် အဖြေပေးပါ့မယ်"

"ကောင်းပြီလေ. . . မောင်ရင်သာ ရူးသွပ်တဲ့လူတစ်ယောက် မဟုတ်ခဲ့ရင်တော့ ကျုပ်ပေးတဲ့ အခွင့်အရေးတွေကို လက်လွှတ်ခံမှာ မဟုတ်ပါဘူး၊

ကျုပ်သာဆိုရင်တော့ ချက်ချင်းဆုံးဖြတ်မှာ အမှန်ပဲ၊ အင်းလေ. . . မောင်ရင် စဉ်းစားချင်သပ ဆိုရင်လဲ ဒီတစ်ညတော့ စဉ်းစားချင်စဉ်းစားပေါ့၊ မနက်ကျတော့သာ ကျုပ်ကို အကောင်းဆုံးအဖြေတစ်ခု ပေးနိုင်အောင်သာ ကြိုးစားပါ"

ဒေါက်တာမင်းထင်ကျော် ခေါင်းညိတ်ပြလိုက်သည်။

"ဟော့. . . သူတို့ကို အပေါ်ထပ်က အခန်းထဲမှာ နေရာပေးလိုက်၊ သူ့ကို လက်ထိပ်ဖြုတ်မပေးနဲ့ဦး၊ အခန်းတံခါးကို သေသေချာချာပိတ်၊ အပြင်က သေသေချာချာ စောင့်ကြ"

ထို့နောက် သေနတ်ကိုင်ထားသော အစောင့်နှစ်ယောက်က သူတို့နှစ်ယောက်ကို အပေါ်ထပ်သို့ ခေါ်လာသည်။

အပေါ်ထပ် ရောက်သောအခါ နှစ်ခန်းဆက် အခန်းထဲတွင် တစ်ယောက်တစ်ခန်းစီ ထည့်၍ သော့ခတ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော် အခန်းမှာ အတန်ငယ် ကျယ်ဝန်းသည်။ ကုတင်တစ်လုံး၊ ကုလားထိုင်တစ်လုံး ရှိသည်။

ရေချိုးခန်းနှင့်အိမ်သာ တွဲထားပြီး ထိုအခန်းမှ အောက်သို့ ကြည့်လျှင် မြင်ရသည်။

အောက်ထပ်မှာရော ဝရန်တာမှာပါ လက်နက်ကိုင် အစောင့်များ ရှိသည်။ ခြံဝန်းထဲမှာလည်း စက်သေနတ်ကိုင် အ





စောင့်များ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြသည်။

အိမ်တစ်ဝန်းလုံး အတွင်းအပြင်မှာ အစောင့်များ တင်းကျမ်း ချထားပုံရသည်။

ထို့ပြင် လက်ထိပ်ကလည်း အခတ်ခံထားရသေးသည်။

လွယ်လွယ်နှင့်တော့ လွတ်လမ်းမမြင်ပေ။

လက်ထိပ်ခတ်ထားခြင်းကို မေ့ထားလိုက်ပြီး ကုတင်ပေါ် လှဲလိုက်သည်။ ဘေးခန်းတွင် ဇင်မာဝေ ရှိနေမှန်း သိသော်လည်း ဘယ်လိုမှ အဆက်အသွယ် လုပ်မရပေ။

မနက်ဖြန်အထိ ဇင်မာဝေကိုသာ အမှန်တကယ် အန္တရာယ် မပေးသေးပါက မိမိအနေနှင့် မီးစင်ကြည့်၍ လှုပ်ရှားသွားရှိရသည်။

မတ္တတ်သာသည့်အဆုံး စပ်ရှောဘုန်း အကြံအစည်များအား လက်ခံသဘောတူသယောင် ဆောင်၍ အချိန်ဆွဲနိုင်သည်။

အရေးကြီးဆုံးက သည်ညတွင် လက်မှ လက်ထိပ်ဖြုတ်နိုင်လျှင် မိမိအတွက် အခွင့်အလမ်းတစ်ခုခု ရနိုင်သည်။

ခြံဝန်းတစ်ခုလုံး စောင့်နေသော အစောင့်များ ငိုက်မြည်းနေချိန်အထိတော့ စောင့်ရမည်။

ထိုသို့ စဉ်းစားနေရင်း မှေးကနဲ အိပ်ပျော်သွားသည်။

သန်းခေါင်အချိန်လောက်တွင် တံခါးဂျက်ဖွင့်သံ တစ်ချက်ကြားလိုက်ရပြီး အခန်းထဲ ဝင်လာသောခြေသံ ကြားလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော် မျက်စိဖွင့်ကြည့်လိုက်သည်။

www.burmeseclassic.com



စပ်ရွှေဘုန်းတစ်ယောက်ထဲ အခန်းထဲ ဝင်လာသည်။ သူ အခန်းထဲ ရောက်သောအခါ တံခါးပြန်ပိတ်သွားသည်။

"မောင်ရင်နဲ့ ပြောစရာလေးတွေ ကျန်နေသေးလို့ပါ။ ကောင်မလေး ရှိနေတော့ ပြောမကောင်းတာတွေ ရှိနေတယ်"

"ပြောပါ"

"မောင်ရင်သာ ကျုပ်အနားမှာ အကူအညီပေးမယ် ဆိုရင် ကျုပ်တို့ရဲ့စီမံကိန်းဟာ အောင်မြင်မှာ မုချပဲလို့ ပြောလို့ ရတယ်၊

ကျုပ်တို့ရဲ့ မဟာစီမံကိန်းကြီး အောင်မြင်ခဲ့ရင် မောင်ရင်ဟာ တိုင်းပြည်ရဲ့အရေးပါအရာရောက်တဲ့ အကြီးအကဲစာရင်းမှာ ပါဖို့ ကျုပ်အာမခံပါတယ်၊ လစာ၊ ငွေကြေး၊ ရာထူး၊ မိန်းမ၊ လိုချင်တာ အကုန်ရစေ့မယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းငုံ့စဉ်းစားနေသည်။

အတန်ကြာမှ. . .

"ကျုပ်အနေနဲ့ ငြင်းဖို့ စိတ်မကူးတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မြေကြီးထဲမှာ ငြိမ်ပြီးမနေချင်သေးဘူး၊ လှုပ်လှုပ်ရှားရှား လုပ်ချင်သေးတယ်"

စပ်ရွှေဘုန်းမျက်နှာပေါ် ဝယ် ကျေနပ်မှုကြောင့် အပြုံးရိပ်များ ယှက်သန်းသွားသည်။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာက ဒေါက်တာမင်းထင်ကျော်ရှေ့တွင် ရပ်လိုက်သည်။

"ဒါဖြင့် ကျုပ်တို့အပေးအယူတည့်ပြီဆိုပါတော့"





"အင်း. . . ဒါထက် မိန်းကလေးကို ဘယ်လိုလုပ်မှာလဲ"

"သူက ကျုပ်တို့လုပ်ငန်းမှာ အသုံးမတည့်ပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

ဒေါက်တာမင်းထင်ကျော် အလောတကြီး မေးလိုက်သည်။

"ကျုပ်တို့လုပ်ငန်းတွေကို သိပြီး ဒီစခန်းကို ရောက်လာသူ မှန်သမျှ ဘယ်သူ့ကိုမှ အသက်ရှင်ခွင့် မပေးနိုင်ဘူး၊ သူ့ကိုလဲ ဒီလိုပဲ စီစဉ်ရမှာပဲ"

ဒေါက်တာမင်းထင်ကျော် သက်ပြင်းချလိုက်သည်။

အစကတည်းက နောက်ဆုံးအချိန်တွင် ထိုသို့ တွေ့နိုင်သည်ဟု ကြိုတင်တွေးထားမိသော်လည်း တကယ်တမ်း ကြားလိုက်ရသောအခါ ဇင်မာဝေအတွက် စိတ်မကောင်းဖြစ်မိသည်။

"ဒီတာဝန်ကိုလဲ မောင်ရင်ပဲ ယူရမှာ"

"ဟင်. ."

"ဟုတ်တယ်လေ. . . ကျုပ်တို့အပေါ် မှာ သစ္စာရှိပြီ ဆိုတာကို ပြသတာရယ်၊ အလုပ်အောင်မြင်ကြောင်း အထိမ်းအမှတ်အဖြစ် အောင်ပွဲခံကြမယ်လေ"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ အတော့်ကို အော်လီဆန်သွားသည်။ စက်ဆုပ်ရွံရှာမှုလည်း ဖြစ်မိသည်။

လူလူချင်း သည်မျှ မရက်စက်သင့်ဟု ထင်မိသည်။

တိုက်ပွဲတစ်ခုအတွင်းဝယ် လူအယောက်(၁၀၀)ကို ပစ်သတ်ဝံ့သော်လည်း လူတစ်ယောက်ကို သွေးအေးအေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သတ်ပြရမှာကိုတော့ မလုပ်လိုပေ။

အထူးသဖြင့် ဇင်မာဝေကို ဘယ်လိုနည်းနဲ့မှ သူ မသတ်လိုပေ။

"ငွေကြေး၊ ရာထူး၊ အာဏာရှိရင် မိန်းမဆိုတာ ပေါပါတယ်၊ ကျုပ်တို့အလုပ်တွေမှာ မိန်းမက အဓိက မကျပါဘူး။ ကျုပ်ပြောတာ သဘာဝ မကျဘူးလား မောင်ရင်"

ဒေါက်တာမင်းထင်ကျော် စပ်ရွှေဘုန်းမျက်နှာကို မော့ကြည့်လိုက်သည်။ သူ့မျက်ဝန်းထဲမှာ စက်ဆုပ်မုန်းတီးမှုများ မပေါ်အောင် ဖုံးကွယ်ထားသည်။

အပြင်မှာ အမှောင်ရိပ်က ထုထည်ကြီးမားစွာ ဖုံးအုပ်ထားဆဲ။

"ဘယ့်နှယ့်လဲ မောင်ရင်"

"ကျုပ်က ဘယ်လိုသတ်ရမှာလဲ"

"ဘယ်လိုသတ်သတ်ပါ. . . မောင်ရင့် ကျွမ်းကျင်တဲ့နည်းနဲ့သာ သတ်ပါ၊ သေသွားရင် ပြီးတာပါပဲ"

"ကျုပ်အကျွမ်းကျင်ဆုံးက သေနတ်ပဲ"

"မောင်ရင်ရဲ့သေနတ်အစွမ်းကိုတော့ ယုံကြည်ပါတယ်၊ ဒါနဲ့ဆို ဖြစ်မလား"

စပ်ရွှေဘုန်းက ခါးတွင် ချိတ်ထားသော စစ်သုံးပစ္စတိုကြီးကို ပုတ်ပြသည်။

ဒီပစ္စတိုနဲ့သာ အနားကပ်ပစ်လို့က ထက်ပိုင်းပြတ်လောက်သည်။ သေနတ်ကို မကိုင်တွယ် မထိတွေ့ရသော်လည်း





မြင်လိုက်ရုံနှင့်ပင် အင်အားများ တိုးလာသလို ခံစားရသည်။

သည်သေနတ်သာ သူ့လက်ထဲ ရောက်လာလို့ကတော့ ပွဲကြီးပွဲကောင်းတစ်ပွဲတော့ တွေ့ရလိမ့်မည်ဟု စိတ်ထဲမှာ တွေးထားလိုက်မိသည်။

"ဖြစ်ပါတယ်. . . ဘယ်တော့ လုပ်ပေးရမလဲ"

"အမြန်ဆုံးပေါ့. . . ဒီမိုးသောက်ယံမှာ သူလျှိုသွေးနဲ့ ကျုပ်တို့နှစ်ယောက် အောင်ပွဲခံကြရအောင်ပေါ့"

"ကောင်းပြီ. . . လုပ်ရမယ့်ကိစ္စကို အမြန်ဆုံး လုပ်တာကောင်းပါတယ်၊ ဒါပေမယ့် ကျုပ် သူ့ကို သတ်မယ်ဆိုတာကို သူ မရိပ်မိစေချင်ဘူး"

စပ်ရွှေဘုန်းက ပြုံးလိုက်သည်။

"ကျုပ်တို့နှစ်ယောက်ကို ခြံထောင့်ကို ခေါ်သွား၊ ကျုပ်တို့နှစ်ယောက်စလုံးကို ခင်ဗျားတို့က သတ်တော့မယ်လို့ ထင်စေချင်တယ်၊ အဲဒီအချိန်မှာ လက်ထိပ်ဖြုတ်ပြီး သေနတ် ကျုပ်ကိုပေး"

"မောင်ရင့်သစ္စာကို စမ်းချင်လို့ အခုလို တရားခံ လုပ်ရတာ စိတ်မကောင်းပါဘူး"

"ရပါတယ်. . နောက်ဆုံးအချိန်မှာ သူ့ကို သတ်လိုက်တဲ့လူဟာ ကျုပ်ဆိုတာ သူသိမသွားစေချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူက ကျုပ်ရဲ့ချစ်သူဗျ"

"သိပါတယ်. . . မောင်ရင်တို့ ပုလဲဂေဟာမှာ ငြိခဲ့ကြတယ်ဆိုတာလဲ ကျုပ်သိပြီးပါပြီ"

စပ်ရွှေဘုန်း၏ကွန်ယက်ကလည်း မသေးလှပါဘူး



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်သည်။

"ကိုယ့်ချစ်သူတစ်ယောက်ကို သွေးအေးအေးနဲ့ သတ်

ပစ်ရမှာ တကယ်တော့ မလွယ်လှပါဘူး၊

ဒါပေမယ့် ကျုပ်မှာကလဲ တခြားရွေးစရာလမ်းကလ

မရှိလေတော့ မထူးပါဘူး၊ အခုပဲ လုပ်ငန်းစလိုက်ကြရအောင်

စပ်ရွှေဘုန်းက အမိန့်ပေးလိုက်သောအခါ အစောင့်

ဒေါက်တာမင်းထင်ကျော်ကို အခန်းအပြင်သို့ ခေါ်ထုတ်လာ

သည်။

ဇင်မာဝေ ထားသောအခန်း ရောက်သောအခါ 'သူ့

ခေါ်လာခဲ့' ဟု ဆိုကာ စပ်ရွှေဘုန်းက ရှေ့မှ လှေခါးအတိုင်

အောက်သို့ ဆင်းသွားသည်။

အစောင့်က ဇင်မာဝေကို အပြင်ခေါ်ထုတ်လာသည်

ဇင်မာဝေ၏ သနားစဖွယ်မျက်နှာလေးကို မြင်လို

သောအခါ ဒေါက်တာမင်းထင်ကျော်ရင်ထဲမှာ စိတ်မကောင်းဖြ

သွားသည်။ အနီးရောက်သောအခါ ဇင်မာဝေက. . .

"ရှင်. . သူတို့ ကမ်းလှမ်းတာကို လက်ခံလိုက်သလာ

"မခံပါဘူး"

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ ရှိသည့် အ

အတိုင်း ဖြေလိုက်သည်။

"ကောင်းတယ်. . . ရှင်လက်မခံလို့ သူတို့ ကျွန်မတို့

ယောက်ကို သတ်ပစ်တော့မယ်ထင်တယ်"

"အေးတာပေါ့ကွာ"





ဒေါက်တာမင်းထင်ကျော်က ဒါပဲပြောပြီး ရှေ့မှလျှောက်သွားရာ အစောင့်နှစ်ယောက်နှင့် ဇင်မာဝေက နောက်မှ ဆင်းလိုက်လာကြသည်။ အပြင်ရောက်တော့ တံခါးဝမှာ စောင့်နေသော စက်သေနတ်သမားပါ လိုက်လာသည်။

မကြာမီ ခြံထောင့်ရောက်လာသည်။

မှောင်ရိပ်များက ဟိုတစ်ကွက် သည်တစ်ကွက် ထိုးကျနေသည်။

လှမ်းမကမ်းတွင် သေနတ်သမားသုံးယောက်က နေရာယူ၍ သေနတ်များဖြင့် ဝိုင်းချိန်ထားသည်။

ထိုအချိန်တွင် အစောင့်တစ်ယောက်က ဒေါက်တာမင်းထင်ကျော်ကို လက်ထိပ်လာဖြုတ်ပေးသည်။

ဒေါက်တာမင်းထင်ကျော်က အချိန်ကြာမြင့်စွာ လက်ထိပ်ခတ်ခြင်း ခံထားရသဖြင့် လက်မှ သွေးကြောများ ပုံမှန်လုပ်ရှားမှု ဖြစ်စေရန် ဆုပ်ချည်ဖြန့်ချည် ပြုလုပ်လိုက်သည်။

ဇင်မာဝေက သူ့ကို နားမလည်သလို ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော် မျက်နှာပေါ်ဝယ် အပြုံးရိပ်တစ်ချက် သန်းသွားသည်။

ထို့နောက် စပ်ရွှေဘုန်း ခါးမှ ပစ္စတိုကို ဖြုတ်ကာ ဒေါက်တာမင်းထင်ကျော်ကို ကမ်းပေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ပစ္စတိုကို ချိန်ဆကြည့်သောအခါ ကျည်ဆန်အပြည့်ရှိကြောင်း သိလိုက်သည်။

ထိုအခြေအနေကို မြင်တော့မှ ဇင်မာဝေ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားပုံရသည်။

"ရှင် သူတို့အစီအစဉ်ကို လက်ခံလိုက်ပြီပေါ့"

"ဟုတ်တယ်. . . ငါလက်ခံလိုက်ပြီ"

"ဟင်. . . ရှင် သစ္စာဖောက်၊ လူယုတ်မာ၊ ရှင့်ကို ကျွန်မ ယုံကြည်မိတာ မှားပြီ"

"ဖြန်း. . ဖြန်း"

ဒေါက်တာမင်းထင်ကျော် ပါးနှစ်ဖက် ပူထူသွားသည်။

"ကောင်းတာပေါ့ကွာ. . . မင်းဘက်က ဒီလိုတုံ့ပြန်တော့လဲ ငါ့အဖို့ မင်းကို သတ်ရတာ စိတ်အနှောင့်အယှက် မဖြစ်တော့ဘူးပေါ့"

ဟု ဆိုကာ ဇင်မာဝေပခုံးကို ကိုင်ပြီး ဆောင့်တွန်းပစ်လိုက်သည်။ လျှပ်တပြက် လှုပ်ရှားမှုကြောင့် သေနတ်ကိုင်အစောင့်များ အာရုံက ဒေါက်တာမင်းထင်ကျော်ထံမှ ဇင်မာဝေထံ ရောက်သွားသည်။

ထိုအခွင့်ကောင်းကို လျှပ်တပြက် အသုံးချကာ ဒေါက်တာမင်းထင်ကျော် ဒူးထောက်ချလိုက်သည်။

တစ်ဆက်တည်း နောက်မှ စက်သေနတ်သမားကို အရင်ပစ်သည်။ ကျယ်လောင်သောသေနတ်သံနှင့်အတူ စက်သေနတ်သမား နောက်လန်ကျသွားသည်။

သို့သော် လက်မှ ခလုတ်ဆွဲလိုက်သဖြင့် စက်သေနတ်ကျည်ဆန်များ တဝေါဝေါ ထွက်လာတော့သည်။

စပ်ရွှေဘုန်းက စက်သေနတ်သမား လဲကျသွားသည်ကို





မြင်သောအခါ ဒေါက်တာမင်းထင်ကျော်ကို လှမ်းပစ်သည်။

ဘေးသို့ ရှပ်မှန်သည်။

ဘေးသို့ ပစ်လဲကျသွားသည်။

ထိုအခိုက်မှာ စောစောက သူရပ်နေရာသို့ ကျည်ဆန်များက ပြုဆင်းလာသည်။

ဒေါက်တာမင်းထင်ကျော် သစ်ပင်တစ်ပင်ဘေးသို့ ပြေးကပ်သည်။ သေနတ်မှန်ထားသော စက်သေနတ်သမားထံမှ ကျည်ဆန်များက စပ်ရွှေဘုန်းတို့ဘက် ဝင်သွားရာ အလောတကြီး ရှောင်လိုက်ရခြင်းကြောင့် ဒေါက်တာမင်းထင်ကျော်တို့အတွက် အခွင့်အလမ်း ရသွားသည်။

"သစ်ပင်ကွယ်မှာ ကပ်နေ"

ဇင်မာဝေက လဲကျနေရာမှ သစ်ပင်ကွယ်တစ်ခုသို့ လှိမ့်ဝင်သွားသည်။ အသက်ပျောက်သွားသော စက်သေနတ်သမားထံမှ ကျည်ဆန်များ ကုန်သွားတော့မှ သေနတ်သမားနှစ်ယောက် ထလာသည်။

ဒေါက်တာမင်းထင်ကျော်က စပ်ရွှေဘုန်းကို သေနတ်ဖြင့် လှမ်းပစ်စဉ်မှာ သေနတ်သမားတစ်ယောက်က အမှောင်ထဲပြေးဝင်လာပြီး ဒေါက်တာမင်းထင်ကျော်ကို ခုန်အုပ်သည်။

နှစ်ယောက်သား လုံးထွေးလဲကျသွားသည်။

ထိုသူက ဗလကြီးသဖြင့် ဒေါက်တာမင်းထင်ကျော်ထံမှ သေနတ်ရအောင် လုသည်။

နှစ်ယောက်သား လုံးထွေးနေစဉ် စပ်ရွှေဘုန်းနှင့်အခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သေနတ်များ ကိုင်ကာ ပြေးလာသည်။

မလှမ်းမကမ်း ရောက်သောအခါ အခြားတစ်ယောက် သေနတ်ဖြင့် ပစ်ရာ ဒေါက်တာမင်းထင်ကျော်က အပေါ်မှ လှကို တွန်းကာပေးလိုက်သည်။

ဆတ်ကနဲ တွန့်သွားပြီး ချုပ်ကိုင်အား လျော့သွားသည်။ ပါးစပ်မှ သွေးများ ဒေါက်တာမင်းထင်ကျော်ထံ ကျလာသည်။

သေနတ်ရသောအခါ အနားရောက်လာသောအစောင့်ကို တော့ဖြုတ်သည်။

နောက်သို့ လန်ထွက်သွားသည်။

အစောင့်များ ရှင်းသွားသောအခါ စပ်ရွှေဘုန်းကို ရှာသည်။ မတွေ့ရတော့။

ဒေါက်တာမင်းထင်ကျော် ဇင်မာဝေ ရှိရာ သစ်ပင်ဆီသို့ လှိမ့်ဝင်သွားသည်။ ဇင်မာဝေကို တွေ့ရသည်။

"မင်း ခြံဝကို သွားပြီး ကားစက်နိုးထားနှင့်"

ဇင်မာဝေ ထွက်သွားတော့ သူ အိမ်ကြီးနံဘေးမှ ကားဂိုဒေါင်ဘက်သို့ ပြေးသည်။

ကားဂိုဒေါင်တံခါးမှ ဟနေသည်။

သူ အနီးရောက်သောအခါ အထဲမှာ ကားနက်ကြီးတစ်စင်း 'ဝုန်း' ကနဲ ထွက်လာသဖြင့် ဘေးသို့ ကပျာကယာ လှိမ့်ရှောင်ပေးလိုက်ရသည်။

ကားနက်ကြီးက သူ့ဘေးမှ သီသီလေး ပွတ်ကာ ဖြတ်ကျော်သွားသည်။ သေနတ်ဖြင့် လှမ်းပစ်သော်လည်း မထိတော့





ဘဲ ခြံတံခါးဝသို့ မောင်းထွက်သွားသည်။

ဒေါက်တာမင်းထင်ကျော် နောက်မှ ပြေးလိုက်သည်။

သူ ခြံတံခါးဝ ရောက်တော့ အမှောင်ထဲမှာ ကားကြီး၏ နောက်မီးနီနီကလေးကိုသာ လှမ်းမြင်လိုက်ရသည်။

ထိုအခိုက် တစ်ဖက်ခြံထဲမှ ကားတစ်စင်း မောင်းထွက်လာသည်။

ဇင်မာဝေပင်ဖြစ်သည်။

သူ ကားမောင်းနေရာတွင် ဝင်ထိုင်ပြီး ကားကို တရကြမ်း မောင်းထွက်ခဲ့သည်။

ဖီးယက်ကားလေး၏မိုင်ခွက်တွင် ပေါ်နေသောလက်တံမှာ မိုင်(၆၀)ကျော်အထိ တက်လာသည်။

ကျောက်တုံးကျောက်ခဲများ ထူသောလမ်းပေမို့ ကားက အပေါ်သို့ မြောက်ခနဲ ခုန်တက်သွားပြီး ပြန်ကျလိုက်တိုင်း ဘေးတွင် ထိထားသောဒဏ်ရာက သွေးများ ထွက်ကာ အောင့်တက်လာသည်။ သူ အံကြိတ်၍ ကားကို ဂရုစိုက် မောင်းသည်။

"ဒဏ်ရာရလာသလား"

ဇင်မာဝေက စိုးရိမ်စွာ မေးသည်။

သူ မဖြေ။

လက်ကာပြပြီး ကားကို အရှိန်ထပ်မြှင့်သည်။

"ရှင့်ကို ရှုတ်တရက် အထင်လွဲမိတာ ခွင့်လွှတ်ပါနော်"

ဒေါက်တာမင်းထင်ကျော် ပြုံးသည်။

နှစ်မိုင်မျှ မောင်းမိသောအခါ ရှေ့မှ ကား၏နောက်မီး



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမြင်ရသည်။

ဘေးမှ ဒဏ်ရာက သွေးများ လက်တွင် စွန်းနေသဖြင့် ကားလက်ကိုင်ဘီးကို ကိုင်ရတာ သိပ်မမြဲချင်။

ဖွင့်မာဝေက သူမအပေါ်အင်္ကျီကို ဆုတ်ဖြဲ၍ အင်္ကျီစဖြင့် ဒေါက်တာမင်းထင်ကျော်ဒဏ်ရာကို ဆွဲပတ်ချည်ပေးသည်။

"မလုပ်နဲ့ . . ရတယ်"

"သွေးထွက်များရင် မကောင်းဘူး"

ရှေ့မှ ပြေးနေသော ကားနက်ကြီးနှင့် နီးသထက် နီးလာသည်။ ဒေါက်တာမင်းထင်ကျော်က နံပါတ်(၅)ဂီယာကို ပြောင်း၍ လီဗာကို ဖိနင်းလိုက်ရာ ကားက ကြိမ်တို့လိုက်သော မြင်းတစ်ကောင်ပမာ ငေါက်ကနဲ ရှေ့သို့ ထိုးတက်သွားရာ မိနစ်အနည်းငယ်အတွင်း ကားနက်ကြီးနောက်သို့ ရောက်သွားတော့သည်။

လမ်းက ကျဉ်းလာသည်။

တစ်ဖက်တွင် ချောက်ကမ်းပါးရှိပြီး ကျန်တစ်ဖက်တွင် ကျောက်တောင်က ခံနေသည်။

လမ်းကလည်း ကြမ်းသည်ထက် ကြမ်းလာသဖြင့် ကားက အထိန်းရ ခက်လာသည်။

လက်တွင် သွေးများ ပေနေသဖြင့် စတီယာရင်ကို ကိုင်ရတာ သွက်သွက်ခါအောင် ချော်ထွက်နေသည်။

တစ်ကြိမ်တွင် ကျောက်နံရံဘက်သို့ ခေါင်းတည်သွားပြီး တစ်ကြိမ်တွင် ချောက်ဘက်သို့ ဦးတည်သွားသဖြင့် အတော်ထိန်းရသည်။ ကားနက်နှင့် နီးလာသောအခါ လက်တစ်ဖက်က စတီ





ယာရင်ကို ထိန်းကိုင်ပြီး ကျန်တစ်ဖက်က သေနတ်ကို ယူသည်။ အသေအချာ ချိန်၍ပစ်သည်။

ကျည်ဆန်က နောက်ဖက်မီးလုံးကိုတစ်ချက်၊ လမ်းမပေါ် တစ်ချက်မှန်သည်။ သေနတ်ထဲမှာ ကျည်ဆန်က သိပ်မရှိတော့၊ ပစ်မှတ်ကို ထိဖို့လိုသည်။

ဒေါက်တာမင်းထင်ကျော် အသက်ဝအောင်ရှူသည်။

စိတ်ကို ထိန်းပြီး ကားနက်ကြီး၏ဓါတ်ဆီတိုင်ကီကို ချိန်၍ပစ်သည်။

"ဝုန်း"

မြည်သံနှင့်အတူ ကားနောက်ပိုင်းမှ ထပေါက်သည်။

ကားနက်ကြီး ချာလပတ်လည်ပြီး ချောက်ထဲ စိုက်ဆင်းသွားသည်။ မီးတောက်ကြီးတစ်ခု ဝုန်းကနဲ ပေါက်ပြီး ကျောက်တုံးတစ်ခုနှင့် ဆောင့်မိကာ ချောက်ထဲ ကျသွားလေတော့သည်။

ချောက်ထဲတွင် မီးတောက်များ တဝုန်းဝုန်း တောက်နေတော့သည်။ ဒေါက်တာမင်းထင်ကျော် ကားကို ချောက်ကမ်းပါးစွန်းတွင် ရပ်လိုက်သည်။

"ကိစ္စပြီးပြီ . . ဟော်နန်းကို ပြန်ရမယ်"

"ဘာလုပ်မလို့လဲဟင်"

"ကိုယ့်လက်နက်ကိုလဲ ပြန်ရှာယူရမယ်၊ နောက်ပြီးလက်ကျန်အစောင့်တွေကိုလဲ ရှင်းပစ်ရမှာ၊ ဒါမှ ဒီက သတင်းတွေ အိုမီဂါ စီမံကိန်းကို မရောက်မှာ"

မကြာမီ ကားက ဟော်နန်းသို့ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီအနည်းငယ်ကြာသောအခါ ဒေါက်တာမင်းထင်ကျော် ပြန်ထွက်လာသည်။ အမှောင်ထဲမှာ ဟော်နန်းကြီးဆီမှ မီးတောက်ကြီးများ တဖြည်းဖြည်း တက်လာလေတော့သည်။







# အခန်း(၁၀)

# စျေးဝင်နေသောအနမ်းများ

ကားကို ဇင်မာဝေက မောင်းသည်။

ဒေါက်တာမင်းထင်ကျော်က ဘေးမှ မေး၍လိုက်လာသည်။

လမ်းတွင် တွေ့ရသော ဓါတ်ဆီဆိုင်တွင် ဓါတ်ဆီဝင်ဖြည့်သည်။

မြို့လေးတစ်မြို့ရောက်သောအခါ ဇင်မာဝေက ကားကိုရပ်ကာ ပတ်တီး၊ ဂွမ်းနှင့် ဆေးပစ္စည်းများ ဆင်းဝယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်စရာအချို့ပါဝယ်သည်။

မြို့စွန်မှ တည်းခိုခန်းတစ်ခု ရောက်သောအခါ ကားကို ထိုးရပ်လိုက်သည်။ ဒေါက်တာမင်းထင်ကျော်က မျက်စိဖွင့်ကြည့်သည်။

"တို့ ဘယ်ရောက်ပြီလဲ"

"မော်ဟဲကို ရောက်တော့မယ်၊ ဒါ လမ်းမှာ တွေ့တဲ့ မြို့တစ်မြို့ပဲ၊ ဒီမှာ ခဏနားရအောင်နော်"

"ဆက်သွားလိုက်ရင် ကောင်းမယ်ထင်တယ်"

"မဖြစ်ဘူး. . . ကားမောင်းလူပါ ခဏအနားပေးရလိမ့်မယ်၊ ကားရေတိုင်ကီက ဆူနေပြီ၊ နောက်ပြီး ကိုမင်းထင်ကျော် ဒဏ်ရာကိုလည်း ဆေးထည့်ဖို့ လိုမယ်၊ ဒီအတိုင်းသွားရင် ကိုမင်းထင်ကျော် ဒဏ်ရာကြောင့် အဖျားဝင်လိမ့်မယ်"

ဒေါက်တာမင်းထင်ကျော် မတတ်သာတော့။

တည်းခိုခန်းတွင် နှစ်ယောက်တစ်ခန်း ယူလိုက်သည်။

အခန်းထဲ ရောက်သောအခါ ဇင်မာဝေက ဒဏ်ရာများကို ရေနွေးဖြင့် ဆေးကာ ပတ်တီးစည်းပေးသည်။

သူမ၏လှုပ်ရှားမှုများမှာ သာမန်အရပ်သူတစ်ယောက်နှင့် မတူဘဲ ဆေးဝါးကျွမ်းကျင်သူတစ်ယောက်နှင့် တူလှသည်။

"မင်းက ဆေးသင်တန်း တက်ဖူးထားပုံရတယ်"

ထိုစကားကြောင့် ဇင်မာဝေက. . .

"ကျွန်မက ဆေးမကုတဲ့ ဆရာဝန်တစ်ယောက်ဆိုပါတော့"





ဟု အဖြေပေးသည်။

"ဒါကြောင့် ကျွမ်းကျင်တာကိုး"

ဒဏ်ရာကို ဆေးပတ်တီးစည်းပြီးသောအခါ ဆေးထိုးပေးသည်။ နောက် သောက်ဆေးပါ သောက်ရသည်။

ထို့နောက် အပြင်မှ ဝယ်လာသော ခေါက်ဆွဲပြုတ်၊ ပေါင်မုန့်ကြက်ဥကြော်နှင့် အိုဗာတင်း စသည်တို့နှင့် နံနက်စာ စားသည်။

"ရှင် တမေ့လောက် မှေးလိုက်ပါလား၊ ဒါမှ အားရှိသွားမှာ၊ ပြီးမှ ခရီးဆက်ကြတာပေါ့"

ဒေါက်တာမင်းထင်ကျော်က. . .

"အခုလို ပြုစုပေးတာ မင်းကို ကျေးဇူးတင်ပါတယ်"

ဟု ဆိုကာ အိပ်ရာပေါ် လှဲလိုက်သည်။

"မင်းရော နားလိုက်ပါလား"

"ကျွန်မ ရေချိုးချင်သေးတယ်၊ ပြီးမှ နားတော့မယ်၊ ရှင် အေးအေးဆေးဆေး အိပ်ပါ"

ဒေါက်တာမင်းထင်ကျော်အား စောင်ခြုံပေးလိုက်ပြီးနောက် ဇင်မာဝေ ထွက်သွားသည်။

ခဏကြာသောအခါ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေတော့သည်။

အိပ်ရေးပျက်သည့်ဒဏ်၊

ပင်ပန်းသည့်ဒဏ်များကြောင့် အချိန်မည်မျှကြာအောင် အိပ်မောကျသွားသည် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ နိုးလာတော့ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်သန်းနေသည်။

သူ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဇင်မာဝေမှာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ကာ သူ့ကို စောင့်နေသည်။

"ခင်း မအိပ်ရသေးဘူးလား"

"ဟင့်အင်း. . . ရှင့်ကို စောင့်နေတာ"

"ကိုယ့်ကို ဒီလောက်ဂရုစိုက်စရာ မလိုပါဘူးကွာ၊ ဒီလောက် ပြုစုပေးတာနဲ့တင် ကျေးဇူးထင်လှပါပြီ"

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထရန် ပြင်သောအခါ ဇင်မာဝေက နောက်မှ ကူညီပေးသည်။

"ရှင်. . ကျွန်မအသက်ကို ကယ်ခဲ့တာတွေနဲ့စာရင် အခုလို ပြုစုပေးရတာ မပြောပလောက်ပါဘူး၊ ရှင်သက်သာရဲ့လား"

"ဒဏ်ရာတွေက အတော်ကို သက်သာသွားပြီ၊ မနက်လောက်ဆိုရင် ကောင်းသွားလိမ့်မယ်ထင်တယ်၊ အားလဲ အတော် ရှိလာတယ်၊ မင်းနားတော့၊ တို့မနက်စောစော ခရီးဆက်ကြမယ်"

ဇင်မာဝေက ခေါင်းညိတ်ပြပြီး ကုတင်ပေါ် တက်၍ အိပ်ရန် ပြင်သောအခါ ဒေါက်တာမင်းထင်ကျော်က စောင်ခြုံပေးလိုက်သည်။

ထို့နောက် နှစ်ယောက်သား နိုးကပ်စွာ ရှိနေစဉ် ဇင်မာဝေထံမှ သင်းပျံ့သော မွှေးရနံ့တစ်မျိုး ရပြီးနောက် လက်တစ်ဖက် ထွက်လာကာ ဒေါက်တာမင်းထင်ကျော်ကို သိုင်းဖက်ထား





လိုက်သည်။

"အန္တရာယ်ကြားမှာ တွေ့ရတဲ့ မောင့်ကို ကျွန်မ တကယ်ချစ်မိသွားပါပြီ"

ဟု တိုးတိုးလေး ပြောလိုက်သည်။

ဒေါက်တာမင်းထင်ကျော်မှာ ရန်သူ၏လက်နက်မျိုးစုံတို့ကို လွတ်အောင်ရှောင်နိုင်သော်လည်း ဆွဲငင်အားပြင်းသော အချစ်၏လက်နက်ကိုတော့ ဘယ်လိုမှ လွတ်အောင် မရှောင်သာခဲ့ပေ။

သည်ညအဖို့တော့. . .

ချိုမြိန်သောအချစ်၏အနမ်းများဖြင့်သာ။

ဿ ဿ ဿ ဿ

တည်းခိုခန်းမှ နံနက်စောစောပိုင်းတွင် ထွက်၍ ခရီးဆက်ကြသည်။

မြို့ပြင်ရောက်လာသောအခါ ကျောက်တောင်များပေါ်တွင် ဖောက်ထားသောလမ်းများအတိုင်း မောင်းကြသည်။

အတန်ကြာ မောင်းမိသောအခါ လီဒိုလမ်းမကြီးနှင့် နီး



www.burmeseclassic.com

www.burmeseclassic.com



သောနေရာရှိ လမ်းသွယ်များသို့ ရောက်သည်။

တစ်ခါတစ်ရံ တောလမ်းများ၊

ဖြတ်လမ်းများမှ မောင်းကြသည်။

ဒေါက်တာမင်းထင်ကျော် ဟော်နန်းမှ ပြန်ယူလာသော မြေပုံမှ လမ်းများကို ကြည့်ကာ အတိုဆုံး အမြန်ဆုံးလမ်းကို ရွေးချယ်၍ မောင်းသည်။

ထူးထူးခြားခြားပင် . . .

လီဒိုလမ်းမကြီးကို ဖြတ်ကျော်၍ အခြားတစ်ဖက်သို့ ရောက်သွားသောအခါ ကန္တာရ ဆူးပင်များသာ ပေါက်သော ကန္တာရလွင်ပြင်တစ်ခုသို့ ရောက်သွားသည်။

ထိုနေရာသို့ ရောက်သွားသောအခါ လူသူကင်းမဲ့၍ တောရိုင်းတိရစ္ဆာန်များကိုပင် တွေ့ရသည်။

ထိုနေရာတဝိုက်တွင် အိုမီဂါစီမံကိန်း လာရောက် ထူထောင်ထားခြင်းမှာ စိတ်ကူးမှန်လှသည်။

သူတို့အတွက် အန္တရာယ် အနှောင့်အယှက် ကင်းလှပေသည်။

ကျောက်တုံးကျောက်ခဲကြီးများကို ရံဖန်ရံခါ တွေ့ရတတ်သော်လည်း အများအားဖြင့်တော့ ဆူးပွမ်းသော ဖုန်းဆိုး မြေကြမ်းများသာဖြစ်သည်။

အချို့နေရာများတွင် ဆူးများသောကန္တာရပင်များ ထူထပ်စွာ ပေါက်နေသောကြောင့် လမ်းမဟုတ်သောနေရာများမှ ရှောင်ကွင်း၍သွားရသည်။





ကန္တာရလွင်ပြင်ထဲ ရောက်သောအခါ မြေပြင်တွင် မြွေဆိုးများ၊ ကောင်းကင်တွင် လင်းတများကို တွေ့လာရပြီး အချို့နေရာများတွင် တိုင်းရင်းသားမဟုတ်သော လူမျိုးစုအချို့ကို တွေ့လာရသည်။

လွင်တီးခေါင်တွင် တစ်ခုတည်းသော စခန်းထောက်တစ်ခုဖြစ်သော မာမစ်ရွာသို့ ညနေပိုင်းတွင် သူတို့ ရောက်လာကြသည်။

မြေပုံအညွှန်းအရဆိုလျှင် အိုမီဂါစီမံကိန်း တည်ရှိရာနေရာသို့ နာရီဝက်ခန့် သွားလျှင် ရောက်တော့မည်။

သူတို့ ဒီမှာ တစ်ညနားကြမည်။

"မောင် ဒီမှာ ညအိပ်မှာလား"

"ဟုတ်တယ်. . . ညဘက်သွားလို့မရတော့ဘူး၊ နောက်ပြီး ဒီရွာမှာ လူတစ်ယောက်ကို ရှာရဦးမယ်"

"ဒီမှာ အိပ်လို့ဖြစ်ပါ့မလား"

"တခြားရွေးစရာမရှိတော့ဘူး. . . ဝေ ဒီဘာသာစကားတွေကို နားလည်လား"

"တိုင်းရင်းသားစကားတွေနဲ့ ကုလားစကား တော်တော်များများ နားလည်ပါတယ်၊ ဒီရွာမှာက ကုလားလူမျိုးတွေ များတယ်"

ကားပေါ်မှ လှမ်းကြည့်လိုက်စဉ် ကုလားလူမျိုးများနှင့် တိုင်းရင်းသားအချို့ကို လှမ်းမြင်ရသည်။

ရွာသူရွာသားများက သူတို့စီးလာသောကားကို အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းသဖွယ် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။

"သူတို့ ကားကို စိတ်ဝင်စားနေပုံရတယ်၊ အိုမီဂါစီမံကိန်းက ကားလို့ ထင်နေပုံရတယ်"

ကားအနီးသို့ လူရွယ်တစ်ဦး ကပ်လာသောအခါ ဒေါက်တာမင်းထင်ကျော်က လက်ဟန်ခြေဟန်ဖြင့် "အိပ်ခန်း ဘယ်မှာရှိသလဲ" ဟု မေးလိုက်သောအခါ လူရွယ်က ကုလားစကားဖြင့် ညွှန်ပြသည်။

ဒေါက်တာမင်းထင်ကျော်က တစ်ဒေါ်လာတန်တစ်ရွက် ထုတ်ပေးလိုက်သောအခါ ဆလံအခါခါ ပေးပြီး ထွက်သွားသည်။

"တည်းခိုခန်းက တောင်ဘက်နားမှာ တစ်ခုပဲ ရှိတယ်လို့ ပြောသွားတာ"

"ဝေ နားလည်လား"

ဇင်မာဝေက ခေါင်းညိတ်ပြသည်။

ကားကို စက်နှိုးပြီး လမ်းအတိုင်းတောင်ဘက်သို့ မောင်းလာသည်။ လမ်းအဆုံးလောက်တွင် ဆေးအဖြူများ သုတ်ထားသော နှစ်ထပ်တိုက်အိမ်တစ်လုံးကို တွေ့ရသဖြင့် ထိုရှေ့တွင် ကားထိုးရပ်လိုက်သည်။ ထို့နောက် တံခါးကို သော့ခတ်ပိတ်ထားခဲ့ပြီး အထဲဝင်ခဲ့သည်။ ကောင်တာတွင် ကုလားကပြားတစ်ယောက် ထိုင်နေသည်။ ဇင်မာဝေက ကုလားဘာသာစကားဖြင့် အခန်းလိုချင်ကြောင်း ပြောသောအခါ ထိုသူက တအံ့တဩဖြစ်သွားပြီး. . .

"အခန်းကောင်းကောင်း ရှိပါတယ်ဗျ"





ဟု မြန်မာစကားဖြင့် ပြန်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် အံ့ဩသွားကြသည်။

"ရှင်က မြန်မာစကား ပြောတတ်သလား"

"ကျွန်တော် ကုလားလူမျိုးတစ်ယောက်ဖြစ်ပေမယ့် မြန်မာပြည်မှာ ကြီးတာပါ"

ထို့နောက် သူတို့နှစ်ယောက်ကို အပေါ်ထပ်ရှိ အိပ်ခန်းတစ်ခန်းသို့ လိုက်ပို့ပေးသည်။

အခန်းသည် သာမန်အဆင့်မျှသာရှိသည်။

အခန်းထဲတွင် နှစ်ယောက်အိပ်ကုတင်၊ မွေ့ရာ၊ ခေါင်းအုံးနှစ်လုံး၊ ခြင်ထောင်ကို အပေါ်မှ တင်ထားသည်။

"ရေချိုးခန်း အိမ်သာက အခန်းနောက်ဖက်မှာ၊ ရေချိုးခန်းထဲမှာ ရေနွေးကျိုပြီး ထည့်ပေးထားပါ့မယ်"

စာရေးက ဖော်ရွေစွာ ပြောသည်။

"ကဲ. . . မင်းရေချိုးနေတုန်း ကိုယ် ဘားကောင်တာကို သွားဆင်းလိုက်ဦးမယ်၊ အဲဒီမှာ သတင်းအစအနလေးဘာလေး ကြားချင်ရနိုင်တယ်"

"သွားလေ. . . မောင်ပြန်လာရင် ညစာစားဖို့ တစ်ခုခု ဘာ ဝယ်လာခဲ့ပေတော့. . . အောက်ဆင်းမစားချင်တော့ဘူး"

"အိုကေ"

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေ နဖူးလေးကို တစ်ချက်နမ်းပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အရက်ကောင်တာက ဘေးမှာ ကပ်လျက် ဖွင့်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆိုင်ထဲမှာတော့ လူများများစားစား မရှိလှပေ။

အများအားဖြင့်တော့ ကုလားလူမျိုး များပြီး တိုင်းရင်းသား အနည်းငယ်သာ တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော် အခန်းထောင့်စားပွဲတွင် ဝင်ထိုင်လိုက်တော့ ဆိုင်ရှင်က 'ဘာသောက်မလဲ ဆရာ' ဟု လာမေးသဖြင့် ဝီစကီနှင့် စားစရာအချို့ မှာလိုက်သည်။

လည်ချောင်းနှင့် ရင်ထဲမှာ ပူရှရှအရသာကို ခံစားလိုက်ရသဖြင့် အတန်ငယ် လန်းဆန်းတက်ကြွမှု ရှိလာသည်။

ဒူးယားတစ်လိပ်ကို မီးညှိဖွာလိုက်ပြီး ပတ်ဝန်းကျင်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တော့ သူ့စားပွဲနှင့် တစ်လုံးကျော်တွင် ဒေသထွက် ဝိုင်အရက်တစ်ပုလင်းထောင်၍ စည်းစိမ်ယူနေသော ကုလားကပြားတစ်ယောက်ကို သတိပြုမိသည်။

ဒေါက်တာမင်းထင်ကျော်က ကြည့်လိုက်သောအခါ ထိုသူကလည်း ပြန်ကြည့်၍ ပြုံးပြနှုတ်ဆက်သည်။

ထို့နောက် သူ့ပုလင်းကို ယူ၍ ဒေါက်တာမင်းထင်ကျော်စားပွဲသို့ ကူးလာသည်။ သူ့ကြည့်ရသည်မှာ ရေချိန်ကိုက်နေဟန်ရှိသည်။

"ခင်ဗျားက ဧည့်သည်ထင်တယ်၊ ဒီအရပ်ကတော့ ဟုတ်ဟန်မတူဘူး၊ ပြည်မဘက်က လာတာလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဒီအရပ်က ဘာမှ လည်စရာ ပတ်စရာ ပျော်စရာ မရှိဘူး၊ ခင်ဗျားတို့ အလည်လာတာတော့ ဟုတ်ဟန်မတူဘူး၊ ကျွန်





ခင်ဗျားတို့က အိုမီဂါစခန်းကို သွားကြမှာထင်တယ်"

ဒေါက်တာမင်းထင်ကျော်က ထိုသူကို မသိမသာ အကဲခတ်ကြည့်လိုက်တော့ သူက အရေးတကြီး စကားပြောနေဟန်တော့ဘဲ အရက်မူးမူးဖြင့် သာမန်အကြောင်းအရာတစ်ခုကို ပြောနေသည်နှင့် တူတော့သည်။

"ကျုပ်တို့က လီဒိုလမ်းမကြီးဘက် လျှောက်ကြည့်ရင်းဒီမှာ ခဏဝင်နားကြတာပါ"

"ဘာလဲ. . . ညားကာစ ဟန်းနီးမွန်း ထွက်လာတာလား"

"ဟုတ်တယ်ဗျ. . . ခင်ဗျားပြောတဲ့ အိုမီဂါစခန်းဆိုတာပျော်စရာကောင်းတဲ့နေရာလား၊ ခင်ဗျားရောက်ဖူးလား"

"အင်း. . . အိုမီဂါစခန်းက ပျော်စရာတော့ မကောင်းပါဘူး၊ ဆေးဝါးတွေ ဖော်စပ်ပြီး ဒီကလူတွေကို ဆေးကုပေးတဲ့နေရာတစ်ခုပါပဲ"

ဒေါက်တာမင်းထင်ကျော်က ဝီစကီပုလင်းကို ထိုသူဘက် ချပေးလိုက်သည်။

"ခင်ဗျားဝိုင်အရက်ပုလင်းကို ထားလိုက်ပါ၊ ဒီညတော့ ခင်ဗျားနဲ့ကျုပ်နဲ့ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ ဒီဝီစကီနဲ့ ဧည့်ခံပါရစေဗျာ"

ဒေါက်တာမင်းထင်ကျော်က ဝီစကီတစ်ခွက် ငှဲ့၍ပေးလိုက်ရာ ထိုသူက ယူ၍ အငမ်းမရ မော့သောက်လိုက်သည်။

"အား. . . ကောင်းလိုက်တဲ့အရသာဗျာ၊ ဒီလိုအရက်



www.burmeseclassic.com

www.burmeseclassic.com



မျိုး မသောက်ရတာ အတော်ကြာပါပြီ၊ မသောက်ရဆို ဒီလိုဈေး ကြီးတဲ့အရက်မျိုးကို ကျုပ်လိုလူ ဝင်ငွေနဲ့ ဘယ်လိုသောက်နိုင်မှာ တဲ့လဲဗျာ"

"ခင်ဗျားက ဘာလုပ်သလဲ"

"ကျုပ်က ဆံပင်ညှပ်ဆရာလေဗျာ၊ ဒီရွာမှာ တစ်ဦး တည်းရှိတဲ့ ဆံပင်ညှပ်ဆရာပေ့ါ၊ ခုနက ပြောတဲ့ အိုမီဂါစခန်းကို လည်း တစ်ပတ်တစ်ခါ သွားသွားပြီး ဆံပင်ညှပ်ပေးရတယ်ဗျ"

"အော်. . . ဟုတ်လား၊ ကဲ. . ကဲ. . သောက်ပါဦး"

ဒေါက်တာမင်းထင်ကျော်က အရက်တစ်ခွက် ထပ်ငှဲ့ ပေးရင်း စားစရာများကိုပါ ထိုသူဘက် ရွှေ့ပေးလိုက်သည်။

ထိုသူက အရက်သောက်လိုက် အမြည်းစားလိုက်နှင့် အတော်ရေချိန်ကိုက်လာပုံရသည်။

"ခင်ဗျား အဲဒီကို နေ့တိုင်းသွားရသလား"

"ဟင့်အင်း. . . နေ့တိုင်းတော့ မသွားရပါဘူး၊ တစ်ပတ် မှာ တစ်ရက်နှစ်ရက်လောက်တော့ သွားပါတယ်၊ အခုတစ်ပတ် ထဲမှာ တစ်ရက်မှ မသွားရသေးဘူး၊ မနက်ဖြန် သွားမယ်"

"အတော်ဝေးသလား. . . ဘယ်လိုသွားရသလဲ"

"ဒီကားလမ်းအတိုင်း သွားပြီး. . . ဟာ. . အဲဒါတော့ ပြောလို့မရဘူး၊ အဲဒီစခန်းက လူတွေက သူတို့စခန်းကို ပြောတာ ကြိုက်မှာ မဟုတ်ဘူး"

"အေးဗျာ. . . ဒါဆိုရင် မပြောပါနဲ့၊ ကျုပ်လည်း စိတ် မဝင်စားပါဘူး၊ ကဲ. . . ကျုပ်အခန်းပြန်တော့မယ်၊ သိပ်နောက်





ကျရင် အမျိုးသမီးက စိတ်ကောက်နေလိမ့်မယ်၊ အရက်ဖိုးတွေ ကျုပ်ရှင်းသွားလိုက်ပါ့မယ်"

"ဒီည ခင်ဗျားအတွက် ပျော်စရာကောင်းတဲ့ည ဖြစ်ပါ စေဗျာ"

ဒေါက်တာမင်းထင်ကျော်က အရက်ဖိုး ရှင်းပေးပြီး နောက် ညစာအတွက် စားသောက်စရာအချို့ဝယ်ပြီး အခန်းသို့ ပြန်တက်လာခဲ့သည်။

အခန်းထဲ ရောက်သောအခါ ဇင်မာဝေက ရေချိုးပြီးနေ ပြီ။

"ဆာနေပြီလား"

ဒေါက်တာမင်းထင်ကျော်က စားသောက်စရာများကို စားပွဲပေါ် တင်ပေးလိုက်သည်။

"မောင် ကြာလှချည်လား၊ အရက်တော့ သိပ်သောက်ခဲ့ ပုံ မရဘူး၊ အခြေအနေထူးလား"

"အင်း. . . ဝေ ဆာနေရော့မယ် စားလိုက်ဦး"

"မောင်ရော စားမှာမဟုတ်လား"

"ကိုယ်ကတော့ ထမင်းထက်ဝတဲ့ သတင်းတစ်ပုဒ် ရလာ လို့ ထမင်းတောင် မစားချင်တော့ပါဘူး"

ဇင်မာဝေ စိတ်ဝင်စားသွားဟန်ဖြင့် ဒေါက်တာမင်းထင် ကျော်အနီးသို့ ကပ်လာသည်။

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေ နှဖူးလေးကို ငုံ့ နမ်းလိုက်ပြီး ဆံပင်ညှပ်ဆရာအကြောင်း ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကြားရသောအခါ ဇင်မာဝေမျက်နှာလေး ဝင်းလဲ့တောက်ပလာသည်။

ထို့နောက် ညစာကို အလျင်အမြန် စားလိုက်ပြီးနောက် အစီအစဉ်များကို ပြောပြလိုက်သည်။

"ဟင်. . . ဒီလိုဆိုရင် ဝေက ဟိုအထိ မလိုက်ရဘူးပေါ့"

"မလိုက်နဲ့တော့. . . အန္တရာယ်သိပ်ကြီးတယ်၊

ဝေက ကိုယ့်ကို ကားလမ်းအထိလောက်ပဲ ကားနဲ့ လိုက်ပို့ပေး၊ ပြီးရင် ပြန်လာပြီး ဒီက ပြန်စောင့်နေ၊

(၂၄)နာရီကျော်လို့မှ ကိုယ်ပြန်မရောက်ရင် ဒီသတင်းတွေကို ကိုယ်ပြောထားတဲ့ အဆက်အသွယ်တွေဆီကို ဝေက ရောက်အောင် ပို့ပေးရမယ်၊

နှစ်ယောက်စလုံး အထဲကို သွားလို့မရဘူး၊ တစ်စုံတစ်ခု ဖြစ်ခဲ့ရင် တစ်ယောက်တော့ အပြင်မှာ ကျန်နေမှဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော်က ပြောရင်း အပေါ်အင်္ကျီကို ချွတ်လိုက်သည်။

ပတ်တီးစည်းထားသောနေရာများမှ သွေးများ စိမ့်ထွက်နေသည်။

ဇင်မာဝေက ဒဏ်ရာများကို ကြည့်ပြီး စိုးရိမ်သွားသည်။

"မောင့် ဒဏ်ရာတွေက လုံးဝမသက်သာသေးဘူး ခဏလောက် နားပြီးမှ သွားပါလား မောင်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြသည်။

"မဖြစ်ဘူး. . . အချိန်နဲ့အခွင့်အရေးဆိုတာ လူကို





စောင့်လေ့မရှိဘူး၊ အခွင့်အရေးကို မိအောင်ဖမ်းမယ်ဆိုရင် ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင် ကြိုးစားရမယ်"

ဒေါက်တာမင်းထင်ကျော် အင်္ကျီများ ချွတ်ပြီးသောအခါ ဇင်မာဝေက ဆေးနှင့်ပတ်တီးများ ယူလာသည်။

ထို့နောက် ဒဏ်ရာများကို ရေနွေးနှင့် ဆေးကြော၍ ဆေးထည့် ပတ်တီးစည်းပေးသည်။

ပြီးမှ ဓါးအိတ်နှင့် သေနတ်များကို သူ့နေရာနှင့်သူ စနစ်တကျ ပြန်ထည့်သည်။ အပေါ်မှ အင်္ကျီထပ်ဝတ်သည်။

"မောင်. . အခု သွားမှာလား"

"မနက်စောစော သွားမယ်လေ၊ ဒါမှ ကိုယ်ထွက်သွားတာကို လူမမြင်မှာ"

"ဒါဖြင့် ဒီညတော့ နားလိုက်ပါဦး"

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေကို ကုတင်ပေါ် အိပ်စေပြီး စောင်ခြုံပေးလိုက်သည်။

သူက ကုလားထိုင်ပေါ်တွင် ထိုင်ကာ မြေပုံစာရွက်ကို ထုတ်၍ စိတ်ထဲမှာ အလွတ်ရအောင် မှတ်သားနေသည်။


အပြင်မှာ ညဉ့်နက်လာသည်နှင့်အမျှ အမှောင်ထုက ဖုံးလွှမ်းလာသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# အန္တရာယ်တွင်းသို့ ဝင်ရောက်ခြင်း

ကျောက်တုံးကြီးများရှိရာ တောင်ကုန်းပေါ်မှ လှမ်းကြည့်လျှင် အိုမီဂါစခန်းကို လှမ်းမြင်နေရပြီ။

သံဆူးကြိုးများ၊

သံမဏိ ဝင်းထရံများဖြင့် အခိုင်အခန့် တည်ဆောက်ထားသည်။

သံတိုင်တစ်တိုင်နှင့်တစ်တိုင်ကြားတွင် ကြွေလုံးကလေးများ ခံထားခြင်းကို ကြည့်ရုံဖြင့် ဝင်းထရံများကို လျှပ်စစ်များ လွှတ်ထားကြောင်း သိသာနိုင်၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဂိတ်ပေါက်ဝတွင် စက်သေနတ်ကိုင် အစောင့်နှစ်ယောက် ရှိသည်။

အခြားနေရာများတွင်လည်း သေနတ်ကို အစောင့်များကို တွေ့ရသည်။

အချို့အစောင့်များက သံကြိုးတပ် စစ်ခွေးကြီးများကို ဆွဲ၍ ကင်းလှည့်နေကြသည်။

အဆောက်အအုံမှာ သုံးခုဖြစ်သည်။

တစ်ခုနှင့်တစ်ခု စင်္ကြံလမ်းများဖြင့် ဆက်ထားသည်။

ဂိတ်ပေါက်ဝအနီးတွင် ကုန်တင် ထရပ်ကားတစ်စီးနှင့် အဆောက်အအုံများအနီးတွင် အခြားကားကြီးများနှင့် ကားသေးများ ရပ်တန့်ထားသည်။

ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းကို ဇင်မာဝေအား ပေးလိုက်သည်။

"စခန်းကတော့ အတော့်ကို အခိုင်အခန့် တည်ဆောက်ထားတာပဲ၊ မြေလျှိုးမိုးပျံပြီး ဝင်မှ အထဲရောက်မယ့်ပုံပဲ"

ဇင်မာဝေက မှန်ပြောင်းဖြင့် ကြည့်သည်။

"အထဲရောက်သွားလို့ မိရင်လည်း သိပ်လွယ်မယ့်ပုံ မရှိဘူး၊ ဒီနေရာက သူတို့ရဲ့ အဓိက ကျတဲ့အချက်အချာ စခန်းတစ်ခုဆိုတာကတော့ သေချာသွားပြီ"

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောနေရာမှာ စခန်းနှင့် ကိုက်သုံးရာခန့် ဝေးသော တောင်ကုန်းပေါ်ရှိ ကျောက်တုံးကြီးတစ်တုံးနောက်ဖက်တွင်ရှိသည်။





ကားက တောင်စောင်းတစ်နေရာတွင် ရပ်ထားသည်။

ရွာဘက်မှ လာသောဖုန်နှင့် ကျောက်တုံးကျောက်ခဲများ ရောနေသည့်လမ်းက တောင်ကုန်းများကို ကွေ့ပတ်ပြီး စခန်းဆီသို့ ဦးတည်ဆင်းသွားသည်။

တိမ်ကင်းစင်သော ကောင်းကင်ပြင်ပေါ်ဝယ် လင်းတများ ပျံဝဲနေကြသည်။

"ဒါ လူသေတွေ ပစ်တဲ့နေရာကို လာတဲ့ လင်းတတွေဖြစ်ရမယ်၊ လင်းတဆိုတာမျိုးက အသေကောင်ရှိမှ လာတဲ့အမျိုးပဲ"

ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချသည်။

လင်းတများက မြေသို့ ဆင်းသွားလိုက် ပြန်တက်လိုက်နှင့် ရှိနေကြသည်။

"အိုမီဂါစခန်းက မိစ္ဆာပိုး စမ်းသပ်လို့ သေသွားတဲ့ အလောင်းတွေဖြစ်မလားဟင်"

"အင်း. . . ဖြစ်နိုင်ဖို့ အများကြီးရှိပါတယ်၊ ကဲ. . . ကားဆီ ပြန်သွားပြီး လမ်းကနေ ဆံပင်ညှပ်သမားကို သွားစောင့်ရမယ်"

ထိုသို့ပြောပြီး ထလိုက်စဉ်မှာပင် မလှမ်းမကမ်းတွင် တောင်ကုန်းပေါ်သို့ တက်လာသောလူ(၃)ယောက်ကို လှမ်းမြင်လိုက်ရသဖြင့် မှန်ပြောင်းကို မလှမ်းမကမ်းရှိ ချုံထဲ ပစ်သွင်းလိုက်ပြီး ဇင်မာဝေကို ဖက်ကာ မြေပေါ်သို့ ပြန်လှဲချလိုက်သည်။

"အို. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ငြိမ်ငြိမ်နေရန် မျက်ရိပ်ပြလိုက်ပြီး ဇင်မာဝေမျက်နှာပေါ်သို့ မျက်နှာချင်း အပ်ထားလိုက်သည်။

ကင်းလှည့်သမား(၃)ယောက်က သူတို့ကို တွေ့မြင်သွားပြီး ခပ်သုတ်သုတ် လျှောက်လာသည်။

သေနတ်များကိုလည်း အဆင်သင့် ကိုင်ထားလိုက်ကြသည်။

ဇင်မာဝေက မျက်စိမျက်နှာပျက်ချင်နေသည်။

"ဟန်မပျက်နဲ့. . . အသာနေ"

ဒေါက်တာမင်းထင်ကျော်က ပြောရင်း ဇင်မာဝေကို ဖက်၍ ငုံ့နမ်းလိုက်သည်။

ထိုအခိုက်မှာပင် သေနတ်သမားများ အနားရောက်လာသည်။

"ခင်ဗျားတို့ ဒီနေရာမှာ ဘာလာလုပ်နေကြတာလဲ"

ခေါင်းဆောင်လုပ်သူက ပစ္စတိုသေနတ်ဖြင့် ချိန်ကာ စကားသံ ခပ်ဝဲဝဲဖြင့် မေးသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှ ထကာ ပြုံးရွှင်သောမျက်နှာဖြင့်. . .

"ကျုပ်တို့က ချစ်သူချင်းတွေဗျ၊ ဒီနေရာမှာ လာပြီးချိန်းတွေ့ကြတာပါ. . . ဘာဖြစ်လို့လဲဟင်"

ဟု ခပ်ပေါ့ပေါ့ မေးလိုက်သည်။

"ဒီနေရာတဝိုက်ကို ဘယ်သူမှ မလာရဘူးဆိုတာ မသိ





ဘူးလား"

"မသိဘူးဗျ. . . ကျုပ်တို့က ပြည်မဘက်က လာကြတာဆိုတော့ ဒီအရပ်အကြောင်းတွေကို သိပ်မသိသေးဘူး"

"ခင်ဗျားတို့ ကိုယ့်သေတွင်း ကိုယ်ရှာတာပဲ၊ ဒီနေရာကို ဝင်လာမိတဲ့သူမှန်သမျှ အသက်ရှင်လျက်နဲ့ ပြန်ထွက်လို့မရဘူး"

"ဟင်. . ဟုတ်လား၊ ကျုပ်တို့က တကယ်မသိလို့ လာမိတာပါဗျာ၊ သိရင်တော့ ဘယ်လာပါ့မလဲ၊

ဒီလိုဆိုရင် သွားတော့မယ်ဗျာ"

ခေါင်းဆောင်လုပ်သူက ခေါင်းခါပြသည်။

"ကျုပ်ပြောသလို ဒီနေရာ ရောက်မိရင် ပြန်ထွက်လို့ရတော့ဘူး"

အခြေအနေက အကျဉ်းအကျပ် ဖြစ်သွားတော့သည်။

"တောင်းပန်ပါတယ်ဗျာ. . . ကျုပ်တို့က ဧည့်သည်တွေ တကယ်မသိလို့ လာမိတာပါ. . . ခွင့်လွှတ်ပါ"

"မရတော့ဘူး. . . ခင်ဗျားတို့ရဲ့မှတ်ပုံတင်တွေ ပါရင်ပြ"

"မှတ်ပုံတင်က တည်းခိုခန်းမှာ စာရင်းပေးတော့ ထားခဲ့တယ်. . . ပါမလာဘူးဗျ"

"ဒါဖြင့်လဲ အိတ်ထဲက ပါတာတွေကို ထုတ်ပြစမ်း"

မတတ်သာတော့။

ဒေါက်တာမင်းထင်ကျော်က အပေါ်အိတ်ထဲမှ ပိုက်ဆံအဝင် ပစ္စည်းအတော်များများကို ထုတ်၍ ရှေ့သို့ ချပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်တွင် လူသုံးယောက်၏မျက်လုံးများက ပစ္စည်းများပေါ်သို့ အာရုံရောက်သွားသည်။

လျှပ်တပြက် ရသော အခွင့်အရေးပါပဲ။

ထိုအခြေအနေတွင် အိတ်ထဲမှ လူဂါကို လျှပ်တပြက် ထုတ်၍ပစ်မည်ဆိုပါက အခွင့်အရေး ရနိုင်ပါသည်။

သို့သော်. . .

သေနတ်သံကို စခန်းမှ အစောင့်များ ကြားသွားပါက အခြေအနေမှာ သည်ထက်ဆိုးစရာရှိသည်။

ခေါင်းဆောင်လုပ်သူက ပိုက်ဆံအိတ်ကို ကောက်ယူပြီး ဖွင့်ကြည့်သည်။

အတွင်းမှ ဒေါ်လာများကို မြင်သောအခါ 'စိတ်ဝင်စားစရာပဲ' ဟု ဆိုကာ ပိုက်ဆံကို သူ့အိတ်ထဲသို့ ထည့်လိုက်သည်။

ပြီးမှ. . .

"ကျုပ်တို့နဲ့ လိုက်ခဲ့ပါ"

"ဘယ်. . ဘယ်ကိုလိုက်ရမှာလဲဗျ"

ဒေါက်တာမင်းထင်ကျော်က ကြောက်ကြောက်ရွံ့ရွံ့ အမူအယာဖြင့် မေးလိုက်ရာ ခေါင်းဆောင်က ဓါတ်ခွဲခန်းဘက်သို့ လက်ညှိုးထိုးပြလိုက်ပြီး. . .

"အဲဒီကလူတွေ ခင်ဗျားကို တွေ့ချင်တွေ့နိုင်တယ်၊ သူတို့က လူစိမ်းတွေဆို သိပ်ပြီးစိတ်ဝင်စားကြတယ်၊

ပေါ်အောင်လည်း စစ်တတ်ကြတယ်"





ဟု ပြောသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ စိမ့်ကနဲ ဖြစ်သွားသည်။

ဇင်မာဝေမျက်နှာလေးမှာလည်း ထိုစကားကြောင့် မျက်နှာအမူအယာ ပျက်သွားပြီး ဒေါက်တာမင်းထင်ကျော်အား တစ်ချက် မော့ကြည့်သည်။

"ခင်ဗျားက ကျုပ်တို့ကို ဖမ်းတာလား"

"ဒီသဘောပါပဲ"

"ကျုပ်က ဒီနယ်ကို လာတာ ကျုပ်ရဲ့မိတ်ဆွေ စပ်ရွှေဘုန်း ဖိတ်လို့ လာတာဗျ၊ သူသိရင်တော့ ခင်ဗျားတော့ လွယ်မှာ မဟုတ်ဘူး"

စပ်ရွှေဘုန်းအမည် ကြားလိုက်ရသောအခါ ခေါင်းဆောင်လုပ်သူမှာ တွန့်ကနဲဖြစ်သွားသည်။

သူက ဒေါက်တာမင်းထင်ကျော်မျက်နှာကို တစ်ချက် သုမ်းကြည့်သည်။

ပရိယာယ်မြားချက်တော့ ထိပြီ။

"အခု ဒီကိုလာတာ ကျုပ်တို့သဘောနဲ့ လာတာ မဟုတ်ဘူး၊ အဖော်နှစ်ယောက်တောင် ပါသေးတယ်၊ စပ်ရွှေဘုန်း ထည့်ပေးလိုက်တာလေ၊ သူတို့က တောင်အောက်မှာ ကျန်ခဲ့တယ်"

ထိုစကားကြောင့် ခေါင်းဆောင်လုပ်သူမှာ သူ့လူတစ်ယောက်ကို တောင်အောက်သို့ သွား၍ ထိုလူများကို ရှာခေါ်ခဲ့ရန်



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်သည်။

တစ်ယောက် ထွက်သွားသောအခါ အနားတွင် နှစ် ယောက်သာ ကျန်တော့သည်။

"ဘယ့်နှဲ့လဲ . . . ကျုပ်တို့ လိုက်ခဲ့ရဦးမှာလား"

"အင်း . . . လိုက်တော့ လိုက်ခဲ့ရမယ်၊ ဟိုလူတွေ ပါလာ လို့ ခင်ဗျားပြောတာ တကယ်ဟုတ်တယ်ဆိုရင် ပြန်လွှတ်ပေး မယ်"

စောစောကနှင့် မတူဘဲ လေသံက နည်းနည်းပျော့ သွားသည်။

"ဒါဖြင့်လည်း သွားကြတာပေါ့"

ဒေါက်တာမင်းထင်ကျော်က ဇင်မာဝေအား အချက် ပြီး ရှေ့မှ သွားရန် သေနတ်ကိုင်ထားသောရှေ့မှ ဖြတ်တ သည်။

နောက်မှ သေနတ်သမားနှင့် လူကွယ်သွားသောအခါ ရုတ်တရက် ကိုင်ထားသော သေနတ်ကို ပတ်ကန်သည်။

ရုတ်တရက်မို့ သေနတ်လွတ်ကျသွားသည်။

လျှပ်တပြက်ပါပဲ။

သေနတ်ကန်လိုက်သော ညာခြေပြန်အကျ ဘယ်ခြေ ထောက်က မြှောက်တက်လာပြီး သေနတ်သမား၏လည်မျို ပတ်ကန်ရာ ချက်ကောင်းထိ၍ 'အင့်' ကနဲ လန်ထွက်သွားသည်။

ထိုအခါ နောက်မှ သေနတ်သမားက သေနတ်နှင့် ပ ရန် သေနတ်မြှောက်လိုက်စဉ် ဘေးမှ ဇင်မာဝေက ရုတ်တရ





ကိုယ်လုံးနှင့် တိုက်ချလိုက်ရာ ဘေးသို့ ယိုင်၍ ဟန်ချက်ပျက်သွား သည်။

ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်လက်ထဲသို့ ါက်ဓါးတစ်ချောင်း လျှောကျလာပြီး ပြေးထွက်သွားသော သေနတ်သမား၏ရင်ဝသို့ စိုက်ဝင်သွားလေတော့သည်။

တအိအိ လဲကျသွားသော သေနတ်သမားထံမှသေနတ် ို ဇင်မာဝေက ကောက်ယူလိုက်သည်။

"နောက် . . နောက်မှာ"

ဇင်မာဝေအော်သံကြောင့် ဖျတ်ကနဲ လှည့်ကြည့်လိုက် ာ လဲကျနေသူ ခေါင်းဆောင်က ထလာပြီး ဒေါက်တာမင်းထင် ော်ကို ဝင်လုံးသည်။

သူက အားကောင်းသူဖြစ်သဖြင့် ဒေါက်တာမင်းထင် ော်ကို လည်ပင်းညှစ်ရန် ကြိုးစားသည်။

ဒေါက်တာမင်းထင်ကျော်က လက်ကြားထဲမှ ညာလက် သွင်း၍ မျက်နှာကို လက်သီးဖြင့် ဆတ်ကနဲ ဆောင့်ထိုးသည်။

နောက်လန်ကျသွားသည်။

ရိုက်ရန် လွှတ်ကျနေသော သေနတ်ကို ပြေးဆွဲစဉ် ာက်မှ ပြေးဝင်လာပြီး ဖမ်းချုပ်သည်။

နောက်ဖက်တွင် ကျောက်တုံးရှိသည်။

သူက တံတောင်ဖြင့် အရှိုက်ကို ဆောင့်သည်။

'အင့်' ကနဲ မြည်၍ လက်များက လျော့သွားစဉ် နောက် င် အရှိန်ဖြင့် တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးနှင့် ဦးခေါင်းထိသံ 'ခွပ်' ကနဲ မြည်သံ ကြား ရပြီးနောက်မှ သူ လျှောကျသွားသည်။

ဒေါက်တာမင်းထင်ကျော် ဖျတ်ကနဲ လှည့်၍ လက်ဖျံ မါးမြှောင်တစ်ချောင်းကို ထုတ်ပြီး ရင်ဝထိုးသွင်းလိုက်မှ မျက်ဖြ လန်ကာ ငြိမ်ကျသွားတော့သည်။

ဓါးမြှောင်ကို ပြန်နှုတ်ယူတော့ သွေးများ စီးကျလာ သည်။

ထိုသူ့အင်္ကျီဖြင့် သုတ်၍ အိတ်ထဲ ပြန်ထည့်သည်။

နောက်တစ်ယောက်ထံမှ ဓါးမြှောင်ကိုလည်း ပြန်နှုတ်ယူ သည်။

ဒေါက်တာမင်းထင်ကျော်က အလောင်းနှစ်လောင်းနှင့် သေနတ်များကိုပါ ကျောက်တုံးကြီးများနောက်သို့ ဆွဲသွင်းဝှက် ထားလိုက်သည်။

"ကိုယ့်နောက်က ကားကို ဖြည်းဖြည်းမောင်းလိုက်လာခဲ့ တော့"

ဟု ဆိုကာ တတိယအစောင့် ထွက်သွားရာသို့ ပြေး လိုက်သွားသည်။

တောစပ်ရောက်သောအခါ ထိုအစောင့် ပတ်ဝန်းကျင် ကို လိုက်လံကြည့်ရှုပြီး ဘာမှမတွေ့ရသဖြင့် စိတ်ပျက်လက်ပျက် ပြန်လျှောက်လာသည်။

ဒေါက်တာမင်းထင်ကျော်က လမ်းဘေးရှိ သစ်ပင်ကြီး တစ်ပင်ဘေးသို့ ပြေးကပ်နေလိုက်သည်။





သူ့ဘေးမှ ဖြတ်လျှောက်အသွားတွင် နောက်မှ ဖျတ် ကနဲ ထွက်၍ လည်ပင်းကို ဘယ်လက်နှင့် ရစ်ဖမ်းသည်။

ညာလက်မှဓါးဖြင့် နံကြားထဲသို့ စိုက်သွင်းလိုက်သည်။

သုံးယောက်စလုံး ကိစ္စပြတ်သွားသည်။

အလောင်းကို ချုံထဲ ဆွဲသွင်းထားလိုက်သည်။

မကြာမီ သူ့နောက်ကို ဇင်မာဝေ မောင်းလာသောကား ရောက်လာသည်။

"အခြေအနေ ကောင်းလား"

"ပွဲပြီးသွားပြီ . . . ကိုယ်ပြောတဲ့အတိုင်းသာ လုပ်ပေ တော့"

"ဘယ်လိုလုပ်ရမလဲဟင်"

"ကားကို ပြန်မောင်းသွားပြီး တည်းခိုခန်းက ပြန်စောင့် နေ၊ နောက်တစ်နေ့မှ ကိုယ်ပြန်ထွက်မလာနိုင်ရင် မိုင်းပွန်ကို ရောက်ပြန်ပြီး ကိုယ်ပြောထားတဲ့ အဆက်အသွယ်တွေကို သတင်းပေးလိုက်ပေတော့"

"ဝေပါ အထဲလိုက်ရင် ရမလား"

"အထဲမှာ တစ်ယောက်တည်း လှုပ်ရှားရင် ပိုပြီးလွတ် လပ်တယ်၊ နောက်ပြီး အရေးအကြောင်းရှိလာရင် နှစ်ယောက် လုံး ပိတ်မိနေတာမျိုး မဖြစ်သင့်ဘူး၊

ဒီတော့ ကိုယ်ပြောသလိုသာ လုပ်ကြပေတော့"

"ကောင်းပါပြီ"

ဇင်မာဝေက ကားပေါ် ပြန်တက်ခါနီးတွင် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်လည်ပင်းကို ဖက်ပြီးနမ်းသည်။

ထို့နောက် တားပေါ် ပြန်တက်လာပြီး နောက်ကြောင်း ပြန်လှည့်သွားလေတော့သည်။

သူမ မောင်းသွားသောကားလေးမှာ နေရောင်ခြည် အောက်ဝယ် ဖုန်တထောင်းထောင်းဖြင့် မကြာမီ မြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော် လမ်းဘေးရှိ အရိပ် ကွယ်ရသော ကျောက်တုံးကြီးတစ်တုံးဘေးတွင် ဝင်ကပ်၍ နား လိုက်သည်။

နေရောင်မြင့်လာသည်နှင့် အပူရှိန်က အတော်ပြင်းလာ သည်။

အဝေးဆီတွင် နေရောင်ခြည်ကြောင့် တံလျှပ်များ ထ နေသည်။

တိုင်းရင်းသားများနေသော တောင်တန်းများကို ဝေဝေ ဝါးဝါး လှမ်းမြင်ရသည်။

မြို့ပြနှင့် အလှမ်းဝေးလှပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောနေရာများဖြစ်သည်။

ထိုတောင်တန်းများကြားဝယ် နေကြသော တိုင်းရင်း သားအများစုမှာ တောင်ယာအလုပ်ဖြင့်သာ အသက်မွေးသူ များ ပြီး အများအားဖြင့် ဆင်းရဲသူများသာ နေထိုင်ကြသည်။

အသိဉာဏ်နိမ့်ပြီး ဗဟုသုတ နည်းပါးလှသောကြောင့် အိုမီဂါ စီမံကိန်းသို့ ဘယ်နှစ်ယောက် ရောက်ခဲ့ပြီး . .





ဘယ်နှစ်ယောက်များ ပိုးမွှားများ၏အစမ်းသပ်ခံဘဝ ရောက်ခဲ့ကြပြီလဲ။

ထိုထက်ဆိုးသည်က ဘယ်နှစ်ယောက်သေပြီး ဘယ်နှစ် ယောက်များ အကျဉ်းစံ အစမ်းခံနေရပြီလဲ။

ဒေါက်တာမင်းထင်ကျော် တွေးရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုအခိုက်မှာပင် အဝေးမှ မောင်းလာဟန်ရှိသော မော် တော်ကား အင်ဂျင်စက်သံတစ်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရ သဖြင့် မျှော်ကြည့်လိုက်ရာ လမ်းမပေါ်တွင် ဖုန်တထောင်း ထောင်း ထအောင် မောင်းလာသောကားတစ်စင်းကို လှမ်းမြင်ရ သည်။

အဝေးမှ မောင်းလာသောကားမှာ ကားဟူ၍သာ ဆိုရ လောက်အောင် ပုံပျက်ပန်းပျက်ဖြစ်နေသော ဂျစ်ကားအစုတ် တစ်စီးဖြစ်သည်။

ရှေ့တွင် ကားမောင်းသမားတစ်ယောက်ထဲသာ ပါ သည်။

မလှမ်းမကမ်း ရောက်လာတော့ ဒေါက်တာမင်းထင် ကျော် လမ်းမပေါ် ထွက်ရပ်လိုက်သည်။

ရုတ်တရက် ဒေါက်တာမင်းထင်ကျော်ကို မြင်လိုက်ရ သဖြင့် ကားဆရာက သူ့ကားကို စက်ရပ်၍ ဘရိတ်ဖမ်းလိုက် သော်လည်း တော်တော်နှင့် အရှိန်မသေဘဲ တအိအိ တက္ကို့တက္ကို့ ဖြင့် ရှေ့တိုးလာပြီး ဒေါက်တာမင်းထင်ကျော်ရှေ့ ရောက်မှ အရှိန်



www.burmeseclassic.com

www.burmeseclassic.com



သန့်သွားသည်။

တားဆံရာက ဒေါသတကြီး ကားပေါ်မှဆင်းလာသည်။

"ခင်ဗျားဘာလုပ်တာလဲ. . . လမ်းဖယ်ပေးပါ"

ဒေါက်တာမင်းထင်ကျော်က သူ့ရှေ့တွင် သွားရပ်လိုက်သည်။

"နေဦး. . . ခင်ဗျားကို ကျုပ် မြင်ဖူးတယ်ထင်တယ်၊ ဘယ်မှာ မြင်ဖူးပါလိမ့်. . အော်. . မှတ်မိပြီ၊ မှတ်မိပြီ၊ ကျုပ်ကို စားသောက်ဆိုင်မှာ အရက်ဒဏ်ခံသွားတဲ့လူကိုး၊ ခင်ဗျားက ဒီမှာ ဘာလာလုပ်နေတာလဲ"

တအံ့တဩ မေးသည်။

"ခင်ဗျားနဲ့ လိုက်ခဲ့မလို့ဗျ"

"ဘယ်ကိုလဲ"

"ဟိုစခန်းထဲကိုပေါ့"

ဆံပင်ညှပ်ဆရာ အလန့်တကြား ဖြစ်သည်။

"ဟာ. . မဖြစ်ဘူး. . မဖြစ်ဘူး၊ အဲဒီစခန်းထဲက ကျုပ်တစ်ယောက်ကလွဲပြီး ဘယ်သူမှ လူစိမ်းအဝင်ခံတာ မဟုတ်ဘူး၊ ခင်ဗျား ပါလာရင် သူတို့က ကြိုက်မှာမဟုတ်ဘူး၊ တော်ကြာ ကျုပ်ပါ အသတ်ခံနေရလိမ့်မယ်"

ဆံပင်ညှပ်သမားက အလန့်တကြား ငြင်းသည်။

"ခင်ဗျားမခေါ်လဲ ကျုပ်ကတော့ လိုက်ရမှာပဲ"

"ဟင်. . ဘယ်. . . ဘယ်လို"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ လူဂါသေနတ်





ကို ထုတ်၍ ထိုသူအား ချိန်ကာ ကားပေါ်မှ ဆင်းခိုင်းလိုက်သည်။

"ခင်ဗျားက ဓါးပြလား"

"ဟုတ်တယ်. . . ဓါးပြတိုက်နေတာပဲ"

"ခင်ဗျားတွက်ကိန်း မှားနေပြီဗျ၊ ကျုပ်ကို ဓါးပြတိုက်လို့ကတော့ ခြူးတစ်ပြားတောင် ရမှာမဟုတ်ဘူး၊ ကျုပ်စီးတဲ့ကားကလဲ မြေကြီးတောင် သယ်လို့မရတဲ့ ကားအစုတ်၊ ကားပေါ်မှာကလဲ ဆံပင်ညှပ်ပစ္စည်းတွေ ထည့်ထားတဲ့ အိတ်တစ်လုံးပဲ ပါတယ်"

"အဲဒါပဲ လိုချင်တာပါ. . ကဲ. . ကားပေါ်က ဆင်းပြီး ဟိုနားမှာ ခင်ဗျားအဝတ်အစားတွေ ချွတ်ပေတော့"

"ဘာ. . ဘာလုပ်ဖို့လဲ"

"စကားမရှည်နဲ့. . . အချိန်မရှိဘူး၊ မြန်မြန်လုပ်စမ်းပါ၊ မဟုတ်ရင် ကျုပ် ခင်ဗျားကို သေနတ်နဲ့ ပစ်ပြီး ယူရလိမ့်မယ်"

သည်တော့မှ ဆံပင်ညှပ်ဆရာက တွန့်ဆုတ်တွန့်ဆုတ်နှင့် သစ်ပင်နောက်ဖက် သွားကာ သူ့အဝတ်အစားများကို ချွတ်ပေးသည်။

မကြာမီ ဆံပင်ညှပ်ဆရာမှာ အောက်ခံအဝတ်နှင့် ကြိုးတုပ်၊ ပါးစပ်ကို အဝတ်စည်းခံရပြီး သစ်ပင်နောက်တွင် ငုတ်တုတ်ထိုင်နေသောဘဝသို့ ရောက်သွားသည်။

ဒေါက်တာမင်းထင်ကျော်က သူ့အင်္ကျီ၊ ဘောင်းဘီများကို ချွတ်၍ ဆံပင်ညှပ်သမား၏နံစော်နေသောအဝတ်အစားများကို လဲသည်။

မျက်နှာနှင့် လက်ခြေများကို ဖုန်များကို သုတ်ကာ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ညှပ်ဆရာ၏ဦးထုပ်နီကိုပါ ဆောင်းသည်။

သူ့ရှူးဖိနပ်ကို ချွတ်၍ ဆံပင်ညှပ်သမား၏ခြေညှပ်ဖိနပ်ကို ပြောင်းစီးသောအခါ ဒေါက်တာမင်းထင်ကျော်မှာ တမဟုတ်ချင်း ဆံပင်ညှပ်သမားဘ၀သို့ ရောက်သွားတော့သည်။

ဒေါက်တာမင်းထင်ကျော်က သူ၏ရှပ်အင်္ကျီ၊ အပေါ်အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်များကို ဆံပင်ညှပ်သမား၏အနီးတွင် ပစ်ချပေးလိုက်သည်။

အိတ်ထဲတွင် ဓါတ်ခွဲခန်းအတွင်း ဝင်ခွင့်ထွက်ခွင့် လက်မှတ်ကို တွေ့ရသည်။

ဒါက အရေးကြီးဆုံးဖြစ်သည်။

ထိုကတ်ပြားကို အိတ်ထဲ ပြန်ထည့်သည်။

မိမိလက်သုံးတော်ဓါးများနှင့် လူဂါသေနတ်ကို အသေအချာ စစ်ဆေးသည်။

ပြီးလျှင် ဖွတ်ချက်ကားပေါ် တက်၍ မောင်းထွက်လာခဲ့သည်။

ဂိတ်ပေါက်ဝသို့အရောက်တွင် တာဝန်ကျ အစောင့်နှစ်ယောက်ထံသို့ ခွေးဆွဲထားသော အစောင့်နှစ်ယောက်ပါ ရောက်လာသည်။

အစောင့်တစ်ယောက်က ခွေးကိုင်ထားသော အစောင့်များနှင့် သွား၍စကားပြောနေသည်။

လာနေကျကားဖြစ်သောကြောင့် အစောင့်များက ဂရုတစိုက် စစ်ဆေးခြင်း မရှိကြပေ။





အစောင့်တစ်ယောက်က ကားအနီးသို့ လျှောက်လာသည်။

အနီးရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ပြုံးပြ၍ နှုတ်ဆက်ပြီး ဝင်ခွင့်ထွက်ခွင့်လက်မှတ်ကို ကမ်းပေးလိုက်သည်။

အစောင့်က လက်မှတ်ကို ယူသော်လည်း ဒေါက်တာမင်းထင်ကျော် မျက်နှာကို လှမ်းကြည့်နေသည်။

"ခင်ဗျားက လာနေကျ ဆံပင်ညှပ်သမား မဟုတ်ပါလား"

"ဟုတ်ပါတယ်. . . သူ မနက်ကပဲ နေမကောင်းဖြစ်နေလို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ။ ကျွန်တော်က သူ့ရဲ့တပည့်ပါ၊ သူ့လိုပဲ ကျွမ်းကျွမ်းကျင်ကျင် ဆံပင်ညှပ်တက်ပါတယ်"

အစောင့်က ဝင်ခွင့်ထွက်ခွင့်ကဒ်ကို ကြည့်ရင်း တတွတ်တွတ် ပြောဆိုနေသည်။

"ဒီလူ အလုပ်ကို အင်မတန် ပေါ့တဲ့လူပဲ၊ သူ ဘာဖြစ်တာလဲ"

လေသံမာမာဖြင့် မေးသည်။

"ညက သောက်တာ များသွားလို့ပါ"

ထိုအဖြေကြောင့် အစောင့်က သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"အင်း. . အရက်နဲ့ တွေ့တာနဲ့ ကျန်တာကို မစဉ်းစားတော့ဘူး ထင်ပါတယ်၊ ကဲ. . ကဲ. . ဝင်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ဒေါက်တာမင်းထင်ကျော် ရင်ထဲမှ အလုံးကြီး ကျသွားတော့သည်။

ကားကို ဂီယာပြန်ထိုးပြီး ခပ်ဖြည်းဖြည်း မောင်းဝင်လာသည်။

လမ်း၌ တွေ့သမျှ လူများကို ခေါင်းညိတ်နှုတ်ဆက်ရင်း ဓါတ်ခွဲခန်း သုတေသန စခန်းအတွင်းသို့ ရောက်လာခဲ့သည်။







# အခန်း(၁၂)

# ဒေါက်တာဇီဝနှင့် အန္တရာယ်တွန်ရက်

အဆောက်အဦးရှေ့ဘက် ကားများ ရပ်ထားရာနေရာတွင် ကားကို ကွေ့ပြီး ထိုးရပ်လိုက်သည်။

ဆံပင်ညှပ်သမားတုန်းကတော့ ဘယ်နေရာကားရပ်၍ ဘယ်အရာကို အရင်လုပ်သည် မသိပေ။

အရေးကြီးတာက သည်ဝန်းထဲတွင် သူ့ကို တစ်စုံတစ်ယောက်က သံသယ မဖြစ်စေဖို့ သတိမပြုမိဖို့ အရေးကြီးသည်။

ကားရပ်ပြီးသည့်တိုင် အနှောင့်အယှက် တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသဖြင့် ကားပေါ်မှ တံခါးဖွင့်ဆင်းသည်။

နောက်ဖက်တွင် အိတ်တစ်လုံး တွေ့ရသဖြင့် ဖွင့်ကြည့်လိုက်သောအခါ ခေါင်းညှပ်ကိရိယာများ တွေ့ရသည်။

သူ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တော့ လူအတော်များများကို တွေ့ရသော်လည်း သူ့အလုပ်နှင့်သူ ရှုပ်နေသောကြောင့် သူ့ကို ဘယ်သူကမှ ဂရုတစိုက် မကြည့်အားကြပေ။

မလှမ်းမကမ်း ထောင့်တစ်နေရာတွင် စက်သေနတ်လွယ်ထားသော အစောင့်နှစ်ယောက် စီးကရက်သောက်ရင်း စကားပြောနေကြသည်။

ဂျူတီကုတ်အဖြူဝတ် ပညာရှင်တစ်ယောက်က ဖိုင်တွဲတစ်တွဲကို ချိုင်းကြားညှပ်ကာ သူ့အနီးမှ ဖြတ်လျှောက်လာသောကြောင့် တစ်ဖက်သို့ မျက်နှာလွှဲထားလိုက်ရသည်။

အဆောင်၏ရှေ့ဝင်ပေါက်တံခါးဝ ဖွင့်ထားသည်။

အတွင်းဘက်မှာ အစောင့်တစ်ယောက် ထိုင်နေသည်။

အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူမျိုးကွဲတစ်ယောက်ဖြစ်သည်။ ဝတ်စုံအပြည့်ဝတ်ဆင်ပြီး မျက်မှန်တပ်ထားသူ ဖြစ်သည်။

သူဝင်သွားတော့ မျက်မှန်နှင့်အစောင့်က မော့ကြည့်သည်။

"လက်မှတ်ပြပါ"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ ဝင်ခွင့်ကတ်ပြား





ကို ထုတ်ပေးလိုက်သည်။

"ဒီနေ့ ဆံပင်ညှပ်ဖို့ သူ့ကိုယ်စား လာတာပါ"

မျက်မှန်နှင့်လူက လက်မှတ်ကိုတလှည့် သူ့ကိုတလှည့် စိုက်ကြည့်နေသည်။

"ဒီလက်မှတ်ကို ဘယ်သူ့ကိုမှ မလွှဲပေးရဘူးလို့ သူ့ကို အသေအချာ မှာထားတာပဲ"

"သူက ဒီလက်မှတ်ပြရင် ဝင်လို့ရတယ်ဆိုလို့ လာခဲ့တာပါ၊ မရရင်လည်း ပြန်သွားပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က ခပ်တည်တည်နှင့် ပြောလိုက်သည်။

အစောင့်က သက်ပြင်းချကာ ဝင်ခွင့်ကတ်ကို ပြန်ကြည့်နေသည်။

"ဒီတစ်ပတ်တော့ ရှိစေတော့၊ နောက်တစ်ပတ် ဆံပင်ညှပ်ခန်းထဲ မဝင်ခင် ကျွန်တော်နဲ့ အရင်လာတွေ့ဖို့ သူ့ကို ပြောလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

"ဒီစခန်းထဲမှာ စည်းကမ်းသိပ်ကြီးတယ်၊ ဝင်ရတဲ့အခန်း၊ မဝင်ရတဲ့အခန်းတွေ၊ အသွားရတဲ့နေရာတွေ၊ သွားရတဲ့နေရာတွေ အများကြီးရှိတယ်၊

တစ်ခုခု မှားရင် မလွယ်ဘူး"

"ဟုတ်. . ဟုတ်ကဲ့ပါ"

ဝင်ခွင့်ကတ်ပြားပေါ်မှာ လက်မှတ်ထိုးပြီး သူ့ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

အစောင့်က လက်မှတ်ထိုးပြီးသောအခါ အထဲဝင်နိုင်ပြီ ဖြစ်ကြောင်း ခေါင်းဆတ်ပြသည်။

သူက ကျေးဇူးတင်ကြောင်းပြောပြီး စင်္ကြံလမ်းအတိုင်း အတွင်းဘက်သို့ လျှောက်လာသည်။

အတွင်းဘက်တွင် မီးရောင်များကြောင့် ထိန်လင်းလျက် ရှိသည်။

နံရံများကို ဆေးအဖြူများ သုတ်ထားသောကြောင့် အလင်းရောင်မှာ ပိုမိုတောက်ပလျက်ရှိသည်။

ဆံပင်ညှပ်အခန်း ဘယ်နေရာမှာ ရှိသည်ကို သူ မသိပေ။

စင်္ကြံလမ်းဆုံးသောအခါ တံခါးကိုဖြတ်ကာ အဆောက်အအုံ အနောက်ဖက်အခြမ်းသို့ ဝင်သည်။

မျက်နှာချင်းဆိုင်မှ လျှောက်လာကြသူများကလည်း သူ့ကို ဂရုမစိုက်ကြပေ။ သူ့အလုပ်နှင့်သူ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်။

အချို့နေရာများတွင် မှန်တံခါးများ တပ်ဆင်ထားသဖြင့် အတွင်းဘက်တွင် စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသော ဝန်ထမ်းအလုပ်သမားများကို တွေ့ရသည်။

အခန်းတစ်ခန်းထဲတွင် ကွန်ပျူတာစက်ခလုတ်ခုံတစ်ခုကို တွေ့ရသည်။

ပညာရှင်တော်တော်များများမှာ စက်ခလုတ်ခုံအနီးတွင်





အလုပ်လုပ်နေကြသည်။

တံခါးပေါက်တစ်ခုကို ဖြတ်အထွက်တွင် အဆောက်အအုံ၏ပင်မအဆောက်အအုံခန်းမကြီးထဲသို့ ရောက်သွားသည်။

ထိုတံခါးများ၏အပေါ်ဝယ် အင်္ဂလိပ်-မြန်မာ-ယိုးဒယားဘာသာစကားဖြင့် (အခွင့်ရှိသူများသာ)ဟု အဓိပ္ပါယ်ရသော စာတမ်းများ ချိတ်ဆွဲထားသည်။

သေချာပြီ . . .။

ဤနေရာများတွင် ဤစခန်း၏အရေးပါ အရာရောက်သော ဒေါက်တာဇီဝနှင့် ဒေါက်တာထိုက်ဖံတို့၏အလုပ်ခန်းများ ရှိမှာ သေချာပြီ။

တံခါးတစ်ခုရှေ့မှ ဖြတ်ကျော်ပြီး အခန်းဝမှ ထွက်လိုက်သောအခါ ရင်ဘတ်တွင် တံဆိပ်ဝါတစ်ခု ချိတ်ထားသော ဂျူတီကုတ်အဖြူဝတ် ပုဂ္ဂိုလ်တစ်ဦးနှင့် ဝင်တိုက်လုမတတ် ဖြစ်သွားသည်။

ထိုသူက အရပ်မြင့်သော်လည်း ပိန်ပိန်သွယ်သွယ်ဖြစ်သည်။

သူက ဒေါက်တာမင်းထင်ကျော်၏ပုံပန်းသဏ္ဌာန်ကို ရုတ်တရက် တွေ့လိုက်ရသောအခါ တအံ့တသြ ဖြစ်သွားပုံရသည်။

"ခင်ဗျားဘယ်သူလဲ"

ဟု အင်္ဂလိပ်ဘာသာစကားဖြင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆံပင်ညှပ်ဆရာပါ"

သူကလည်း အင်္ဂလိပ်ဘာသာစကားဖြင့် ပြန်ပြော သည်။

"ဆံပင်ညှပ်ဆရာ ဟုတ်လား၊ ဒီအဆောင်မှာ ဘာလာ လုပ်နေတာလဲ၊ ဒီမှာ ခင်ဗျား အလုပ်ဘာရှိလို့လဲ"

"ဒါက အဆောင်လား ဆရာ"

"ဒါက သီးသန့်အဆောင်၊ ဆံပင်ညှပ်အခန်းက ဟိုး နောက်ဖက်က အဆောင်မှာ အရှေ့ရဲ့၊ ဒါတောင် မသိဘူးလား"

တစ်ဖက်သို့ လက်ညှိုးထိုးပြပြီး ပြန်လှည့်လာသောအခါ သူ့လည်မျိုပေါ်သို့ လက်ဝါးစောင်းတစ်ချက်က ပြင်းထန်စွာ ကျ ရောက်သွားတော့သည်။

"ဒုတ်. ."

အင့်ကနဲ တစ်ချက်ညည်းနိုင်ပြီး နေရာတွင် ခွေကျသွား သည်။

လဲနေသူကို တံခါးဝသို့ ဆွဲရွှေ့သည်။

တံခါးကို လှည့်ဖွင့်ကြည့်သည်။

သော့ချထားသဖြင့် ဖွင့်မရပေ။

ထိုအခိုက် မလှမ်းမကမ်းမှ တံခါးတစ်ချပ်ပွင့်လာပြီး ဂျူတီကုတ်နှင့် လူတစ်ယောက် ထွက်လာသည်။

သူတို့ဘက် မကြည့်ဘဲ တစ်ဖက်သို့ လှည့်လျှောက်သွား သည်။

အတော်ဝေးသွားတော့မှ အိတ်ထဲမှ မာစတာကီးကို





တ်၍ တံခါးဖွင့်သည်။

တံခါးပွင့်သွားသောအခါ တွန်းဖွင့်ပြီး လဲနေသူကို ခန်းထဲ ဆွဲသွင်းပြီး တံခါးပြန်ပိတ်သည်။

ထို့နောက် မီးဖွင့်လိုက်သောအခါ အခန်းထဲမှာ လင်း ားသည်။

ဒေါက်တာမင်းထင်ကျော် သူ့ကိုယ်ပေါ်မှ အဝတ်အစား ို ချွတ်သည်။

ကြွေဇလုံတွင် ရေဖြင့် တစ်ကိုယ်လုံးကို ဆေးကြော န့်စင်ပစ်သည်။

ပြီးလျှင် မေ့နေသူထံမှ ဘောင်းဘီ၊ ဂျူတီကုတ်၊ နက်ခ် ိင်၊ အတွင်းအကျီတို့ကို ချွတ်ယူပြီး လဲဝတ်သည်။

ရင်ဘတ်တွင် တံဆိပ်တပ်သည်။

လူဂါပစ္စတိုကို အသံတိပ်ကိရိယာ တပ်ပြီး သူ့နေရာတွင် ှသားတကျ ထားသည်။

ခါးမြှောင်အိတ်ကိုလည်း လက်ဖျံတွင် စည်းလိုက်သည်။

အားလုံးပြီးသောအခါ မေ့နေသူကို ကြိုးဖြင့် တုပ်၍ းစပ်အဝတ်စည်းကာ အခန်းထောင့်တွင် ထည့်ထားသည်။

သူဝတ်ခဲ့သော အဝတ်အစားအဟောင်းတွေကိုအဝတ် င်းထဲ ထည့်ပြီး အခြေအနေကြည့်ပြီး အခန်းအပြင်ဘက်သို့ ွက်ခဲ့သည်။

ယခုအထိတော့ သူ့အတွက် အခြေအနေ ကောင်းနေ ည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထိုးတံဆိပ်ပေါ်တွင် ဒေါက်တာဟိန်းဇာ အဆော
(၁) ဟူသောစာတန်းကို အင်္ဂလိပ်လို ထိုးထားသည်။

သူအပြင်ထွက်လာတော့ စင်္ကြံလမ်းပေါ်တွင် ဖိုင်တွဲပို
လျှောက်လာသော အမျိုးသမီးတစ်ဦးနှင့် ဆုံသည်။

အမျိုးသမီးက သူ့ကို 'ဟဲလို' ဟု နှုတ်ဆက်ပြီး ကျေ
သွားပြီးတော့မှ ဇဝေဇဝါဖြင့် တစ်ချက်ပြန်ကြည့်သည်။

သူက အမျိုးသမီးကို လုံးဝဂရုမစိုက်တော့ဘဲ စင်္ကြံလမ်
အတိုင်း ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

စင်္ကြံအဆုံးရှိ တံခါးပေါက် ရောက်သောအခါ အတွင်
သို့ ဝင်လိုက်သည်။

သူဝင်သွားသောအခန်းမှာ လူနာများ ထားသောအခန်
ဖြစ်သည်။

ကုတင်များပေါ်ဝယ် လူမျိုးပေါင်းစုံ လူနာအများအပြား
ကို တွေ့ရလေသည်။

လူနာအားလုံးမှာ ဆေးဝါးကုသမှု မခံရသဖြင့် အတော်
ကို နေထိုင်မကောင်းဖြစ်နေပုံရသည်။

မင်းလမ်းမကြီးပေါ်တွင် အနီအဖြူ ဝတ်ထားသော
နာ့စ်မတစ်ဦးက လူနာတစ်ဦးကို ဆေးထိုးပေးနေသည်ကို လှမ်း
မြင်ရသည်။

သူနာပြုမလေးက သူ့ကို မြင်သောအခါ ခေါင်းညိတ်
အသိအမှတ်ပြုပြီး သူ့အလုပ်သူ ဆက်လုပ်နေသည်။

သူကလည်း ခေါင်းညိတ်ပြပြီး စင်္ကြံလမ်းအတိုင်း ဆက်





က်ခဲ့သည်။

အတွင်းပိုင်းရောက်သောအခါ ကြမ်းပြင်ပေါ်တွင် လူနာ
း‌စွာကို နောက်ထပ်တွေ့ရသည်။

လူနာများမှာ ဆေးကုသမှု မခံရဘဲ ညစ်ပတ်ပေရေစွာ
ဖြစ်ထားခြင်း ခံရသဖြင့် ပိန်လှီခြောက်သွေ့ကာ ရောဂါ
သည်းအသန် ခံစားနေကြရသည်။

အချို့ဆိုလျှင် အနာများက ဟောင်းလောင်းပေါက်ကြီး
ဖြစ်ကာ သွေးပြည်တရွှဲရွှဲဖြစ်နေသည်။

ကယ်ပါယူပါဟု အော်ဟစ်ညည်းညူသံများဖြင့် လော
ငရဲတိုက်သဖွယ်ဖြစ်နေတော့သည်။

သူ အနီးမှ ဖြတ်လျှောက်သွားသောအခါ 'အစာပေးပါ'
ဆေးပေးပါ' ဟု ကယ်ပါယူပါ တစာစာ အော်ဟစ်နေကြတော့
ည်။

အရိုးပေါ် အရေတင်နေသော လူနာတစ်ယောက်မှာ
တင်ပေါ်ဝယ် ပက်လက်ကလေးရှိနေသည်။

သူ့မျက်လုံးများမှာ အကြောင်သားဖြစ်ကာ အသက်ကို
တ်လိုက်ဖုတ်လိုက် ရှူနေသည်။

သေမည့်အချိန်ကို စောင့်နေပုံရသည်။

မျက်နှာတစ်ခုလုံး ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစား
နရဟန်ဖြင့် ရှုံ့တွနေသည်။

အခန်းတစ်ခုလုံးမှာလည်း ညစ်ပတ်နံစော်လျက် ရှိ
ည်။



www.burmeseclassic.com

www.burmeseclassic.com



ဧင်းအခန်းထဲရှိ လူနာအားလုံးတို့မှာ အိုမီဂါမိစ္ဆာပိုး
အစမ်းသပ်ခံ သားကောင်များဖြစ်ခဲ့ကြဟန်ရှိသည်။

ဧင်းတို့၏အသွေးအသားများကို မိစ္ဆာပိုးများက ဝါး
စားသောက်ခဲ့ကြပေပြီ။

ဒေါက်တာမင်းထင်ကျော် မျက်စိထဲတွင် မြို့ကြီးတစ်
သို့ အိုမီဂါ ရောဂါပိုးများ ကူးစက်ပျံ့နှံ့သွားပြီးနောက် ရက်ပိုင်
အတွင်းမှာ လူများစွာတို့ ရောဂါဖြစ်ကြပြီး မကြာမီ တစ်ယော
ပြီးတစ်ယောက် လဲကျသေဆုံးပုံများကို မြင်ယောင်နေမိတေ
သည်။

နားထဲမှာ 'ကယ်ပါ. . ယူပါ. . အစာပေးပါ. . ဆေ
ပေးပါ' ဟူသော ကြေကွဲဖွယ်အော်သံများကို ကြားယောင်နေ
တော့သည်။

မကြာမီ တစ်မြို့လုံး နေရာတိုင်းမှာ အလောင်းချ
ထပ်သွားပြီး ဆေးကုမည့်သူမရှိ၊ အလောင်းကောင်များ
သင်္ဂြိုဟ်ပေးမည့်သူ မရှိတော့ဘဲ တစ်မြို့လုံးလင်းတများ ပျံဝဲ
သည်များကို မြင်ယောင်နေမိတော့သည်။

"ဘာများ အကူအညီပေးရဦးမလဲ"

ရုတ်တရက် အမေးခံလိုက်ရသဖြင့် လှည့်ကြည့်လိုက်
သောအခါ သူ့ဘေးနားမှာ ယောကျ်ားသူနာပြုတစ်ယောက် ရ
နေသည်ကို တွေ့ရသည်။

ထိုသူက သူ့ရင်ဘတ်မှ တံဆိပ်ကို တစ်ချက်လှမ်းကြ
သည်။





"ခုမနက် တိုးတက်မှုအခြေအနေ ဘယ်လိုရှိသလဲ"

"တတိယအဆင့် အခြေအနေကို တော်တော်များများ
တွေ့ရပါပြီ၊ ရောဂါလက္ခဏာတွေကလဲ ထင်ရှားပါတယ်၊ နောက်
ဆုံး အဆင့်ရောက်ဖို့ အပြီးသတ်ဖို့ လေးငါးရက်လောက်ပဲ လိုပါ
တော့တယ်"

ထိုသူမှာ လုပ်ငန်းရည်ရွယ်ချက်နှင့် လုပ်ငန်းအခြေ
အနေအားလုံးကို သိထားသော အတွင်းလူ ဖြစ်ဟန်ရှိသည်။

သူက မလှမ်းမကမ်းရှိ ကုတင်ပေါ်မှ အလောင်းတစ်
လောင်းကို လက်ညှိုးထိုးကာ. . .

"ဒါက ဘယ်လိုအခြေအနေလဲ"

ထိုသူက ဇဝေဇဝါဖြင့် သူ့ရင်ဘတ်မှ တံဆိပ်ကို ကြည့်
ပြန်သည်။

"ဒီလူနာက မနေ့က ဒေါက်တာ စမ်းသပ်ရင်း သေသွား
တဲ့လူနာပါ။ ဒေါက်တာက ဘယ်သူလဲ၊

ခင်ဗျားက ဘာဖြစ်လို့ ဒေါက်တာဟိန်းဇာရဲ့ဂျူတီကုတ်
ကို ဝတ်ထားရတာလဲ"

ဟု မေးလိုက်သည်။

ထိုမေးသံကြောင့် အခြေအနေ တစ်မျိုးပြောင်းသွား
သည်။

"အော်. . . အေးဗျာ၊ သူ့ဂျူတီကုတ် ခဏဝတ်လာတာ
တံဆိပ်ဖြုတ်ထားခဲ့ဖို့ မေ့သွားတယ်"

"ခင်ဗျားက ဒီမှာ လူသစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ဒေါက်တာဇီဝ ခေါ်လို့ ပြီးခဲ့တဲ့ အပတ်ကမှ ရောက်လာတာပါ"

ဒေါက်တာမင်းထင်ကျော်က ခပ်တည်တည်ပင် ပြော လိုက်သည်။

ဒေါက်တာမင်းထင်ကျော် စကားကို ထိုသူက ယုံကြည်ပုံ မရပေ။

သူထွက်သွားသည်နှင့် အင်တာကွန်းမှတဆင့် အချက် အလက်များကို မေးမြန်းပြောဆိုမှာ သေချာနေပြီ။

ဒေါက်တာမင်းထင်ကျော် အပြင်ဘက်သို့ ထွက်ရန် သူ့ ဘေးမှ ဖြတ်လျှောက်လာစဉ် သူ့လက်ထဲသို့ ဓါးတစ်လက်က လျှောကနဲ ဆင်းလာသည်။

အနီးရောက်သည်နှင့် လူချင်းပူး၍ နံကြားသို့ ထိုးသွင်း လိုက်သည်။

ထိုသူမှာ မယုံကြည်သောမျက်နှာဖြင့် မချိမဆန့် ညည်း တွားကာ တအိအိ လျှောကျသွားသည်။

ဒေါက်တာမင်းထင်ကျော် အလောင်းကို ပွေ့ပြီး ကုတင် လွတ်တစ်လုံးပေါ် တင်သည်။ ဓါးမြှောင်ကို ပြန်နှုတ်ပြီး စောင် တစ်ထည်ဖြင့် လွှမ်းခြုံပေးလိုက်သည်။

အနီးဝန်းကျင်မှ အခြားလူနာများက မျက်လုံးအပြူး သားကလေးများဖြင့် ကြည့်နေကြသော်လည်း လှုံ့ဝမလှုပ်ရှားနိုင် ကြပေ။

သူ လူနာဆောင်အတွင်းမှ အမြန်ဆုံး ထွက်ခဲ့သည်။





စင်္ကြံအဆုံးတွင် ပိတ်ထားသော တံခါးတစ်ခုရှိသည်။ ဆိုင်းဘုတ်တစ်ချပ်လည်း ချိတ်ဆွဲထားသည်။

'ညွှန်ကြားရေးမှူး'

'မည်သူမှ ဝင်ခွင့်မပြု'

ဓါတ်ခွဲခန်း၏ အဆင့်(၁)တာဝန်ခံ ဒေါက်တာထိုက်ဇံ၏ အခန်းဖြစ်နိုင်သည်။

သူ အခန်းဝတွင် ခေတ္တရပ်၍စဉ်းစားသည်။

ဒေါက်တာဇီဝကို ရှာ၍ ၎င်းနှင့် ၎င်းရှာဖွေတွေ့ထား သော ဖော်မြူလာကို ရှင်းလင်းသုတ်သင်မှုဖြစ်မည်။

မဟုတ်လျှင် အားလုံးအတွက် ရင်လေးစရာကောင်း သော အန္တရာယ်ဆိုးကြီးနှင့် မုချရင်ဆိုင်ရပေတော့မည်။

ဒေါက်တာဇီဝနှင့် အိုမီဂါပိုးဖော်မြူလာကို မတွေ့ဘဲ လက်လျှော့ပြန်လို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်ပေ။

ဒေါက်တာဇီဝကို တွေ့နိုင်ဖို့ရာ လက်တစ်ကမ်းမျှသာ လိုတော့သည်။

အကယ်၍ ဒေါက်တာထိုက်ဇံကို တွေ့ရင်လည်း ဒေါက် တာဇီဝကို တွေ့နိုင်ဖို့ရန် ခဲယဉ်းမည် မဟုတ်ပေ။

ဆုံးဖြတ်ချက် ချပြီး တံခါးကို ဖွင့်၍ အတွင်းသို့ ဝင်လိုက် သည်။

ဧည့်ကြိုခန်းသို့ ရောက်သွားသည်။

အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီး တစ် ယောက်က စားပွဲမှာ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးအတွင်းဘက်တွင် လူကောင်ထွားကျိုင်းလှသော အစောင့်တစ်ဦးရှိသည်။ မျက်နှာမှာ တင်းမာလွန်းသဖြင့် အကြည့်ရဆိုးလှသည်။

နောက်ဖက်မှာ ပိတ်ထားသော ရုံးခန်းတစ်ခန်းရှိသည်။

အတွင်းမှ စကားပြောသံအချို့ကို မသဲမကွဲ ကြားရသည်။

သူဝင်သွားတော့ အစောင့်က ရင်ဘတ်မှ တံဆိပ်ကို လှမ်းကြည့်သည်။

အမျိုးသမီးက သူ့ရှေ့မှ မှတ်တမ်းစာအုပ်တွင် ရေးသွင်းရန် ပြင်သည်။

"ဗိုင်းရပ်ပိုးနဲ့ ပတ်သက်ပြီး အချက်တစ်ချက် မှားနေတာကို ကွန်ပျူတာမှာ တွေ့ရပါတယ်၊ ဒီကိစ္စမျိုးဆိုရင် သူနဲ့ တိုက်ရိုက်တွေ့ရမယ်လို့ မှာထားလို့ပါ"

"အော် . . . ကောင်းပါပြီ"

သူမက နာရီကို ကြည့်ပြီး ဆက်ပြောသည်။

"နောက်နာရီဝက်လောက်ဆိုရင် ဒေါက်တာထိုက်ဖ်နဲ့ တွေ့လို့ရပါပြီ၊ ရှင် ခဏစောင့်ချင်စောင့်ပါ"

"ကျေးဇူးပါပဲ"

သူက စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ဘွန်ကို"

အတွင်းရေးမှူးက အစောင့်ကို လှမ်းခေါ်သည်။





ဒေါက်တာမင်းထင်ကျော် လက်က သေနတ်ဒင်အနီးသို့ ရောက်သွားသည်။

မျက်နှာဆိုးဆိုးနှင့်အစောင့်က အနားရောက်လာသည်။

သူ့ခါးတွင် စစ်သုံးပစ္စတိုကြီးကို အသင့်ချိတ်ဆွဲထားသည်။

အစောင့်က ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်သည်။

"ဘွန်ကို . . . ဒီဖိုင်တွဲကို အခန်း(၈)ကို သွားပို့ပေးပါ၊ ကွန်ပျူတာဆီ မှတ်တမ်းတင်ဖို့လဲ တစ်ခါတည်း ပြောလိုက်၊ ပြီးရင် စောင့်ပြီး ဖိုင်ကို ပြန်ယူခဲ့"

အစောင့်က အတွင်းရေးမှူး လှမ်းပေးသောဖိုင်ကို ယူပြီး အခန်းအပြင်သို့ ထွက်သွားသည်။

ဒေါက်တာမင်းထင်ကျော် ရင်ထဲမှာ ကြိတ်၍ဝမ်းသာသွားသည်။

ကွန်ပျူတာစီ၊ မှတ်တမ်းတင်မှာဆိုလျှင် နောက်ထပ်နာရီဝက်လောက်အချိန်အတွင်း ဘယ်နည်းနဲ့မှ အစောင့်ပြန်လာနိုင်မည် မဟုတ်တော့ပေ။

အစောင့်ထွက်သွားပြီး အတန်ကြာလျှင် ဒေါက်တာမင်းထင်ကျော်က နေရာမှ ထရပ်ပြီး အမျိုးသမီးကို လူဂါနှင့် ချိန်ထားလိုက်သည်။

"ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေး နေပေးပါ၊ အသံပေးတာမျိုး လှုပ်ရှားတာမျိုး လုပ်ရင်တော့ တကယ်ပစ်ရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက မျက်စိမျက်နှာပျက်စွာနှင့် ငြိမ်သက်စွာ ထိုင်နေသည်။ ဒေါက်တာမင်းထွင်ကျော်က စားပွဲနောက်တွင် အချက်ပေးခလုတ် ရှိမရှိ ဝင်ကြည့်တော့ မတွေ့ရပေ။

နောက်ဖက်တွင် သတ္တုဗီရိုကြီးတစ်လုံး တွေ့ရသဖြင့် ဖွင့်ကြည့်တော့ ဆေးသေတ္တာတစ်လုံးကို တွေ့ရသည်။

ဆေးသေတ္တာထဲမှ ပလာစတာကို ထုတ်ပြီး အမျိုးသမီး ပါးစပ်ကို ပိတ်လိုက်သည်။

ခြေနှင့်လက်ကို တုပ်ချည်ပြီး ဗီရိုကြီးထဲ ထည့်ကာ အပြင်မှ တံခါးပိတ်လိုက်သည်။

ပြီးလျှင် တံခါးဝသို့ သွား၍ အပြင်ဘက်သို့ အခြေအနေကို ကြည့်သည်။

ထွက်သွားသောအစောင့်၏ အရိပ်အယောင်ကို မမြင်ရသေးပေ။ တံခါးပိတ်၍ ချက်ချထားလိုက်သည်။

ထို့နောက် ရုံးခန်းနား ကပ်၍ နားစွင့်လိုက်သည်။

"သုတေသန လုပ်တယ်ဆိုတာ ကလေးကစားသလို လွယ်လွယ်လုပ်လို့မရဘူးဗျ၊ လိုအပ်တဲ့အချိန်ကို သုံးရတယ်. . . စိတ်ရှည်ရတယ်၊ လုပ်ငန်းလက်စမသတ်ဘဲနဲ့တော့ ကျွန်တော် မလွှတ်ချင်ဘူး"

"အထက်လူကြီးတွေက ခင်ဗျားကို [illegible]ခဲ့နေတယ်လို့ ထင်သွားရင် ခင်ဗျားဘယ်လိုရှင်းမလဲ ဒေါက်တာ"

ဒေါက်တာဇီဝ အသံတိတ်နေသည်။

"အထက်က ခင်ဗျားတီထွင်လိုက်တဲ့ ပိုးမွှားလက်နက်

ဖော်မြူလာကို ပို့ပေးဖို့ တမင်အချိန်ဆွဲနေတယ်လို့ ထင်ရင် ခင်ဗျားဘယ်လိုဖြေရှင်းမလဲ ဒေါက်တာ"

"ကျွန်တော်က ဒီလိုလုပ်မတဲ့လားဗျာ"

"ဒါက ခင်ဗျားအပိုင်းလေ၊ အထက်အရာရှိတွေကတော့ ဒီလိုထင်မှာမဟုတ်ဘူး၊ အခုဆိုရင် ဟိုမှာ ပိုးမွှားတွေ သိုလှောင်ဖို့ သုတေသနစခန်းတွေ၊ ဓါတ်ခွဲခန်းတွေ အများကြီး ဆောက်ပြီးလို့ အဆင်သင့်ဖြစ်နေပြီ"

"ဟင်. ."

ဒေါက်တာဇီဝ တအံ့တဩ ဖြစ်သွားပုံရသည်။

"ခင်ဗျားနောက်ဆုံးတီထွင်ထုတ်လုပ်တဲ့ မျိုးပွားမှုအဆင့်ဆင့် ဖော်မြူလာသာ ရရင် လပိုင်းအတွင်းမှာ သူတို့ ပိုးမွှားတွေ အများကြီး မွေးနိုင်တော့မှာ"

စာရွက်လှန်လှောသံများ ကြားရသည်။

"ကျုပ်ဆီကို အထက်လူတွေဆီက သတင်းရောက်လာတယ် ဒေါက်တာ၊ ခင်ဗျားက ဒီမှာ နောက်ဆုံး စိတ်ကျေနပ်လောက်တဲ့အဆင့်အထိ ရောက်အောင် သုတေသန လုပ်နေတုန်း ဟိုဓါတ်ခွဲခန်းတွေမှာလည်း ပိုးတွေ မွေးထုတ်ဖို့ လုပ်ကြမယ်တဲ့"

"အာ. . . ဒီလိုတော့ မဖြစ်ဘူးထင်တယ်"

ဒေါက်တာဇီဝအသံက စိုးရိမ်တကြီး ထွက်လာသည်။

"ကျုပ် ဒီမှာ သုတေသန လုပ်နေတဲ့ကိစ္စ အများအပြား တစ်ခုခုဖြစ်လာရင် ဆိုးကျိုးတွေ တွေ့လာနိုင်တယ်"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ အထက်က ဆုံးဖြတ်ကြပါလိမ့်မယ်"

ဒေါက်တာထိုက်ဇံအသံက အေးစက်စက် မာကျော ကျောနှင့် ထွက်လာသည်။

"ခင်ဗျားရဲ့နောက်ဆုံးအစီရင်ခံစာကို သူတို့ စောင့်နေကြတယ်၊ (၂၄)နာရီအတွင်း ပို့ပေးရလိမ့်မယ် ဒေါက်တာ၊ ဟိုရောက်မှ ပညာရှင်တွေက အဆင့်ဆင့် စစ်ဆေးကြလိမ့်မယ်"

ထိုစကားလုံးများက ပြင်းထန်သလို ပညာရှင်တစ်ယောက်ကို စော်ကားရာ ရောက်နေတော့သည်။

အခန်းထဲမှာ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

အတော်ကြာမှ ဒေါက်တာဇီဝအသံ ပေါ်လာသည်။

"ကောင်းပြီလေ. . . သူတို့က ဒီလိုဖြစ်ချင်တယ် ဆိုလည်း ကျွန်တော့်ဘက်က အကောင်းဆုံးဖြစ်အောင် အစီရင်ခံစာ ရေးပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

ဒေါက်တာမင်းထင်ကျော် တံခါးဘေးမှ ခွာကာ အတွင်းရေးမှူး စားပွဲအနီးတွင် သွားရပ်နေလိုက်သည်။

မကြာမီ အခန်းထဲမှ ဒေါသတကြီး အမူအယာဖြင့် ဒေါက်တာဇီဝ ထွက်လာလေသည်။

သူ့ကို တစ်ချက်သာ ကြည့်၍ တံခါးဖွင့်၍ အပြင်သို့ ထွက်သွားလေတော့သည်။





ဒေါက်တာဇီဝနောက် လိုက်သွားလျှင် ဓါတ်ခွဲခန်းကို ရောက်နိုင်သည်။

သို့သော် ဇီဝပိုး ဖော်မြူလာမှတ်တမ်းများက ဒေါက်တာသိန်းဇံထံတွင် ရှိပေလိမ့်မည်။

ဆုံးဖြတ်ချက်ချပြီး သူ ဒေါက်တာသိန်းဇံ အခန်းတွင်းသို့ ဝင်လာခဲ့သည်။ လူဂါကို ထုတ်၍ အဆင်သင့် ကိုင်ထားသည်။

အခန်းထဲ ရောက်တော့ ဒေါက်တာထိုက်ဇံက နောက်ဖက်မှ သံမဏိ ဗီရိုကြီးကို ဖွင့်ပြီး စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသည်။

သံမဏိတံခါးများ၊

အံဝှက်များ ဖွင့်ပြီးသည်အထိ စောင့်နေလိုက်သည်။

ပြီးမှ အနားသို့ ကပ်သွားသည်။

သူ့ခြေသံကြောင့် ဒေါက်တာထိုက်ဇံက လှည့်ကြည့်သည်။

အသက်လေးဆယ်ကျော် အရွယ်ရှိ လူမျိုးကွဲတစ်ယောက်ဖြစ်သည်။

"ခင်ဗျားဘယ်သူလဲ"

အလန့်တကြား မေးသည်။

"ဒေါက်တာ သိပ်ပင်ပန်းနေပြီ. . . နားလိုက်ပါဦး"

ဒေါက်တာမင်းထင်ကျော် လက်ထဲမှ လူဂါသေနတ်က မြွေတစ်ကောင်လို ခေါင်းထောင်ထွက်လာပြီး 'ဖောက်' ကနဲ မြည်သံနှင့်အတူ ဒေါက်တာထိုက်ဇံ နဖူးပြင်၌ အပေါက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ နောက်သို့ လန်ထွက်သွားကာ နောက်ဖက်မှ သံမဏိ ဗီရိုနှင့် ဆောင့်ကာ ရှေ့သို့ ဝုန်းကနဲ လဲကျလာလေတော့သည်။

"စိတ်မကောင်းပါဘူး ဒေါက်တာ"

ထက်မင်းကျော်စွာက လဲကျလာသော ဒေါက်တာထိုက်ဇံ ကိုယ်ကို ဖမ်းဆွဲပြီး ကြမ်းပေါ် ချလိုက်သည်။

မျက်လုံးပွင့်နေသည်မှလွဲ၍ လုံးဝမလှုပ်တော့။

မီးခံသေတ္တာမှ စာရွက်စာတမ်းများနှင့် အနက်ရောင်ဖိုင်တွဲနှစ်တွဲကို ဆွဲထုတ်လိုက်သည်။

ဖိုင်တွဲတစ်တွဲ၏အဖုံးတွင် ငွေရောင်အစင်းများ ကပ်ထားသည်။

ကျန်ဖိုင်၏အဖုံးပေါ်တွင် 'အိုမီဂါစီမံကိန်း' ဟု ရေးထားသဖြင့် လှန်ကြည့်လိုက်သည်။

ထိုဖိုင်ထဲတွင်. . .

အစည်းအဝေးမှတ်တမ်းများ၊

အိုမီဂါပိုးစီမံကိန်း အစပိုင်း လေ့လာတွေ့ရှိချက်များ၊

ဒေါက်တာဇီဝနှင့် ဆက်သွယ်သောစာများ၊

အိုမီဂါပိုး တိုးတက်နှုန်း ဇယားကွက်များ၊

သုတေသနပြုချက်များ၊

အိုမီဂါပိုးနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊

ရှေ့အစီအစဉ်များနှင့် ရည်ရွယ်ချက်များကို တွေ့ရသည်။

သူ ဖိုင်ကို ပြန်ပိတ်သည်။





ဗီရိုအတွင်းမှ အော်သံ၊ ကန်ကျောက်သံများ . . . ကြားရသည်။ ဒေါက်တာမင်းထင်ကျော် တံခါးဝ ရောက်သော တံခါး ပွင့်လာပြီး အစောင့်က ပြန်ဝင်လာသည်။

သူက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်ပြီး သူသူကင်းမဲ့နေသော စားပွဲကို တစ်ချက်လှမ်းကြည့်သည်။

"သူ ဘယ်မှာလဲ"

ဒေါက်တာမင်းထင်ကျော်က ဒေါက်တာထိုက်ဇံ၏ အခန်းထဲကို လက်ညှိုးထိုးပြသဖြင့် ဖြတ်လျှောက်သွားစဉ် ဗီရိုအတွင်းမှ တဒုံးဒုံး ထုသံများ ပေါ်လာသည်။

အစောင့်က ခါးမှ သေနတ်ကို ဖြုတ်၍ ဗီရိုဆီ သွားရန် ပြင်သည်နှင့် သူက နောက်မှ လူဂါထုတ်၍ပစ်လိုက်သည်။

"ဒုတ်. ."

လက်ပြင်တွင် အပေါက်ကလေးဖြစ်သွားပြီး ရှေ့သို့ မှောက်ကျသွားသည်။

ပြန်မထနိုင်တော့ပေ။

"အခုလို နောက်က ပစ်ရတာ စိတ်မကောင်းပါဘူး ကိုယ်ဆိုးရယ်"

ဒါပဲပြောပြီး ဒေါက်တာမင်းထင်ကျော် အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

သူ့ဦးတည်ချက်က ဒေါက်တာဇီဝရှိရာသို့. . .။

꧁ ꧁ ꧂ ꧂



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ခွဲခန်းအဝတွင် ယူနီဖောင်းဝတ်ထားသော လူမျိုးခြားတစ်ယောက်က စောင့်နေသည်။

အသားမည်းမည်း၊ အရပ်မြင့်မြင့်နှင့် မုတ်ဆိတ်မွေး ပါးသိုင်းမွေးများနှင့်ဖြစ်သည်။

ဗလက တောင့်တင်းကြံ့ခိုင်လှသည်။

သူက ဒေါက်တာမင်းထင်ကျော်ကို စေ့စေ့ကြည့်သည်။

အခန်းဝတွင် အင်္ဂလိပ်ဘာသာအပါအဝင် ဘာသာ သုံးမျိုးလောက်ဖြင့် ရေးထားသော သတိပေးစာတန်းများရှိသည်။

အဆောင်(က) သုတေသန၊

အတွင်းသို့ ဝင်ခွင့်မပြု၊

ဝင်ရောက်သူအား ပြစ်ဒဏ်ပေးခြင်း ခံရမည်။

"ခင်ဗျား ဘာကိစ္စရှိလဲ"





အင်္ဂလိပ်ဘာသာဖြင့် မေးသည်။

"အထဲမှာ ဒေါက်တာဇီဝ ရှိသလား"

"ရှိတယ်. . . ဘာကိစ္စလဲ"

"ဒီဖိုင်ကို သွားပေးမလို့ပါ"

အစောင့်က ဒေါက်တာမင်းထင်ကျော် ချိုင်းကြားမှ ဖိုင်တွဲကို တစ်ချက်လှမ်းကြည့်သည်။

"အဆင့်(၁) ခွင့်ပြုချက် ပါမှ ဝင်ခွင့်ရမယ်"

အစောင့်က လွယ်လွယ်ဖြင့် ခွင့်မပြုပါ။

"တကယ်လို့ မပါရင်တော့ အဲဒီဖိုင်ကို ကျွန်တော်ပဲ သွားပို့ပေးရမယ်"

"ဒါဆိုရင်လဲ ရပါတယ်"

ဒီအစောင့်ကို အပြတ်မရှင်းနိုင်လို့ကတော့ အခန်းထဲသို့ ဘယ်နည်းနဲ့မှ ဝင်ခွင့်ရမည်မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်က ဖိုင်တွဲနှစ်ခုကို တစ်ခုချင်း လှမ်းပေးသည်။

အစောင့်က တစ်ခုချင်း ယူသောအခါ ၎င်း၏လက်နှစ်ဖက်စလုံး မအားသော အခွင့်အရေးကို ယူပြီး အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်သည်။

အစောင့်ကလည်း ပါးနပ်လျင်မြန်သည်။

သူ့လက်လှုပ်သည်ကို မြင်သည်နှင့် ဖိုင်ကို ချက်ချင်းပစ်ချပြီး သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်သည်။

လက်ထဲမှ သေနတ်ပြောင်းအား အစောင့်ဘက်သို့လှည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော် အစောင့်က သန်လွန်းလှသည်။

သူ့လက်ကို တအားလိမ်ချိုးသည်။

လူဂါ အောက်သို့ လွတ်ကျသွားသည်။

မိမိလက်တစ်ဖက် ကျိုးပြီဟု ထင်လိုက်မိစဉ် အစောင့်က သူ့လက်ကို နံရံနှင့် ရိုက်သည်။

လက်နှစ်ဖက်စလုံး ကျင်တက်သွားသည်။

ခေါင်းနှင့် ဆောင့်မိသောအခါ ခေါင်းတစ်ခုလုံး မူးသွားပြီး သွားများပင် ကျဉ်တက်လာသည်။

သူ ခဏတော့ မူးနောက်တွေဝေသွားသည်။

အစောင့်က သူ့လည်ပင်းကို ညှစ်သတ်ရန် ကြိုးစားသည်။

လည်ပင်းအစ်၍ အသက်ရှူကျပ်လာသည်။

လက်တစ်ဖက် လှုပ်ရှားလိုက်သည်နှင့် လက်ထဲသို့ ဓါးတစ်ချောင်း လျှောကျလာသည်။

လက်ကို လျှိုသွင်း၍ အစောင့်၏ရင်ဝသို့ စိုက်သွင်းလိုက်သည်။

'အင့်' ကနဲ ညည်းသံကြားလိုက်ရပြီး လည်ပင်းညှစ်ထားသောလက်များ လျော့ကျသွားသည်။

နောက်တစ်ချက် နှလုံးအိမ်သို့ ဆတ်ကနဲ ထိုးသွင်းလိုက်သောအခါ မျက်လုံးပြူးထွက်လာပြီး လှုပ်ရှားမှုများ ရပ်သွားလေတော့သည်။





ဒေါက်တာမင်းထင်ကျော်က ဓါးကို ပြန်နှုတ်ပြီး အသက်မဲ့သွားသောအစောင့်ကို ကြမ်းပေါ် ချသည်။

ပတ်ဝန်းကျင်သို့ တစ်ချက်ကြည့်တော့ စင်္ကြံလမ်းတလျှောက် လူရှင်းနေသည်။

ဓါတ်ခွဲခန်းဘေးမှ ရုံးခန်းလေး ရှိသည်။

အစောင့်နေရာဖြစ်မည်။

ထိုအခန်းတွင် ဘာမှမရှိသဖြင့် အသက်မဲ့နေသောအစောင့်ကို ဆွဲယူလာပြီး အထဲသို့ ထည့်ကာ တံခါးပြန်ပိတ်လိုက်သည်။

ပြီးလျှင် ပုံပျက်ပန်းပျက်ဖြစ်နေသော ဂျူတီကုတ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်သည်။

လူဂါနှင့် ဓါးမြောင်ကို နေသားတကျဖြစ်အောင် ပြန်ထည့်သည်။

ကြမ်းပြင်ပေါ် ကျနေသောဖိုင်တွဲကို ပြန်ကောက်ယူသည်။

ထို့နောက် ဓါတ်ခွဲခန်းတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်သွားသည်။

အခန်းက ကျယ်ဝန်းလှသည်။

အတွင်းဘက်၌ ဓါတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများက ပြည့်နေသည်။

စားပွဲများပေါ်တွင် မှန်သေတ္တာများကို စီတန်း၍ အတန်းလိုက် တင်ထားသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုမီဂါပိုးမွှားများ သိုလှောင်ထားရာဖြစ်မည်။

အခန်း၏နံရံတစ်ဖက်တွင် အီလက်ထရောနစ် စက်ကြီး တစ်လုံးရှိသည်။

စက်ကိုင်သမားများက စက်ပေါ်မှာ အလုပ်ရှုပ်နေသည်။

ဒေါက်တာဇီဝက စားပွဲမြင့်မြင့်တစ်လုံးပေါ်တွင် စာရေးနေသည်။

အခန်းထဲတွင် ဒေါက်တာဇီဝအပြင် အခြားစက်သမား သုံးယောက်ရှိသည်။

သူ့ရဲ့ဘယ်ဘက်တွင် သတ္တုအလူမီနီယံ ဗီရိုတစ်လုံးရှိပြီး မှန်တံခါးများ တပ်ထားသောကြောင့် အတွင်းမှအရာများကို တွေ့နိုင်သည်။

စာရွက်ငယ်များ ချိတ်ဆွဲထားသော ဖန်ပြွန်ချောင်းကလေးများ ရာနှင့်ချီ၍ ရှိနေသည်။

ဖန်ပြွန်များထဲတွင် စိမ်းစိမ်းမှိုင်းမှိုင်းအရာများကို တွေ့ရသည်။

မွေးမြူထုတ်လုပ်ထားသော အိုမီဂါပိုးများ ဖြစ်ပေလိမ့်မည်။

ဒေါက်တာဇီဝကာ စားပွဲမှ ခွာကာ အနီးရှိ မီးအပူပေးထားသော ဘီယာခွက်ကို ကြည့်နေသည်။

သူသည် အသက်လေးဆယ်ကျော်အရွယ်ခန့် ရှိပြီး အရပ်မြင့်မြင့် လက်ပြင်ကုန်း၍ အသားအရေမှာ ဖြူဖပ်ဖြူရော်





ရှိသည်။

နှာခေါင်းက သွယ်၍ ပေါ်လွင်ပြီး ပါးစပ်မှာ တင်း၍စေ့နေသည်။

ဆံပင်က အဖြူရောင်သမ်းစပြုနေပြီး နောက်ဖက်သို့ လှန်ထားသည်။

ဘောင်းဘီ၊ ဂျူတီကုတ်အဖြူ၊ နက်ခ်တိုင်များကို သေသပ်စွာ ဝတ်ဆင်ထားပြီး ရင်ဘတ်တွင် နာမည်ကတ်ကို ချိတ်ဆွဲထားသည်။

ဒေါက်တာဇီဝကို မြင်ရသောအခါ သိန်းငှက်(၁) မှာလိုက်သောစကားများကို ပြန်လည်သတိရမိသည်။

"ဒေါက်တာဇီဝကို တွေ့ရင် ခေါ်လို့ရရင် ပြန်ခေါ်လာခဲ့၊ ခေါ်မရရင်တော့ သတ်သာ ပစ်ခဲ့ကွာ"

ဒေါက်တာမင်းထင်ကျော် အခန်းတွင်း ရောက်နေသော်လည်း အခန်းတွင်းမှ လူများက သူ့အလုပ်နှင့်သူ ရှုပ်နေသဖြင့် မည်သူကမှ ဂရုပြုမိပုံ မပေါ်ပေ။

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှ ဖိုင်တွဲကို စားပွဲတစ်လုံးပေါ်သို့ တင်ထားလိုက်သည်။

ထို့နောက် ဒေါက်တာဇီဝအနီးသို့ ခပ်သွက်သွက် ကပ်သွားလိုက်သည်။

အခြားလူများအား ကျော်ပေး၍ ဒေါက်တာဇီဝအနီးတွင် ဝင်ရပ်သည်။ သူ့လှုပ်ရှားမှုကို ကျန်သူများက မြင်တွေ့စရာအကြောင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



လူဂါသေနတ်ကို ထုတ်၍ ဒေါက်တာဇီဝကို ချိန်ထားလိုက်သည်။

"ဒါက ဘာသဘောလဲ"

အေးစက်မာကျောသောလေသံဖြင့် ခပ်တိုးတိုး မေးသည်။

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကျုပ်က ဒီအဖွဲ့က မဟုတ်ဘူး"

ဒေါက်တာမင်းထင်ကျော် တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

သူက ဒေါက်တာမင်းထင်ကျော်အား မျက်မှောင်ကြုတ်၍ ကြည့်ပြီး သဘောပေါက်သွားဟန်ရှိသည်။

"အော်. . . ဒီလိုလား၊ ဒီစခန်းထဲက အသက်ရှင်လျက်နဲ့ ဘယ်လိုမှ ပြန်မထွက်နိုင်ဘူး"

ထိုသို့ပြောကာ ဒေါက်တာမင်းထင်ကျော်ကို ကျော်ပြီးနောက်ဖက်မှ သူ့လူများကို လှမ်းကြည့်သည်။

"အဲဒီလို စိတ်ကူးရင်တော့ ကျုပ်သေနတ်နဲ့ပဲ စကားပြောရလိမ့်မယ် ဒေါက်တာ"

ဒေါက်တာဇီဝက သူ့ကို စူးစူးရဲရဲ ကြည့်သည်။

"မင်း ဘာလိုချင်တာလဲ"

သူက လူဂါကို ဒေါက်တာဇီဝ နံကြားသို့ ဖိထောက်လိုက်ပြီး. . .

"အခန်းထဲက လူတွေကို အခန်းအပြင်ထွက်သွားဖို့ ပြောလိုက်ပါ ဒေါက်တာ"

"မပြောနိုင်ဘူးကွာ. . သူတို့က. ."

"မပြောရင် ပစ်လိုက်ရုံပဲ"

ဒေါက်တာဇီဝ မျက်နှာပေါ်၀ယ် စိုးရိမ်မှု ကြောက်ရွံ့မှုများ ယှက်သန်းလာသည်။

"ဒါတွေ ဒီလိုဖြစ်ရတာ ဟိုလူတွေ သောက်သုံးမကျလို့ဖြစ်ရတာပဲ"

ဟု ညည်းညူလိုက်သည်။

ထို့နောက် အခန်းအတွင်းမှ လူများကို အပြင်သွားနေကြရန် လှမ်းပြောလိုက်သည်။

ထိုလူသုံးယောက်က ဇဝေဇ၀ါဖြင့် နားမလည်သော မျက်နှာများဖြင့် ဒေါက်တာဇီဝကို လှမ်းကြည့်ပြီး အခန်းအပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။

"ခင်ဗျားရဲ့နောက်ဆုံးတွေ့ရှိချက် မှတ်စုဖိုင်တွေက ဘယ်မှာလဲ"

သူက လိုရင်းအချက်ကို မေးသည်။

"မင်းယူလာတဲ့ ဒေါက်တာထိုက်ဇံရဲ့ဖိုင်ထဲမှာ ပါတဲ့ အချက်တွေက နောက်ဆုံးတွေ့ရှိချက်တွေပဲ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းကို ဖြည်းလေးစွာ ခါသည်။

ဒေါက်တာဇီဝ မျက်လုံးများက အနီးရှိ သော့ခတ်ထားသော သတ္တုဗီရိုမြင့်မြင့်ဆီသို့ တစ်ချက်ရောက်သွားသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဒီမှတ်စုတွေကို ကျုပ်ဆီက လွယ်လွယ်ရလိမ့်မယ်လို့ မင်းထင်သလား၊ ဒီမှတ်စုတွေကို မင်းတို့ ရလို့ရော ဘာအသုံးချတတ်မှာလဲ၊ မင်းတို့အတွက် ဘာမှ အဓိပ္ပါယ်မရှိပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ရအောင်ယူမှာပဲ ဒေါက်တာ"

"မင်းတို့က ဒီဖော်မြူလာ ရတော့ ဘာသုံးမှာလဲ"

"ဖျက်ဆီးပစ်ဖို့ပါ"

သူက အေးအေးပဲ ပြောသည်။

"ဘာကွ. . . ဖျက်ဆီးပစ်ဖို့ ဟုတ်လား၊ ငါ အနှစ်နှစ်အလလ,က စုဆောင်းလာခဲ့တဲ့ ဒီဖော်မြူလာတွေကို မင်းက လွယ်လွယ်နဲ့ ဖျက်ဆီးလို့ရမတဲ့လား၊

မင်းအချိန်ရှိတုန်း ဒီနေရာက မြန်မြန်ထွက်သွားစမ်းကွာ၊ တော်ကြာ ဒေါက်တာထိုက်ဇံ သိသွားရင် မင်း ဘယ်လိုမှ ကံကောင်းနိုင်မှာမဟုတ်ဘူး"

"ဒေါက်တာထိုက်ဇံက စောစောကပဲ တမလွန်ကို အလည်သွားနှင့်ပြီ"

"ဘာ. . . မင်း သူ့ကို သတ်လိုက်ပြီဟုတ်လား"

"ဟုတ်တယ်. . . ဒီလိုလူတွေကို လောကမှာ ဆက်ထားရင် အပြစ်မဲ့တဲ့လူတွေအတွက် အန္တရာယ်များလွန်းလို့ သတ်ရတာပါ။ မော်ဟဲက စပ်ရွှေဘုန်းကိုလည်း ဒီလိုစိတ်ကူးနဲ့ပဲ သတ်ခဲ့ပြီးပါပြီ၊

ဒီတစ်ခေါက် ဒေါက်တာရဲ့အလှည့်ပါပဲ"





ဒေါက်တာမင်းထင်ကျော်က လူဂါကို ခြောက်လိုက်သည်။

ဒေါက်တာဇီဝမျက်နှာပေါ်ဝယ် ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်းများ ဖြစ်ပေါ်လာ၏။

"ဘယ်သူသေသေပေါ့ကွာ. . . ဒါက အရေးမကြီးပါဘူး၊ အခု မင်းဘာလုပ်ချင်တာလဲ"

"ကျွန်တော်လုပ်ချင်တာကတော့ ဒေါက်တာ လိုက်မယ်ဆိုရင် ကျွန်တော်နဲ့ တပါတည်း ခေါ်သွားဖို့နဲ့ ဒီစခန်းကြီးကို ဖျက်ဆီးပစ်ဖို့ပါပဲ၊ ဒေါက်တာ မလိုက်ဘူးဆိုရင်တော့ ဒေါက်တာ့ကို သတ်ပြီး အိုမီဂါ ဖော်မြူလာတွေကို ဖျက်ဆီးလိုက်ရုံပါပဲ၊

ကြိုက်တဲ့လမ်းကို ရွေးနိုင်ပါတယ် ဒေါက်တာ"

ဒေါက်တာဇီဝ ငိုင်ပြီးစဉ်းစားနေသည်။

သူက ဗီရိုဆီ လျှောက်သွားသည်။

စားပွဲပေါ်မှ အနီးကြည့်မှန်ပြောင်းကို ယူ၍ သော့ကို ရိုက်ဖွင့်လိုက်သည်။ ပျက်စီးသွားသော ကီရိယာကို ပစ်ချ၍ သော့ပျက်ကို ဖြုတ်ပြီး တံခါးကို ဆွဲဖွင့်သည်။

အတွင်း၌ ဖိုင်တွဲတစ်တွဲနှင့် စာရွက်စာတမ်းအချို့ ရှိသည်။

သူက အကုန်ယူပြီး စားပွဲပေါ် တင်သည်။

ဒေါက်တာထိုက်ဇံ ရုံးခန်းမှ ယူလာသော ဖိုင်တွဲများကို စုထပ်လိုက်သည်။

စာရွက်နှင့်ဖိုင်များကို လှန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် အိုမီဂါစီမံကိန်းဖော်မြူလာ စာရွက်များဖြစ်သည်။

"ဒီစီမံကိန်းထဲ မင်းပါဖို့ ငါတို့ လက်ခံပါမယ်၊ တို့အဖွဲ့ထဲ ဝင်ရင် ဩဇာအာဏာနဲ့ ငွေကြေးပြည့်စုံအောင် ရပါစေမယ်"

"အပြစ်မဲ့တဲ့လူတွေရဲ့အသက်တွေနဲ့ စတေးပြီး ကျွန်တော် စည်းစိမ်မခံချင်ပါဘူး"

ထိုသို့ပြောကာ ဖိုင်တွဲကို ပြန်ပိတ်သည်။

လူဂါကို အိတ်ထဲ ထည့်သည်။

ထို့နောက် စာရွက်စာတမ်းများ၊ ဖိုင်များကို ယူပြီး ဓါတ်ငွေ့မီးဖိုပေါ် တင်လိုက်သည်။

"ဟေ့ . . မလုပ်နဲ့ . . . မလုပ်နဲ့"

သူက ဂရုမစိုက်ဘဲ ဖိုင်တွဲများပါ မီးပေါ် တင်သည်။

မီးတောက်များက တဝုန်းဝုန်း တောက်လာတော့သည်။

ထိုအချိန်တွင် သူ့ဆီ ပြေးလာပြီး ဝင်ဆောင့်သည်။

နှစ်ယောက်အရှိန်ကြောင့် နောက်ဖက်မှ ပိုးများ မွေးထားသည့် ဖန်ပြွန်များ တင်ထားသောစင်ကို ဝင်ဆောင့်မိကာ အောက်ပြုတ်ကျပြီး ကွဲကုန်တော့သည်။

ဖန်ပြွန်ရေများမှာ ဓါတ်ဆီသဖွယ် ချက်ချင်းကူးစက်ပြီး အိုမီဂါပိုးများ ထားရာ ဗီရိုကိုပါ ကူးစက်လောင်လေသည်။

နှစ်ယောက်စလုံး နေရာမှ ထရပ်လိုက်သည်။

ဒေါက်တာဇီဝက မီးစွဲနေသော ဖော်မြူလာဖိုင်များကို ပြန်ရယူဖို့ ကြိုးစားသော်လည်း မီးတောက်က အရှိန်ရလာပြီ





ဖြစ်သောကြောင့် ပြန်ယူဖို့ မလွယ်တော့ပေ။

မီးတောက်များက အခန်းထဲရှိ ပိုးမွှားများ မွေးဖွားရာ စားပွဲများနှင့်ဖန်ပြွန်များ၊ ပစ္စည်းကိရိယာများကိုပါ ဆက်လောင်နေလေပြီ။

ဒေါက်တာမင်းထင်ကျော်က ဒေါက်တာဇီဝ အော်ဟစ်ဆဲဆိုနေသည့်ကြားမှ တစ်ဖက်မှ ပတ်သွားပြီး မီးမစွဲသေးသော ဖိုင်များကို ကောက်ယူပြီး မီးထဲ ပစ်ထည့်လိုက်သည်။

ဒေါက်တာဇီဝက အခန်းနံရံမှ အချက်ပေးခလုတ်ကို ဆွဲရန်ပြင်သည်။ သူက လူဂါကို ထုတ်ပြီး ဒေါက်တာဇီဝကို ပစ်ရန် ပြင်လိုက်စဉ်မှာ သူ့အခန်းတံခါး ဝုန်းကနဲ ပွင့်လာပြီး အစောင့်နှစ်ဦး ပြေးဝင်လာသည်။

တစ်ယောက်က သူ့ကို သေနတ်ဖြင့် လှမ်းပစ်သည်။

သူက ဒူးညွှတ်ပြီး ကိုယ်တစ်ပတ်လှည့်ကာ အစောင့်ကို ပစ်သည်။ ထိသည်။ နောက်သို့ လှန်ကျသွားသည်။

နောက်တစ်ယောက်က မီးတောက်ကို ကျော်ပြီး သူ့နောက်ဖက်မှ ခုန်ဝင်လာသည်။

သေနတ်ဖြင့် လှည့်ချိန်သော်လည်း ပစ်ချိန်မရတော့ပေ။

သေနတ်ကို အသုံးမချနိုင်မီမှာ နှစ်ယောက်သား လုံးထွေးပြီး ကြမ်းပေါ်သို့ လဲကျသွားစဉ် မီးလောင်နေသောစားပွဲ တစ်လုံးနှင့် ဝင်တိုက်မိသည်။

ကြမ်းပေါ် ကျသွားစဉ် ခေါင်းကို မဆောင့်မိစေရန် ကိုယ်ကို လျှောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်က အပေါ်မှ သူ့မျက်နှာကို ထိုးရန် လက်မြှောက်သည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော် လက်တစ်ဖက်က လျှို့ဝင်လာပြီး လူဂါနှင့် တော့ဖြုတ်သည်။

နောက်သို့ မြှောက်တက်သွားပြီး မီးလောင်နေသော စားပွဲများကြားသို့ ကျသွားသည်။

ထိုအချိန်တွင် အချက်ပေးခေါင်းလောင်းမြည်သံများ ပေါ်လာသည်။

ဒေါက်တာမင်းထင်ကျော် ဒေါက်တာဇီဝကို ရှာတော့ အခန်းထဲမှာ မတွေ့ရတော့ပေ။

အခန်းဝတွင် တွေ့လိုက်ရသဖြင့် သေနတ်ဖြင့် လှမ်းပစ်သော်လည်း မထိလိုက်ပေ။

အပြင်သို့ လှစ်ကနဲ ပြေးထွက်သွားသည်။

သူ့အပေါ်အင်္ကျီကို ချွတ်၍ မီးတောက်များကို ယမ်းပြီး တံခါးဆီသို့ ပြေးသည်။

အပြင်ရောက်တော့ ဒေါက်တာဇီဝ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ။

သုတေသနအခန်းကြီးတစ်ခုလုံးကို မီးတောက်များက ဝါးမျိုပြီး မီးတောက်မီးလျှံများက အခြားအဆောင်အခန်းများသို့ပင် ကူးစက်စပြုနေပြီ။

မီးခိုးများကို မှုတ်ထုတ်ရင်း စကြံအတိုင်း ပြေးသည်။

ဝန်ထမ်းများ၊ အစောင့်များက သူ့ကို ကျော်ဖြတ်ပြီး





မီးငြိမ်းသတ်ရန်အတွက် မီးလောင်သောနေရာသို့ အလုအယက် ပြေးသွားနေကြသည်။

အပြင်သို့ ရောက်သောအခါ သူ့ဘေးမှ ကားတစ်စီး 'ဝေါ' ကနဲ ဖြတ်မောင်းထွက်သွားသည်။

ကားမောင်းသူက ဒေါက်တာဇီဝ။

သူက ဂိတ်ဝရောက်သောအခါ အစောင့်များကို တစ်စုံတစ်ခု အော်ဟစ်ပြောဆိုပြီး ကားကို တရကြမ်း မောင်းထွက်သွားလေတော့သည်။

အနီးရှိ လင့်ရိုဗာကားတစ်စီးပေါ်သို့ ဒေါက်တာမင်းထင်ကျော် ပြေးတက်သည်။

ကားတွင် သော့တန်းလန်းရှိသဖြင့် အလွယ်တကူ စက်နှိုးပြီး မောင်းထွက်ခဲ့သည်။

ဂိတ်ဝရောက်ခါနီးသောအခါ အစောင့်တစ်ယောက်က တံခါးပိတ်ရန် ကြိုးစားပြီး ကျန်တစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်သည်။

ကျည်ဆန်က လေကာမှန်ကို မှန်သည်။

မှန်စများက လွင့်ထွက်လာသည်။

မျက်နှာမထိမိရန် ခေါင်းကို ငုံ့၍ ကားကို လီဗာဖိနင်းသည်။

အရှိန်နှင့် ဝေါကနဲ ထွက်သွားပြီး တံခါးဝ ရောက်သောအခါ တုံ့ကနဲ ရပ်လိုက်သည်။

တံခါးဝ ရောက်နေသော အစောင့်က ကားနှင့် မတိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



စေရန် ဘေးသို့ ခုန်ထွက်သွားသည်။

ကားရပ်လိုက်သည်နှင့် နောက်မှ လိုက်လာသော ဖုန်လုံးကြီးများက ကားကို ဖုံးအုပ်ပစ်လိုက်သည်။

သေနတ်သမားက ကားပေါ်ကို သဲကြီးမဲကြီး ရှာသည်။

သို့သော်. . . ဘယ်သူမှ မရှိတော့။

သူ ကားထဲ ငုံ့ရှာနေစဉ်မှာ ကားနောက်ဖက်မှ လူတစ်ယောက် ထွက်လာသည်။

သေနတ်ဖြင့် ထိုးချိန်လိုက်စဉ်မှာ တစ်ဖက်မှ ပစ်လိုက်သောကျည်ဆန်က သူ့ကိုယ်ထဲ ဖောက်ဝင်သွားသည်။

ကျန်တစ်ယောက်က လှမ်းပစ်သည်။

ကား၏ကိုယ်ထည်ကိုသာ မှန်သည်။

တံခါးဘေးတွင် အကာအကွယ် မရှိသော အစောင့်ကို အလွယ်တကူ ပစ်ချပြီး တံခါးဖွင့်ကာ ကားပေါ် ပြန်တက်၍ မောင်းထွက်ခဲ့သည်။

သူ့နောက်ဖက်မှာတော့ အိုမီဂါ သုတေသန စခန်းကြီး တစ်ခုလုံး မီးလုံးကြီးများက ဝါးမျိုလိုက်ကြလေပြီ။

သူ ကားကို ဆက်မောင်းသည်။

နောက်ဘက်မှ လိုက်လာသူ မရှိတော့ပေ။







## အခန်း(၁၃)

# ကြုံတွေ့ရသောအဆက်အစား

ဒေါက်တာဇီဝ စီးသွားသောကားကို တစ်နာရီကျော်မျှ လိုက်ရှာသော်လည်း မတွေ့ရသေးပေ။

မြေပြင်ပေါ်တွင်တော့ လတ်လတ်ဆတ်ဆတ် မောင်းသွားသော ကားဘီးရာများကို မြင်ရသည်။

ဒေါက်တာမင်းထင်ကျော် ကားဘီးရာအတိုင်း ခြေရာခံလိုက်သည်။ ကားဘီးရာက မြို့ဘက် မသွားဘဲ ယဲကန္တာရများ ရှိရာဘက်သို့ ဦးတည်မောင်းထွက်သွားခြင်းဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကားဘီးရာအတိုင်း အရှေ့တောင်စူးစူးဘက်သို့ ဦးတည်၍လိုက်သည်။

လမ်းက ကြမ်းသည်။

ကျောက်တုံးကျောက်ခဲ၊ သဲဖွက်များကို ဖြတ်ကျော်ရသည်။ သို့သော် သူစီးလာသော လင့်ရိုဘာကားက အကြမ်းခံသဖြင့် ခရီးကြမ်းကို အားမနာတမ်း မောင်းနိုင်သည်။

နောက်ထပ်တစ်နာရီခန့် မောင်းလာသောအခါ ရှေ့တွင် ဖုန်တထောင်းထောင်းထအောင် မောင်းသွားသော ကားတစ်စင်း၏ပုံရိပ်ကို လှမ်းမြင်ရသည်။

သူ နောက်မှ မောင်းလိုက်သည်။

ရှေ့မှ ကားကို ဖုန်လုံးများကြားတွင် ပျောက်သွားလိုက် ပြန်တွေ့ရလိုက်နှင့် တစ်စတစ်စ နီးကပ်လာသည်။

တစ်နေရာရောက်သောအခါ ဖုန်လုံးကြီးများကို ကျော်၍ မောင်းထွက်လိုက်စဉ် ရှေ့တွင် ကန့်လန့်ရပ်ထားသောကားကို လမ်းမပေါ်တွင် ဘွားကနဲ တွေ့လိုက်ရသဖြင့် ဘရိတ်ကို နင်း၍ ကားကို တုန့်ကနဲ ရပ်ပစ်လိုက်သည်။

အနီးဝန်းကျင်တွင် ကျောက်တုံးကြီးများနှင့် ချုံပုတ်များသာ ရှိသည်။

အခြေအနေကို အကဲခတ်ကြည့်တော့ ငြိမ်သက်နေသည်။ ကားစက်သတ်၍ လူဂါကို ထုတ်ပြီး ကားပေါ်မှ ဆင်းသည်။ ရှေ့မှ ရပ်ထားသောကားအနီးသို့ ကပ်သွားသည်။

အတွင်းသို့ ကြည့်သည်။





ရှေ့ခန်းတွင် ဘယ်သူမှ မရှိ။

ကားသော့က တန်းလန်းဖြစ်သည်။

မြေပြင်ကို ကြည့်တော့ ထွက်သွားသောခြေရာများကို တွေ့ရသည်။

ကားတစ်စုံတစ်ခု ဖြစ်လို့လား။

ဒါမှမဟုတ် ဆီကုန်နေလို့လား။

တစ်ခုခုဖြစ်၍သာ ခြေလျင် ဆင်းလျှောက်သွားခြင်းဖြစ်မည်။ ဒါ ပရိယာယ်တစ်ခုလည်း ဖြစ်နိုင်သည်။

ကားသော့ကို ဖြုတ်ယူထားပြီးမှ ရှာလျှင် ပိုကောင်းမည်ဟု ယူဆပြီး ပြတင်းပေါက်မှ ငုံ့၍ ကားသော့လှမ်းယူလိုက်စဉ် တစ်စုံတစ်ခု များယွင်းသွားပြီဟု သိလိုက်သည်။

နောက်မှ အသံကြားလိုက်ရပြီး ကိုယ်ကို ပြန်ထွက်လိုက်စဉ် နောက်ဖက်မှ ပြင်းထန်စွာ အရိုက်ခံလိုက်ရသဖြင့် မြေပေါ်သို့ ပစ်လဲကျသွားသည်။

သူ့ . . လောကနှင့် အဆက်အသွယ် ပြတ်သွားပြီး နောက် အမှောင်ထုက ဖုံးလွှမ်းသွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိလစ်နေသည် မသိနိုင်တော့။ ပြန်လည်သတိရလာသောအခါ ခေါင်းထဲ မူးဝေနောက်ကျိနေသည်။ ခေါင်းတစ်ခုလုံးမှာ အုံနေပြီး နောက်စေ့ဘက်မှာ တစစ်စစ် နာကျင် ကိုက်ခဲနေသည်။

နောက်စေ့တစ်ဝိုက်နှင့် လည်ကုပ်တဝိုက်တွင် စီးကျနေသောသွေးများမှာ စေးထန်းခြောက်သွေ့စပြုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

စူးရှသောအလင်းရောင်က မျက်လုံးထဲ တိုးဝင်လာသည်။ ကောင်းကင်ပြင်၌ နေလုံးကြီးက အပူရှိန်ပြင်းစွာ တောက်ပလျက်ရှိသည်။

မျက်လုံးကို ပြန်ပိတ်၍ နေရာမှ ထရန် ကြိုးစားကြည့်သည်။ ခေါင်းထဲမှ မိုက်ကနဲ မိုက်ကနဲ ဖြစ်နေသည်။

သူ ကားကို မှီထိုင်ရင်း ပြီးခဲ့သောအကြောင်းများကို ပြန်စဉ်းစားကြည့်နေသည်။

ဒေါက်တာဇီဝ ပရိယာယ်ထဲ ဝင်သွားမိပြီး ပယ်ပယ်နယ်နယ် အတွယ်ခံလိုက်ရခြင်းဖြစ်သည်။

ယူခဲ့ သူစီးလာသော လင့်ရိုဗာကားက မရှိတော့။

သဲကန္တာရထဲမှာ ခရီးဆက်၍မရသော ကားတစ်စီးနှင့် သူသာ ကျန်ရစ်ခဲ့သည်။

သူ ကြိုးစားပြီး ထနိုင်ရန် ကြိုးစားသည်။

ထလိုက်တိုင်း ခေါင်းထဲမှာ မိုက်ကနဲ မိုက်ကနဲ ဖြစ်ကာ ပြန်လဲကျသွားသည်။

အတန်ကြာမှအောင် ကြိုးစားထမှ ရသည်။

ကားခေါင်းပိုင်း လှမ်းကြည့်တော့ သော့က မရှိတော့။

ပလပ်နှင့် ဆက်သွယ်ထားသော ဝါယာကြိုးများပါ ဆွဲဖြုတ်သွားသည်။ အထဲမှာ ဆီရှိသည့်တိုင် ကားက ဘယ်လိုမှ စက်နှိုး၍ရနိုင်မည် မထင်ပေ။

လည်ချောင်းထဲတွင် ရေငတ်သည့်ဒဏ်က ပြင်းပြလာ





သည်။ ကားထဲမှာ သောက်ရေပုလင်း လက်ကျန်ကလေးများ ရှိလိုရှိငြား ရှာကြည့်သည်၊ မရှိပေ။

ရေ. . . ရေ. . . ဘယ်မှာရမလဲ။

ဒီလူမနီးသူမနီး သဲကန္တာရကြီးထဲမှာ ရေဘယ်လိုရမလဲ။

သူ ခေါင်းထဲမှာ ဖျတ်ကနဲ သတိရလိုက်သည်။

ကားရေတိုင်ကီထဲမှာ ရေရှိတာပေါ့။

သူ အားယူလျှောက်သွားပြီး ကားစက်ဖုံးကို ဖွင့်သည်။

နောက် ရေတိုင်ကီအဖုံးကို ဖွင့်ကြည့်တော့ ရေက တစ်စက်မှ မရှိ။ အောက်ဖက်သဲပြင်ပေါ်မှာ ရေကွက်ကြီး တွေ့ရသည်။

ရေတိုင်ကီကို တမင်ဖောက်ချသွားခြင်းဖြစ်မည်။

ဒီလောက် ပူပြင်းခြောက်သွေ့သော သဲကန္တာရထဲမှ ဆက်နေလို့ကတော့ မကြာမီ အသက်ပျောက်သွားမှာ သေချာသည်။

ဤနေရာတွင် ဆက်နေလို့မဖြစ်တော့။

သို့ကြောင့် နေရာမှ စတင်ထွက်ခွာခဲ့သည်။

ဒယိမ်းဒယိုင်ဖြင့် နေပြင်းပြင်းအောက်တွင် ခရီးထွက်လာခဲ့ရသော်လည်း ဘယ်အရပ်ကို ဦးတည်လျှောက်ရမည်ကို မသိပေ။ ကြည့်လေရာရာ သဲကန္တာရပြင်ကြီးကိုသာ မြင်နေရသည်။

နေပူရှိန်ကြောင့် တံလျှပ်များ ထနေသည်။

အတန်ငယ် ကြိုးစားလျှောက်သောအခါ နဖူးမှ ချွေး



www.burmeseclassic.com

များ ဝင်ထွက်လာသည်။

ခေါင်းမှဒဏ်ရာက တစစ်စစ် နာကျင်ကိုက်ခဲလာသည်။

နေရာတွင် မျက်စိမှိတ်ပြီး ခဏနားပြီးမှ ဆက်လျှောက်သည်။ သူ ကားလမ်းမကြီးဆီ ရောက်နိုင်ရန် ကြိုးစားမှ ဖြစ်တော့မည်။

တစ်နေရာတွင် ဒေါက်တာဇီဝ ဖြတ်မောင်းသွားသော ကားဘီးရာများကို တွေ့ရပြီး တစ်နေရာရောက်သောအခါ ပျောက်သွားပြန်သည်။

ရှေ့ဆက်သွားသောအခါ လုံးဝရှာမတွေ့တော့ပေ။

ခေါင်းပေါ်မှ ဒေါသတကြီးဖြင့် အပူရှိန်များ လွှတ်ချပေးနေသော နေလုံးကြီးက သူ့ညာဘက်ရောက်လိုက်၊ ဘယ်ဘက်ရောက်သွားလိုက်နှင့်။

တစ်ခါတစ်ရံ နောက်မှ လိုက်နေပြီး တစ်ခါတစ်ရံ သူက ရှေ့မှ သွားနေပြန်သည်။

သဲကန္တာရအလယ်တွင် အဖော်ဆိုလို့ သူ့ဘေးမှ အရိပ်သာ ရှိသည်။ လည်ချောင်းတစ်ခုလုံး ရေငတ်သည့်ဒဏ်ကြောင့် ခြောက်သွေ့ကွဲအက်လာသလို ခံစားနေရသည်။

ခန္ဓာကိုယ်ထဲမှာ ရေဓာတ်က မရှိတော့သဖြင့် ချွေးက တိတ်သွားသည်။ တစ်ကိုယ်လုံး ချွေးနှင့်ဖုန်များ ရောထွေးလျက် စေးကပ်ကပ်ကြီးဖြစ်လာသည်။

သူ့ရှေ့တွင် လှုပ်ရှားနေသောအရိပ်များကို မြင်သဖြင့် မော့ကြည့်လိုက်သောအခါ ကောင်းကင်မှ ဝဲ၍လိုက်လာသော





လင်းတငှက်ကြီးများက သူလဲကျမည့်အချိန်ကို စောင့်ရင်း နောက်မှ တကောက်ကောက် လိုက်လာကြပုံရသည်။

သူ၏လှုပ်ရှားပုံကို ကြည့်ပြီး မကြာခင် သဲပြင်ပေါ်တွင် လဲကျတော့မည်ကို လင်းတငှက်ကြီးများက သိနေဟန်ရှိသည်။

ငှင်းငှက်ကြီးများက ရေငတ်သည့်ဒဏ်၊ အပေါ်မှ အပူရှိန်ထက်ပင် အန္တရာယ်ကို အလျှင်အမြန် ပေးနိုင်ကြသည်။

အာဖရိကတိုက်ဘက်မှ လင်းတကြီးများဆိုလျှင် တောင်ဆိတ်တစ်ကောင်ကိုပင် ဆယ့်ငါးမိနစ်အတွင်း အရိုးဘဝ ရောက်အောင် ထိုးဆိတ်စားသောက်နိုင်သည်။

လင်းတတို့သည် လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ မလှုပ်ရှားနိုင်သောသတ္တဝါဟူသမျှ မည်သူ့ကိုမျှ ကြောက်လန့်ခြင်း မရှိကြပေ။

လင်းတများနှင့် ပတ်သက်၍ သူ မှတ်သားဖူးသော အချက်မှာ မိမိအနေဖြင့် မလှုပ်ရှားနိုင်တော့ပါက မြေပေါ်တွင် ငြိမ်းလျားမှောက်၍နေလိုက်ခြင်းက အသက်အန္တရာယ်ကို အချိန်ကြာမြင့်စွာ တားဆီးထားနိုင်သည်ဟူသော အချက်ဖြစ်သည်။

သူ အားယူ၍ ဆက်လျှောက်သည်။

ကန္တာရကြီးတစ်ခုလုံး ကြောက်မက်ဖွယ် ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ခေါင်းပေါ်မှ ဝဲလိုက်လာသော လင်းတကြီးများက အောက်ဖက်သို့ တစ်စတစ်စ နိမ့်ဆင်းလာသည်။

သူ မြေပေါ်သို့ လဲကျသည်နှင့် သူ့ကိုယ်ပေါ်သို့ ချ

www.burmeseclassic.com



ချင်းရောက်လာကြမည်မှာ သေချာ၏။

ဒေါက်တာမင်းထင်ကျော် မှုန်ဝါးသောမျက်လုံးဖြင့် နာရီကြည့်လိုက်တော့ မွန်းလွဲနှစ်နာရီကျော်ပြီ။

နေပူရှိန်အမြင့်ဆုံးဖြစ်သည်။

နေပူရှိန်ကြောင့် ဦးခေါင်းတစ်ခုလုံး တဖျစ်ဖျစ် မြည်နေသည်ဟုပင် ထင်ရသည်။ မိမိဆံပင်များ မီးစွဲနေပြီလားဟု လက်ဖြင့် စမ်းကြည့်ရသည်။

သူ ပတ်ဝန်းကျင်တဝိုက် ကြည့်သော်လည်း လမ်းမကြီးကိုသော်လည်းကောင်း၊ သက်ရှိသတ္တဝါ တစ်စုံတစ်ယောက်မှ မတွေ့ရ။ သက်ရှိသတ္တဝါဟူ၍ သူ့ခေါင်းပေါ်မှ လင်းတကြီးများသာ ရှိသည်။

သူ လမ်းနှင့်ဝေးရာ ဆန့်ကျင်ဘက်သို့ လျှောက်နေမိပြီလား မသိပေ။

ကားလမ်းကို ရောက်ပါက သူ့အတွက် အသက်ရှင်နိုင်ရန် အခွင့်အလမ်း ရှိနိုင်ပေသည်။

မဟုတ်ရင်တော့. . . ။

သူ အားတင်းလိုက်သည်။

သူ လူသူမနီးတဲ့ သဲကန္တာရထဲတွင် လူမမြင်သူမမြင် သေသွားလို့ မဖြစ်သေးပေ။

အိုမီဂါပိုး စီမံကိန်းနှင့် ဖော်မြူလာများကို ဖျက်ဆီးပစ်ခဲ့ပြီးသော်လည်း ကိစ္စက မပြီးသတ်သေး။

ဒေါက်တာဇီဝ လွတ်နေသေးသည်။





ဒေါက်တာဇီဝ ရှိနေသရွေ့ အိုမီဂါစီမံကိန်းက ထပ်မံပေါ်လာဦးမည်သာဖြစ်သည်။

သို့သော် သူ ဆက်မလှမ်းနိုင်တော့။

ဒူးများ ညွတ်၍ သဲပေါ် ကျသွားသည်။

ထို့နောက် နောက်ဖက်သို့ ပိုင်းကနဲ ပစ်လဲကျသွားသည်။

သူ ဘယ်လိုမှ မတတ်နိုင်တော့ပေ။

လည်ချောင်းနှင့် အာခေါင်တစ်ခုလုံး ကွဲအက်ခြောက်သွေ့နေပြီ။ သူလဲကျသွားသည်ကို မြင်သောအခါ ကောင်းကင်မှ ဝဲလိုက်လာသော လင်းတများ အောက်ဖက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာကြသည်။

မြေပြင်သို့ ရောက်သောအခါ ခုန်ဆွခုန်ဆွနှင့် အနားကပ်လာကြသည်။ ထို့နောက် ရင်ဘတ်ပေါ်သို့ ခုန်တက်သည်။

သူ မျက်လုံးဖွင့်ကြည့်သည်။

ရှည်လျားတွန့်လိမ်သောလည်တံ၊

အကြည့်ရဆိုးသော မျက်လုံးနက်များ၊

ချွန်ထက်၍ ကောက်ချိတ်ကွေးနေသော နှုတ်သီး၊

အလွန်ဆိုးသော ပုပ်အက်အက်အနံ့ဆိုးများက နှာခေါင်းထဲ တိုးဝင်လာသည်။ လင်းတ,တစ်ကောင်က သူ့မျက်လုံးကို ထိုးဖောက်ရန် အားယူလိုက်သည်။

သူ ရှိသမျှအားကို စုစည်း၍ ရင်ဘတ်ပေါ်မှ လင်းတခြေထောက်ကို ဖမ်းဆွဲလိုက်သည်။

လင်းတ အတောင်ပံ တဖျမ်းဖျမ်း ခတ်၍ ထပျံသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ကောင်ကပါ အလန့်တကြား ထပျံလေရာ သူ့ရင်ဘတ်ပေါ်မှာ ခြေသည်းကုတ်ရာများ ထင်ကျန်တော့သည်။

အတန်ကြာအောင် ငြိမ်နေပြီးမှ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကောင်းကင်ပြင်ပေါ်တွင် ဝဲပျံနေသော လင်းတများ တစ်ကောင်မှ မတွေ့ရတော့ပေ။

သက်ပြင်းတစ်ချက်ချပြီး မျက်နှာကို နေထိုးသဖြင့် တစ်ဖက်သို့ စောင်းလှည့်လိုက်သောအခါ သူ့နံဘေး မြေပြင်ပေါ်တွင် ပတ်ချာဝိုင်း၍ စောင့်ဆိုင်းနေသော လင်းတအုပ်စုကြီးကို မြင်လိုက်ရလေတော့သည်။

သွားပြီ . . ။

အသည်းတစ်ကြိမ်တော့ ဘယ်လိုမှ အသက်ရှင်နိုင်စရာလမ်းမရှိနိုင်တော့ပေ။

ရန်သူများ၏လက်ချက်နှင့် မသေရဘဲ လင်းတစား၍ သေရတော့မည်။

သူ ကြိုးစား၍ ထပ်မံလှုပ်ရှားကြည့်သော်လည်း ဘယ်လိုမှ မတတ်နိုင်တော့ပေ။

သူ ငြိမ်နေစဉ် လင်းတတစ်ကောင်က ခြေထောက်ကို လာဆိတ်ကြည့်သည်။ သူလှုပ်သောအခါ နောက်သို့ ဆုတ်သွားကြသည်။ အတန်ကြာလျှင် လာဆိတ်ကြည့်ပြန်သည်။

သူ လှုပ်လိုက်ပြန်လျှင် ပြန်ဆုတ်သွားလိုက်နှင့် သူ သေမသေကို လာရောက်စမ်းသပ်နေကြသည်။

မတတ်နိုင်တော့။





သူ ကြိုးစား၍ သဲပူပေါ်တွင် ဝမ်းလျားမှောက်ချလိုက်သည်။ မျက်နှာကို လက်မောင်းဖြင့် အပ်ထားလိုက်သည်။

လင်းတတို့၏လှုပ်ရှားသံ၊

အတောင်ပံ တဖျပ်ဖျပ်ခတ်သံများက တစ်စတစ်စ နီးလာကြချေပြီ။

ဒေါက်တာမင်းထင်ကျော် အာရုံမှာ အမှောင်ထု ဖုံးလွှမ်းသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

# အန္တရာယ်နိဂုံး အပြီးမြှုပ်နှာ

အသံတွေက ဝေ့ဝေ့ဝါးဝါး၊

လင်းတများ အတောင်ပံရိုက်သံအပြင် ကားစက်သံ တစ်ခုပါ ကြားရသည်။

ကားစက်သံ အနီးရောက်သောအခါ လင်းတများအုပ်စုလိုက် 'ဝေါ' ကနဲ ထပျံသံကို ကြားရသည်။

ကားတံခါးပိတ်သံ၊

လူတစ်ယောက် ပြေးဆင်းလာသံကို ကြားရသည်။

ဒေါက်တာဇီဝ တစ်ခေါက်ပြန်လှည့်လာလေပြီလား။

☺ အောင်မြင်စာစဉ် ☺

www.burmeseclassic.com

www.burmeseclassic.com



သူပြန်လာပြီး သတ်သွားလျှင်လည်း လင်းတစား၍ တဖြည်းဖြည်း သေရတာနှင့်စာလျှင် အများကြီး သက်သာပေလိမ့်မည်။

"မောင်. . မောင်. . ကိုမင်းထင်ကျော်"

မိမိပခုံးကို လှုပ်ပြီး ခေါ်လိုက်သံ ကြားရသည်။

သဲကန္တာရထဲမှ အိုအေစစ် တွေ့ရသည့်နှယ် ရင်ထဲမှာ စိမ့်ကနဲဖြစ်သွားသည်။ အားတစ်ခု ဝင်လာသည့်နှယ် ခံစားရသည်။ သူ့မျက်နှာလှည့်လိုက်တော့ ကောင်းကင်မှာ နေရောင်ခြည်ပြင်းပြင်းများ မရှိတော့ပေ။

"မောင်. . မောင်. . သတိရပြီလား"

ဖင်မာဝေက သူ့မျက်နှာကို ကိုင်ပြီးမေးသည်။

သူ့မျက်နှာပေါ်မှ မိုးကြည့်နေသော ဖင်မာဝေ့မျက်နှာလေးကို တွေ့လိုက်ရသည်မှာ ငွေလမင်းကို တွေ့လိုက်ရသည့်နှယ် အေးမြလှသည်။

ဖင်မာဝေက သူ့ကို ပွေ့ထူသည်။

ထို့နောက် ရေဗူးကို ဖွင့်ပြီး ပါးစပ်တွေကာ လောင်းထည့်သည်။ အေးမြမှုက လည်ချောင်းမှတဆင့် အသည်းနှလုံးတိုင်အောင် ရောက်သွားတော့သည်။

တမဟုတ်ချင်း ခွန်အားများ ပြန်လည်နိုးကြွလာသည်။

"ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ ဝေ"

"အခု မောင်ရောက်နေတဲ့နေရာက လမ်းမကြီးနဲ့ ကိုက် (၅၀)လောက်ပဲ ဝေးတော့တယ်"





သူမက လမ်းမပေါ်တွင် ရပ်ထားသော ဖီးယက်(၁၂၄) ကားရှိရာသို့ လက်ညှိုးထိုးပြသည်။

ထို့နောက် သူ့ကို ရေဆပ်တိုက်ပြီး မျက်နှာတစိုက်ကို ရေစိုအဝတ်နှင့် တယုတယ သုတ်ပေးသည်။

"ကျွန်မတည်းခိုခန်းမှာ ရှိနေတုန်း သုတေသနစခန်းတစ်ခုလုံး မီးလောင်နေပြီလို့ သတင်းရောက်လာတယ်၊ မောင့်လက်ချက်ဆိုတာ ဝေသိတယ်၊ ဒါကြောင့် ကားမောင်းပြီး ချက်ချင်းလိုက်လာတာ၊ ဟိုရောက်တော့ မာတင်ခွဲခန်း ပြာကျနေပြီ၊ ဒါကြောင့် ဒီဘက်ကို လိုက်လာတာ၊ ကားဘီးရာတွေအတိုင်း လိုက်လာရင်း လင်းတတွေ ဝဲနေလို့ လာကြည့်တာ၊ တော်ပါသေးရဲ့ မောင်ရယ်၊ မသေမပျောက် ပြန်တွေ့ရလို့ ဝေ ဝမ်းသာလိုက်တာ"

ဖင်မာဝေက သူ့မျက်နှာကို ငုံ့နမ်းသည်။

ရင်ထဲမှာ အချိုမြိန်ဆုံး အင်အားတစ်ရပ် တိုးလာသည်။

ထို့နောက် ဖင်မာဝေက သူ့ကို ကားရှိရာသို့ တွဲခေါ်သည်။ အမှန်ပင် သူရောက်နေသောနေရာမှာ ကားလမ်းမကြီးနှင့် သိပ်မဝေးလှတော့ပေ။

ကားပေါ် ရောက်သောအခါ ထိုင်ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်စဉ် ဖင်မာဝေက ကားကို ဖြည်းညင်းစွာ မောင်းထွက်လာခဲ့သည်။

သူ ဒေါက်တာဗီဇနောက်သို့ လိုက်ခဲ့ရာ လမ်းခွဲကို ရောက်လာသောအခါ ဖဲလွှန်မြို့ဘက်သို့ ခွဲထွက်သွားသော ကားဘီးရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို လတ်လတ်ဆတ်ဆတ် တွေ့ရသည်။

"ဖဲလွန်ကို ဘယ်လောက်ဝေးသလဲ ဝေ"

"မိုင်ငါးဆယ်ကျော် အများဆုံးပဲ"

"ကားထဲမှာ ဆီရှိရဲ့လား"

"အပြည့်ပဲ မောင်. . . ဘာလုပ်မလို့လဲဟင်"

"ဖဲလွန်ကို သွားရမယ်"

"မောင် အနားမယူတော့ဘူးလား"

"ကိုယ်ပင်ပန်းတာထက် ဒေါက်တာဇီဝကို မိဖို့ အရေးကြီးတယ်၊ သူလွတ်နေသရွေ့ အန္တရာယ်က ကြီးနေမှာပဲ"

"ဒီလိုဆိုရင် ဖဲလွန်ကို မောင်းမလား"

သူက ခေါင်းညိတ်ပြလိုက်သောအခါ ဇင်မာဝေက ကားကို ဖဲလွန်မြို့ဘက်သို့ ဦးတည်လိုက်သည်။

ကားပေါ်တွင် ဇင်မာဝေကို ပေးထားသော သေနတ်ကို ပြန်ယူ၍ ကျည်စစ်သည်။

ပြီးလျှင် မျက်စိမှိတ်၍ မှိန်းနေလိုက်သည်။

ခေတ္တမျှ မေ့ကနဲ အိပ်ပျော်သွားပြီး ပြန်နိုးလာသောအခါ မီးရောင်များ ထိန်လင်းနေသော ဖဲလွန်မြို့သို့ ဝင်နေပြီ။

မြို့အဝင်တွင် ဓာတ်ဆီဆိုင်တစ်ဆိုင်နှင့် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့သဖြင့် ကားကို ရပ်၍ သူ ကားပေါ်မှ ဆင်းသွားသည်။

ဓာတ်ဆီဆိုင်ထဲမှ ကပြားတစ်ယောက် ထွက်လာသည်။

ထိုသူက ပြုံး၍ နှုတ်ဆက်သည်။





ဒေါက်တာမင်းထင်ကျော်က ဓာတ်ဆီဖြည့်ခိုင်းပြီး ကျသင့်ငွေကို ဒေါ်လာနှင့် ရှင်းပေးလိုက်သည်။

"အကြွေပိုတာ မအမ်းနဲ့တော့"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ခုည လင့်ရိုဇာကားတစ်စင်းများ ဒီမှာဝင်ပြီး ဆီဖြည့်သွားသေးလား"

"လင့်ရိုဇာကား"

ထိုသူက ဆီပိုက်ကိုင်ပြီး စဉ်းစားနေသည်၊

အတန်ကြာမှ. . .

"အင်း. . . လင့်ရိုဇာကားလား ဘာလားတော့ သတိမထားမိလိုက်ဘူး၊ အမိုးဖွင့်ထားတဲ့ ကန္တာရ ကားတစ်စင်းတော့ ညဦးပိုင်းက ဆီဝင်ဖြည့်သွားတယ် ဆရာ"

"ဟို. . ကားမောင်းတဲ့လူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး မဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်"

"သူ ဘယ်ဘက်ကို ထွက်သွားသလဲ"

"ကျွန်တော်ထင်တာတော့ ဒီညအဖို့ တည်းခိုခန်း တစ်ခုခုမှာ သွားနားလိမ့်မယ်ထင်တယ်"

"ကျေးဇူးပါပဲကွာ"

ကားပေါ် တက်ပြီး မောင်းထွက်လာခဲ့ကြသည်။

ကားပေါ်မှာ ဇင်မာဝေကို အကျိုးအကြောင်း ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီရောက်နေလည်း ဒီတစ်ညတော့ ဒီမှာ အေးအေး ဆေးဆေး နေမှာ သေချာတယ်"

"မောင် ဘယ်လိုလုပ်ချင်သလဲ"

"အချိန်မရှိတော့ဘူး . . . ဟော်တယ်တစ်ခုမှာ ခဏဝင် နားကြမယ်၊ မနက်စောစောမှ ဆက်ပြီးလှုပ်ရှားကြရင် ကောင်း မယ်"

"မောင့်သဘောပဲ . . . မောင့်အနေနဲ့ ဒီတစ်ညတော့ ကောင်းကောင်းနားလိုက်တာ ကောင်းမယ်"

သူတို့ ဟော်တယ်တစ်ခုတွင် ဝင်နားကြသည်။

ညစာအနည်းငယ် စားသောက်ပြီး အခန်းထဲ ရောက် သည်နှင့် သူ ချက်ချင်းအိပ်ပျော်သွားခဲ့သည်။

အိပ်ပျော်နေစဉ် အိပ်မက်ထဲတွင် . . .

အိုမီဂါ ပိုးမွှားများ၊

သုတေသန စီမံကိန်းစခန်းမှ မီးတောက်မီးလျှံများ၊

လင်းတကြီးများ၏အော်သံ၊ အတောင်ပံခတ်သံများ ကြောင့် သူ အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

သူ နိုးလာတော့ ညလယ်ပိုင်းပဲ ရှိသေးသည်။

ဇင်မာဝေက သူ့အား ကြင်ကြင်နာနာ ပြုစုပေးသဖြင့် ချက်ချင်းပြန်၍ အိပ်ပျော်သွားခဲ့သည်။

နောက်တစ်ကြိမ် နိုးလာသောအခါ နံနက်လင်းခါနီး အချိန် ဖြစ်နေပြီ။

သည်တစ်ကြိမ် နိုးလာသောအခါ တစ်ကိုယ်လုံး ပေါ့ပါး





လန်းဆန်းနေပြီး အားအင်များ ပြည့်ဖြိုးလျက်ရှိသည်။

ဒဏ်ရာများကို ဇင်မာဝေက ဆေးထည့်၍ ပတ်တီး စည်းပေးသည်။ ဟော်တယ်တွင်းမှာပင် နံနက်ပိုင်း အစားအစာ များနှင့် ကော်ဖီခါးခါးတစ်ခွက်စီ သောက်ပြီး ဟော်တယ်ထဲမှ ပြန်ထွက်ခဲ့ကြသည်။

ဟော်တယ်မှ မထွက်ခွာမီ ဟော်တယ်စာရေးအား 'သည်မြို့တွင် နောက်ထပ် ဟော်တယ်ဘယ်နှစ်ခု ရှိသေးလဲ' ဟု မေးကြည့်ရာ နောက်ထပ်နှစ်ခုရှိကြောင်း သိရသဖြင့် နောက် နှစ်ခုရှိရာသို့ ထွက်ခဲ့သည်။

သည်တစ်ကြိမ်တော့ ဒေါက်တာမင်းထင်ကျော်က ကား ကို ကိုယ်တိုင်မောင်းခဲ့သည်။ ပထမ ဟော်တယ်သို့ ရောက်သော အခါ လင့်ရှိုဘာကား မဆိုထားနှင့် ကားနှင့်တူတာဆိုလို့ တစ်စီး တစ်လေမျှပင် မတွေ့ရပေ။ ဟော်တယ်စာရေး၏ စာရင်း တောင်းကြည့်သောအခါ မသင်္ကာစရာ မတွေ့ရပေ၊

နောက်ထပ်ဟော်တယ်တစ်လုံးသို့ ရောက်သောအခါ ဟော်တယ်ရှေ့တွင် ရပ်ထားသော လင့်ရှိုဘာကားကို လှမ်းမြင်ရ သည်။

ဟော်တယ်ဝင်ပေါက်ရှေ့ဘက် ကျောက်ခင်းလမ်းပေါ် တွင် ကားက ရပ်ထားသည်။

ကားထဲသို့ အရပ်ရှည်ရှည်လူတစ်ယောက်က ငုံ့ကြည့် နေသည်။ ဒေါက်တာမင်းထင်ကျော်က ကားကို နောက်တရက် ရပ်ပြီး ကားပေါ်မှ ဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကားစက်ကို နှိုးထားပြီး အဆင်သင့်စောင့်နေ"

သူတို့ကားစက်သံ ကြားသည်နှင့် ဒေါက်တာဇီဝက လှည့်ကြည့်သည်။ ဒေါက်တာမင်းထင်ကျော်ကို မြင်လိုက်သည်နှင့် အံ့ဩတုန်လှုပ်သွားဟန်ရှိသည်။

ခေတ္တမျှကြောင်နေပြီးမှ ခါးမှ လူဂါသေနတ်ကို ထုတ်ပြီး လှမ်းပစ်သည်။ ဒေါက်တာမင်းထင်ကျော်က လှိမ့်ရှောင်သည်။

တစ်ချက်၊ နှစ်ချက်၊ သုံးချက်။

သူ လမ်းဘေးတွင် ရပ်ထားသော ကားတစ်စီးရှိရာသို့ ပြေးကပ်သည်။ ကျည်ကွယ်မျက်ကွယ်ဖြစ်သွားသည်။

နောက်တစ်ချက် ကျည်ဆန်သံ ကြားရပြီး ကားနံဘေးမှ မှန်များ အစိတ်စိတ်အမွှာမွှာ ကွဲကုန်သည်။

ဒေါက်တာဇီဝ ကားပေါ် တက်ပြီး စက်နှိုးသည်။

သူ့ဘေးသို့ ဇင်မာဝေ ရောက်လာသည်။

ကားပေါ်သို့ ချက်ချင်းတက်သည်။

ဒေါက်တာဇီဝက မြို့ပြင်ဘက်သို့ ဦးတည်ကာ တရကြမ်း မောင်းထွက်သွားသည်။

သူ ကားမောင်းသူနေရာ ပြောင်းထိုင်ပြီး ဖီးယက်ကားကို 'ဝုန်း' ကနဲ မောင်းလိုက်သည်။

သေနတ်သံများကြောင့် ဟော်တယ်တွင်းမှ လူများ ထွက်ကြည့်ကြသည်။ ၎င်းတို့အား ဂရုမစိုက်အားတော့။

ကားကို အရှိန်မြှင့်သည်ထက်မြှင့်၍ မောင်းလိုက်ရာ ရှေ့မှ ကားကို လမ်းသုံးလမ်း အကွာအဝေးလောက်တွင် မီလာ





သည်။

မြို့ထဲတွင် စက်ကုန်ဖွင့်၍ အလုအယက် မောင်းနေသော ကားနှစ်စီးကို လမ်းသွားလမ်းလာများက အလန့်တကြား ဖယ်ပေးကြသည်။ မျက်နှာချင်းဆိုင်မှလာသော ကားများ၊ ယာဉ်များဆိုလျှင် လမ်းဘေးသို့ ထိုးဆင်းသွားကြသည်။

မကြာမီ မြို့ပြင်ထွက်လာသည်။

မြေသားလမ်းဖြစ်သောကြောင့် ဖုန်လုံးကြီးများ ထလာသည်။ ရှေ့ဘက်တွင် နေလုံးကြီးကလည်း ထွက်စပြုနေပြီ။

မြို့ပြင်ရောက်လာလေလေ. . .

လမ်းက ဆိုးသည်ထက် ဆိုးလာတော့သည်။

ကျောက်တုံးကျောက်ခဲများအပေါ် မောင်းရသဖြင့် ကားက လူးလှိမ့်နေတော့သည်။

ဖုန်လုံးကြီးများကြားဝယ် ရှေ့မှ သွားနေသော သင့်ရိုဗာကားနှင့် နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေသည်။

အတန်ကြာသောအခါ လင့်ရိုဗာကား မြင်ကွင်းမှ ပျောက်သွားပြီး ကျောက်တုံးကြီးတစ်တုံးကို ကျော်ပြီး ကွေ့တစ်ခုသို့ ရောက်သောအခါ သဲပွက်ထဲမှာ ကားဘီးနစ်နေသော လင့်ရိုဗာကားကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။

သူမောင်းလာသောကားကို ရှေ့မှကားနှင့် ကိုက်နှစ်ဆယ်မျှ အကွာအဝေးတွင် ရပ်လိုက်သည်။

"မင်း ကားပေါ်မှာပဲနေ၊ သူက ဉာဏ်သုံးပြီး ဒီကားဆီ ရောက်အောင်လာလိမ့်မယ်၊ ရော့. . . ဒီသေနတ်ကို ယူထား၊



www.burmeseclassic.com

www.burmeseclassic.com



ကပ်လာရင် ပစ်သာပစ်လိုက်"

"မောင် သတိထားနော်"

ဒေါက်တာမင်းထင်ကျော် ခေါင်းညိတ်ပြပြီး ကားတံခါး ဖွင့်ပြီး အောက်သို့ လိုမ့်ချသည်။

ဒေါက်တာဇီဝက လူဂါသေနတ်ကို တံခါးဘောင်ပေါ် တင်ပြီး အဆင်သင့် စောင့်နေသည်။

"မင်း ငါ့ကို အသက်ရှင်လျက်နဲ့ ဘယ်တော့မှ မရဘူးကွ" ဟု လှမ်းအော်သည်။

သည်အတိုင်း ရှေ့တိုးသွားလို့ကတော့ ကိုယ့်လူဂါ သေနတ်နှင့် ပြန်မပစ်ခံရမှာ သေချာသည်။

ဘေးတစ်ဖက်တစ်ချက်သို့ အကဲခတ်ကြည့်လိုက်သည်။

ကားနှစ်စီးစလုံး၏ဝဲဘက်တွင် ကျောက်တုံးကြီးများ ရှိသည်။ ၎င်းကျောက်တုံးများနောက်သို့ ရောက်အောင်ပြေးနိုင်လျှင် မိမိအတွက် အခွင့်အလမ်း သာနိုင်သည်။

ဒေါက်တာဇီဝက ကားရှေ့ပိုင်းသို့ နေရာရွှေ့သည်။

ထိုလျှပ်တပြက် အခွင့်ကောင်းကို ယူကာ ကျောက်တုံးကြီးတစ်တုံးနောက်သို့ လိမ့်ဝင်လိုက်သည်။

ကျောက်တုံးအကွယ်မှ လှမ်းကြည့်လိုက်တော့ ဒေါက်တာဇီဝက ဒေါက်တာမင်းထင်ကျော်အား လိုက်ရှာနေသည်။

သူပျောက်သွားသဖြင့် ဂနာမငြိမ်ဖြစ်သွားသည်။

လူဂါကို တင်းတင်းဆုပ်ထားပြီး ကျီးကန်းတောင်းမှောက် လိုက်လံရှာဖွေနေတော့သည်။





"ဟေ့. . . စုံထောက်စုတ်၊ မင်းထွက်ခဲ့စမ်း၊ ဒီနေ့ မင်းနဲ့ ငါနဲ့ နောက်ဆုံးစာရင်းရှင်းရမယ့်နေ့ပဲဟေ့၊

မင်းဟာ ငါ့ရဲ့ရည်မှန်းချက်တွေ စီမံကိန်းတွေကို ပျက်စီးအောင် ဖျက်တယ်၊ မင်းကို အရှင်မထားဘူး၊

ငါ့လက်နဲ့ သတ်ရမှ အေးမယ်ဟေ့"

ဒေါသတကြီး အော်ဟစ်ပြောဆိုရင်း သူ့ကို လိုက်ရှာနေသည်။

ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးနောက်မှ ထွက်၍ အထက်သို့ နေရာရွှေ့သည်။ ဒေါက်တာဇီဝနှင့် ဆယ်ကိုက်မျှ ဝေးသောနေရာသို့ ရောက်လာသည်။

သူ့အနီးမှ ကျောက်တုံးတစ်တုံးကို ကောက်ယူပြီး ဆုပ်ကိုင်ထားလိုက်သည်။

တဖြည်းဖြည်းနှင့် ဒေါက်တာဇီဝ အပေါ်ပိုင်းရှိ ကျောက်တုံးအကွယ်သို့ ရောက်သွားသည်။

ဒေါက်တာဇီဝကတော့ ဖီးယက်ကားရှိရာကို သဲကြီးမဲကြီး ကြည့်နေဆဲပင်၊

သူ ကျောက်တုံးဖြင့် လင့်ရိုဗာကားနောက်ကို ဒုံးကနဲ ပစ်လိုက်သည်။

ဒေါက်တာဇီဝက ထိုဘက်သို့ လှည့်ကာ သေနတ်ဖြင့် ပစ်သည်။ ထိုအခွင့်ကောင်းကို ယူကာ သူ ဒေါက်တာဇီဝအပေါ်သို့ ခုန်ချလိုက်သည်။

ဒေါက်တာဇီဝလက်ထဲမှ လူဂါသေနတ် လွင့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှစ်ယောက်သား လဲပြိုနေရာမှ ပြိုင်တူထသည်။

သူ အထထတွင် ဒူးတစ်ဖက် ညွတ်ကျသွားသည်။

ခြေကျင်းဝတ် ကျောက်တုံးတစ်တုံးဖြင့် ဆောင့်မိသွားသည်။ သူ့လူဂါကို ရှာသည်။

မလှမ်းမကမ်း သဲထဲတွင် စိုက်ဝင်နေသည်။

ဒေါက်တာဇီဝကလည်း လှမ်းမြင်သည်။

သို့သော် ဒေါက်တာမင်းထင်ကျော် ခြေထောက်ထိသွားသည်ကို သိပြီး သဘောကျစွာ ပြုံးလိုက်သည်။

"ခုတော့ လူစွမ်းကောင်းကြီး ဘာတတ်နိုင်သေးလဲ"

ရုတ်တရက် ဒေါက်တာမင်းထင်ကျော်က ခုန်၍ ဒေါက်တာဇီဝကို ခုန်အုပ်လိုက်သည်။

ရင်ဘတ်ကို ခေါင်းနှင့် ဆောင့်လိုက်သည်။

နှစ်ယောက်စလုံး သဲထဲ လဲကျသွားပြန်သည်။

သူ့လက်သီးက ဒေါက်တာဇီဝမျက်နှာသို့ ထိသွားသလို ဒေါက်တာဇီဝ လက်နှစ်ဖက်ကလည်း သူ့လည်ပင်းကို အားကုန်ညှစ်ရန် ကြိုးစားရင်း နှစ်ယောက်သား ကားဘေးသို့ ရောက်သွားသည်။

ဒေါက်တာဇီဝလက်က မြဲလှသည်။

သူ အားကုန်သုံး၍ မျက်နှာကို နောက်တစ်ချက်ထိုးသည်။ ကားဘေးသို့ လဲကျသွားသည်။

သို့သော် ချက်ချင်းပြန်ထလာသည်။

သူ့လက်ထဲတွင် သဲတူးသည့် ဂေါ်ပြားတစ်လက် ပါလာ





သည်။ သူ့ကို ပြေးရိုက်သည်။

လိမ့်ရှောင်လိုက်သဖြင့် ဂေါ်ပြားက သဲထဲ နှစ်ဝင်သွားသည်။

ဂေါ်ပြားကို ပြန်နှုတ်နေစဉ် သူက ခြေထောက်ကို ဆောင့်ကန်လိုက်ရာ လဲကျသွားသည်။

သူ လဲနေရာက ထရပ်သည်။

ဒေါက်တာဇီဝကလည်း ဂေါ်ပြားကိုင်ပြီး ထရပ်လာသည်။ ဂေါ်ပြားနှင့် စလွယ်သိုင်း ဝင်ရိုက်သည်။

နောက်သို့ ကိုယ်ရို့၍ ရှောင်၍ ရှေ့သို့ ခြေတစ်လှမ်းတိုးဝင်ကာ ဒေါက်တာဇီဝကို ခါးစောင်းတင်ပြီး ကိုင်ပေါက်သည်။

သဲပြင်ပေါ် ဘုံးကနဲ လဲကျသွားကာ ဂေါ်ပြားလည်း လွတ်ကျသွားသည်။

ဒေါက်တာဇီဝ ဖွဲကောင်းလှသည်။

ပြန်ထလာသောအခါ ဒေါက်တာမင်းထင်ကျော်၏ လက်စွဲတော် ယူဂို ခေါ် ဓါးမြှောင်က ပြောင်လက်စွာ ပါလာသည်။

ကားထဲမှ ပြန်ထွက်ရန် ကိုယ်ကို လှည့်လိုက်စဉ် ဒေါက်တာမင်းထင်ကျော်က ပြေးသွားပြီး တံခါးကို ဆောင့်ကန်လိုက်ရာ ကားဘောင်နှင့်တံခါးဘောင်ကြားဝယ် ဒေါက်တာဇီဝဦးခေါင်းမှာ ညှပ်ပြီး အုန်းသီးတစ်လုံးခွဲသလို ကွဲသွားလေတော့သည်။

ကားတံခါး ပြန်ဖွင့်လိုက်သောအခါ အောက်သို့ ဖောက်ထိုးပြုတ်ကျလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတစ်ခုလုံး ကွဲကာ သွေးများ စီးကျနေတော့သည်။ ဒေါက်တာဇီဝ မလှုပ်နိုင်တော့။

အသက်ပျောက်သွားပြီဖြစ်၏။

ဒေါက်တာမင်းထင်ကျော် ဒေါက်တာဇီဝ ကိုယ်ပေါ်မှ ကတ်ပြားကို ဖြုတ်ယူပြီး နေရာမှ ထသည်။

ထိုအခိုက် ဇင်မာဝေအနား ရောက်လာသည်။

"မောင်. . မောင်ဘာဖြစ်သွားသေးလဲဟင်"

သူမက စိုးရိမ်စွာ မေးသည်။

"ဘာမှမဖြစ်ပါဘူး ဝေ"

ဇင်မာဝေက သဲထဲမှ ယူဂိုမ်းမြောင်နှင့် လူဂါသေနတ်ကို ပြန်ကောက်ပေးသည်။

ထို့နောက် ဇင်မာဝေက ဒေါက်တာမင်းထင်ကျော်ကို တွဲ၍ ကားဆီသို့ ခေါ်လာသည်။

"အင်း. . . မင်းဒီလိုသာ ကိုယ့်အနားမှာ အဖော်လုပ်နေရင် နောက်ဆိုရင် ကိုယ်တစ်ယောက်ထဲ သွားတတ်တော့မှာ မဟုတ်တော့ဘူး"

သူမက ချစ်စဖွယ် ပြုံးသည်။

"အခု ပြီးသွားပြီဆိုတော့ ဘယ်ကိုသွားကြမလဲ မောင်"

"မိုင်းပွန်ကို မောင်းရင် ဘယ်လောက်ကြာမလဲ"

"တစ်ရက်နှစ်ရက်တော့ ကြာမှာပေါ့၊ ဘာဖြစ်လို့ မေးတာလဲဟင်"

"ဒီထက်ကြာကြာမောင်းလို့ မရဘူးလား"





"ဘာ. . ဘာဖြစ်လို့လဲဟင်"

ဇင်မာဝေက နားမလည်စွာ မေးသည်။

"မိုင်းပွန်ကို ရောက်တာနဲ့ အမှတ်(၁)ဆီကို အစီရင်ခံစာ သတင်းပို့ရမယ်၊ ဒါဆိုရင် ကိုယ် ရန်ကုန်ကို ချက်ချင်းပြန်ရမှာ၊ အဲဒီအချိန်ကျရင် ဝေနဲ့ အခုလို လွတ်လွတ်လပ်လပ် နေခွင့်ရတော့မှာ မဟုတ်တော့ဘူး"

သည်တော့မှ ဇင်မာဝေက သဘောပေါက်သွားဟန်ဖြင့် ရှက်ပြုံးလေးတစ်ချက် ပြုံးလိုက်သည်။

"မောင် ဒီကနေ မိုင်းပွန်ကို ဘယ်နှစ်ရက် မောင်းစေချင်လို့လဲပြော"

"ကြာလေကောင်းလေပဲ. . . ကိုယ် သိပ်ပင်ပန်းနေပြီ၊ မင်းရဲ့ပြုစုယုယတာလေးတွေကို ခံချင်သေးတယ်၊ နောက်ပြီး ဒဏ်ရာတွေကလည်း ရထားတာဆိုတော့ လမ်းကြမ်းကြမ်းမှာ ကားမြန်မြန်မောင်းရင် မခံနိုင်ဘူး ဝေ"

"သဘောပေါက်ပါပြီ. . . ဟုတ်ပါတယ်၊ ဒီကားတွေကလည်း သုံးတာ ကြာပြီဆိုတော့ သိပ်ကြမ်းကြမ်းမောင်းလို့ မကောင်းမှန်း ကျွန်မသိပါတယ်၊

ဟင်း. . . သူသိပ်လည်တာပဲ"

နှစ်ယောက်သား ကြည်နူးစွာ ရယ်မောလိုက်ကြသည်။

ကားထွက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က ဒေါက်တာဇီဝ ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ကားနံဘေးတွင် အသက်ပျောက်နေသော ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဓိဝကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။

အတတ်ပညာ တော်သော်လည်း အတွေးချော်ခဲ့ပြီး အတတ်ပညာကို လွဲမှားစွာ အသုံးချခဲ့သော ပညာရှင်တစ်ယောက်အတွက် နှမြောမိသော်လည်း မတတ်သာတော့ပေ။

မကြာမီ. . .

ဒေါက်တာမင်းထင်ကျော်နှင့် ဇင်မာဝေတို့နှစ်ယောက်ကို တင်ဆောင်လာသော ဖီးယက်(၁၂၄)ကားလေးသည် မိုင်းပွန်သို့ ဦးတည်၍ မောင်းနှင်လျက်ရှိပေတော့သည်။

ချစ်သူနှစ်ဦးတို့၏ဘဝခရီးလမ်းမှာလည်း ဖြောင့်ဖြူးသာယာလျက်ရှိပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မိစ္ဆာပိုးရန်စွယ်) အမည်ရှိ လျှို့ဝှက်စွန့်စား ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သည်။

အနိယာဟော တုသခိအတ္တာနံ ပရိဟရန္တု။

ကြိုးကြာ (၅)

အောင်မြင်စာပေ

